# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်　　၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၅ ရက်၊ တနင်္ဂနွေနေ့　　အတွဲ (၅၉)၊ အမှတ် (၂၇၆)


## အစိုးရနှင့် NCA- S EAO ကိုယ်စားလှယ်များ၏ ပဉ္စမအကြိမ် အလုပ်အဖွဲ့အစည်းအဝေး ဆက်လက်ကျင်းပ

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးနှင့်ပတ်သက်၍ ဆောင်ရွက်သွားမည့်အစီအစဉ်များကို ဆွေးနွေးနိုင်ခဲ့

ရန်ကုန် ဇူလိုင် ၄

အစိုးရ ကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ကိုယ်စားလှယ်များ (NCA – S EAO)၏ ပဉ္စမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)တွင် ဆက်လက်ကျင်းပခဲ့ပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးနှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးနိုင်ခဲ့သည်။

အစည်းအဝေးသို့ အစိုးရ ကိုယ်စားလှယ်များအဖြစ် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊

စာမျက်နှာ ၄ ကော်လံ ၁ ❖



အစိုးရကိုယ်စားလှယ်များနှင့် NCA – S EAO တို့၏ ပဉ္စမအကြိမ် အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။　　ဓာတ်ပုံ – ဖိုးထောင်

## ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာအလုပ်သမား ၄၁ ဦး ကော့သောင်းမြို့တွင် အသွားအလာ ကန့်သတ်စောင့်ကြည့်ထားရှိ



ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကော့သောင်းမြို့သို့ ပြန်လည်ရောက်ရှိလာစဉ်။

ကော့သောင်း ဇူလိုင် ၄

တနင်္သာရီတိုင်းဒေသကြီး မြန်မာရွှေ့ပြောင်းအလုပ်သမားများ စိစစ် လက်ခံရေးနှင့် နေရပ်ပြန်လည်ပို့ဆောင်ရေးကော်မတီ၏ ကြီးကြပ်ညှိနှိုင်းမှုဖြင့် နေရပ်ပြန်မြန်မာ အလုပ်သမား အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၄၁ ဦး ဇူလိုင် ၃ ရက် ညနေပိုင်းက ထိုင်းနိုင်ငံတောင်ပိုင်း ရနောင်းမြို့မှတစ်ဆင့် မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ ရေလမ်းခရီးဖြင့် ပြန်လည်ဝင်ရောက်လာခဲ့ကြရာ ယနေ့အထိ ကော့သောင်းနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမား ၉၇၉ ဦးရှိပြီ ဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသည့် အလုပ်သမားများအား ကော့သောင်းခရိုင်နှင့် မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများက

စာမျက်နှာ ၃ ကော်လံ ၅ ❁

### မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄-၇-၂၀၂၀

| | |
|---|---|
| မော်လမြိုင်မြို့ | ၅ ဒသမ ၉၀ လက်မ |
| ပေါင်မြို့ | ၄ ဒသမ ၉၂ လက်မ |
| ရေးမြို့ | ၄ ဒသမ ၈၈ လက်မ |
| လောင်းလုံးမြို့ | ၄ ဒသမ ၆၅ လက်မ |
| မာန်အောင်မြို့ | ၄ ဒသမ ၅၃ လက်မ |
| ကျိုက္ခမီမြို့ | ၄ ဒသမ ၅၃ လက်မ |
| ချောင်းဆုံမြို့ | ၄ ဒသမ ၄၅ လက်မ |
| မုဒုံမြို့ | ၄ ဒသမ ၂၉ လက်မ |
| ဇန်းမော်မြို့ | ၃ ဒသမ ၉၄ လက်မ |
| ကျိုက်မရောမြို့ | ၃ ဒသမ ၉၀ လက်မ |
| ကျောက်မဲမြို့ | ၃ ဒသမ ၈၂ လက်မ |
| မချမ်းဘောမြို့ | ၃ ဒသမ ၇၄ လက်မ |
| သာယာဝတီမြို့ | ၃ ဒသမ ၇၀ လက်မ |
| မိုးညှင်းမြို့ | ၃ ဒသမ ၄၆ လက်မ |


မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ရယူသုံးစွဲ လုပ်ကိုင်နိုင်ရေး　စာ ၆

လူမှုစီးပွားဖွံ့ဖြိုးဖို့ သမဝါယမကို အားပေးစို့　စာ ၁၀

စပိန်နိုင်ငံသည် အီးယူအဖွဲ့ဝင် မဟုတ်သည့် နိုင်ငံ ၁၂ နိုင်ငံအတွက် နယ်စပ်တံခါးများ ဖွင့်လှစ်ပေး　နိုင်ငံတကာ　စာ ၁၂

မြန်မာ့အလင်း

# ခေါင်းဆောင်ကောင်းတို့၏ အမြော်အမြင်

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းတွင် ကျောင်းသားခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ တပ်မတော်ခေါင်းဆောင်၊ အမျိုးသားခေါင်းဆောင် ဟုဆိုလျှင် ကိုအောင်ဆန်း၊ သခင်အောင်ဆန်း၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးအောင်ဆန်းကို မြင်ကြ၏။

ဦးအောင်ဆန်းသည် လက်နက်ကိုသာ အင်အားဟု ရှုမြင်မှတ်ထင်သည့် အကြမ်းဖက်အင်အားစု၏ လုပ်ကြံမှုကြောင့် အသက်သုံးဆယ့်နှစ် ကျော်ကျော်သာရှိသည့် ငယ်ရွယ်လှသေးသော အရွယ်တွင် ကျဆုံးခဲ့ရရှာသည်။

သူ၏ နိုင်ငံရေးလှုပ်ရှားမှုသက်တမ်း၊ တစ်နည်းအားဖြင့်ဆိုလျှင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး အမျိုးသားလွတ်မြောက်ရေးလှုပ်ရှားမှုသက်တမ်းမှာ စုစုပေါင်းမှ ဆယ်နှစ် စွန်းစွန်းသာရှိသည်ဟု ဆိုရပါမည်။ သည်မျှ တိုတောင်းလှသော ကာလအတွင်း၌ အောင်မြင်ပေါက်ရောက်ခဲ့သည့် လွတ်လပ်ရေးနိုင်ငံနှင့် ပြည်သူလူထုအရေး အလုပ်ရလဒ် အမြောက်အမြားကို ဂုဏ်ယူလေးမြတ် ရိုသေဖွယ်တွေ့ရပါမည်။ သူ၏ အမြော်အမြင်ကြီးမှု၊ သူ၏ ရဲရင့်မှု၊ သူ၏ ဆုံးဖြတ်နိုင်စွမ်း၊ သူ၏ ပြည်သူလူထုအပေါ် လွှမ်းမိုးနိုင်မှု၊ သူ၏ လုံ့လဝီရိယအားလုံးတို့မှာ အံ့မခန်း ဖြစ်ချေ၏။

သူသည် မြန်မာ့လွတ်လပ်ရေးအတွက်အင်အားကို မြန်မာပြည်သူလူထုအတွင်းကပင် တည်ဆောက်ရယူခဲ့သူဖြစ်သည်။ ထိုအင်အားကိုလည်း မေတ္တာကိုအခြေခံ သစ္စာကို ကျားကန်ကာ တည်ဆောက်ခဲ့ခြင်းဖြစ်၏။

၁၉၄၇ ဧပြီ က နတ်မောက်မြို့ ဒီပင်္ကရာကျောင်းဝိုင်းအတွင်း ကျင်းပသည့် လူထုအစည်းအဝေးကြီးတွင် ပြောသည့်-“..ကျုပ်က မေတ္တာနှင့် သစ္စာကို ရှေ့ထားပြီး အုပ်ချုပ်မယ်။ တကယ်လို့ ကောင်းတယ် မှန်တယ်ထင်လို့ ရှိရင် အသက် စွန့်ရဲတယ်။ ...ရဲရဲရင့်ရင့်သစ္စာ သမာဓိနှင့်လုပ်လျှင် အောင်မြင်မှာပဲ။ ...” ဟူသည့် စကားများက သူ၏ဖြူစင်လှသော အတွင်းမနေ့ာကို ဖော်ပြနေသည်။

သည့်မတိုင်မီ ၁၉၄၆ ဇန်နဝါရီက ရွှေတိဂုံစေတီတော် အလယ်ပစ္စယာတွင် ဖဆပလအဖွဲ့ချုပ်ကကြီးမှူးပြုလုပ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပြည်သူ့ညီလာခံသဘင် မိန့်ခွန်း၌ မြန်မာနိုင်ငံသားတို့သည် များသောအားဖြင့် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြသဖြင့် အခြားဘာသာဝင်များကို မထိခိုက်စေဘဲ ပြောလိုသည်မှာဟု အစချီကာ-“... ယခု သံဃာတော်အရှင်မြတ်များအား သီးခြား၍ လျှောက်ထားလိုပါသည်ဘုရား၊ ... အရှင်ဘုရားတို့က သာသနာတော်ရောင် ထွန်းပြောင်အောင် အားထုတ်တော်မူကြပါ၊ သို့မှသာလျှင် ကမ္ဘာသူ ကမ္ဘာသားတို့ မေတ္တာတရားပွားများ၍ သမစိတ္တနှင့် ညီရင်းအစ်ကို၊ မောင်ရင်းနှမကဲ့သို့ နေနိုင်ကြပါလိမ့်မည်။ အရှင်မြတ်များကို ဘုရားတပည့်တော်တို့ ကိုးကွယ်ဆည်းကပ်ပါသည်။ ... ဤကဲ့သို့သော ဆောင်ရွက်မှုသည် သာသနာတော်ဘက်ကသာကြည့်၍ မြင့်မြတ်သည်မဟုတ်ပါ။ တပည့်တော်တို့၏ နိုင်ငံနှင့်လူမျိုးအတွက် အမြင့်မြတ်ဆုံးသော နိုင်ငံရေးကိုဆောင်ရွက်ရာလည်း ရောက်ပါသည်ဘုရား။ တပည့်တော်တို့ နိုင်ငံအရပ်ရပ်သို့ ကြွရောက်တော်မူပြီးလျှင် မေတ္တာတရား ညီညွတ်ရေးတရားများကို ဟောတော်မူကြပါ။ မြင့်မြတ်သော လွတ်လပ်ရေးဆိုရာမှာ လွတ်လပ်စွာ ဘာသာတရားကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ကာလဒေသမရွေး ဟောပြောနိုင်မှု၊ ကြောက်ရွံ့စိုးရိမ်ပူပန်ခြင်းမှ ကင်းလွတ်မှု၊ လူအ လူန ဘဝမှ လွတ်မြောက်မှု စသည်တို့ ဖြစ်ပါသည်။

အရှင်သူမြတ်တို့သည် သုံးလူ့ထွတ်ထားမြတ်စွာဘုရား ဩဝါဒပေးတော်မူခဲ့သည့်အတိုင်း အပ္ပမာဒေန သမ္ပာဒေထ၊ မမေ့မလျော့ဘဲ အစဉ်ထာဝရ အားထုတ်ကြဖို့ တပည့်တို့ ဗမာလူမျိုးတစ်မျိုးလုံးကို ဆုံးမတော်မူပါဘုရား။” အစရှိသည်ဖြင့် ဟောပြောခဲ့ပေသည်။ ယင်းစကားများကိုကြည့်လျှင် ဖဆပလ ဥက္ကဋ္ဌ အမျိုးသားခေါင်းဆောင်ကြီး ဦးအောင်ဆန်း၏ မေတ္တာတရား၊ ညီညွတ်ရေး၊ မျှတမှု စသည်တို့က မြင့်မြတ်သည့် အမြော်အမြင်ဖြစ်ပေသည်။ သူ၏ လွတ်လပ်ရေးနှင့်ဒီမိုကရေစီ၏ အနှစ်သာရပေါ် မျှော်လင့်ထားရှိသည့် သဘောထားက မြန်မာနိုင်ငံ၏ အနာဂတ်လမ်းညွှန်ချက်ကဲ့သို့ပင် ဖြစ်ပေသည်။

အမြော်အမြင်ကြီးသော၊ ရင့်ကျက်သော၊ စိတ်စေတနာဖြူစင်သော၊ မေတ္တာတရားကို အခြေခံသော အာဇာနည်ခေါင်းဆောင်ကြီး၏ လမ်းညွှန်ချက်တို့ကို လိုက်နာလျှောက်လှမ်းကြခြင်းဖြင့် ငြိမ်းချမ်းသာယာတိုးတက်သည့် နိုင်ငံအဖြစ်သို့ ရောက်ရမည်ဟု ယုံကြည်မိပါသတည်း။ ။

## ဘူမိဖသဃမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း (၁) နှင့် ပလ္လင်တော်အပိုင်း (၄) တင်ဆောင်လာသော သင်္ဘောဖောင်တော် ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိ

မြင်းခြံ ဇူလိုင် ၄

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖသဃမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း(၁) စကျင်ကျောက်တော်ကြီးနှင့် ပလ္လင်တော်အပိုင်း (၄) စကျင်ကျောက်တော်ကြီး တင်ဆောင်လာသော သင်္ဘောဖောင်တော် ဆီမီးခုံဆိပ်ကမ်းသို့ ယနေ့ မွန်းလွဲ ၁ နာရီက ရောက်ရှိခဲ့သည်။ (ယာပုံ)



အဆိုပါ သင်္ဘောဖောင်တော်ပေါ်ရှိ ဘူမိဖသဃမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပလ္လင်တော်အပိုင်း (၁) စကျင်ကျောက်တော်ကြီးနှင့် ပလ္လင်တော်အပိုင်း(၄) စကျင်ကျောက်တော်ကြီး သယ်ဆောင်လာခဲ့မှုများ၊ ပလ္လင်တော် စကျင်ကျောက်တော်ကြီးများ ခေတ္တကိန်းဝပ်စံပယ်တော်မူမည့် နေရာများကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်(ရေ)ဗိုလ်မှူးကြီး တင်အောင်ဆန်းနှင့် အရာရှိကြီးများက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပလ္လင်တော်အပိုင်း(၁) စကျင်ကျောက်တော်ကြီးမှာ တန်ချိန် ၆၈၄ တန်ခန့်ရှိပြီး ပလ္လင်တော်အပိုင်း (၄) စကျင်ကျောက်တော်ကြီးမှ တန်ချိန် ၆၃၈ တန်ခန့်ရှိကြောင်း သိရှိရသည်။

ဆက်လက်၍ ဇူလိုင် ၅ ရက်တွင်လည်း ၃၆၅ တန်ခန့်ရှိ စကျင်ကျောက်တော်ကြီး အပိုင်း (၃) နှင့် ၃၆၅ တန်ခန့်ရှိ စကျင်ကျောက်တော်ကြီးများလည်း ဆက်လက် ဆိုက်ကပ်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်စွာ(မြင်းခြံ)**

## ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများအတွက် တတိယအကြိမ် ကယ်ဆယ်ရေးလေယာဉ်ပြေးဆွဲနိုင်ရေး ညှိနှိုင်းဆောင်ရွက်မည်

ရန်ကုန် ဇူလိုင် ၄

ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများမှ တတိယအကြိမ် ကယ်ဆယ်ရေးလေယာဉ်စီစဉ်ပေးနိုင်ရန် လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများ တင်ပြချက်အရ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြန်မာသံရုံးမှ All Nippon Airways (ANA) ရုံးချုပ်မှ တာဝန်ရှိသူများနှင့် တတိယအကြိမ် ကယ်ဆယ်ရေးလေယာဉ်ပြေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုကျိုမြို့ရှိ မြန်မာသံရုံးမှ ဇူလိုင် ၁ ရက်က အသိပေးထုတ်ပြန်ချက်အရ သိရ သည်။

တတိယအကြိမ်ကယ်ဆယ်ရေးလေယာဉ်တွင် ဒုတိယအကြိမ် ကယ်ဆယ်ရေးလေယာဉ်အတွက် စာရင်းပေးထားခဲ့သူများတွင် နေရာအနေအထားအရ ကျန်ရစ်ခဲ့သူများ၊ ဂျပန်နိုင်ငံတွင် အမှန်တကယ် အခက်အခဲတွေ့ကြုံနေရသူများနှင့် အချက်အလက်ပြည့်စုံသူများ လိုက်ပါနိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တတိယအကြိမ် ကယ်ဆယ်ရေးလေယာဉ်ဖြင့် လိုက်ပါလိုသူများ၏ အချက်အလက်များကို မြန်မာသံရုံးမှ ထုတ်ပြန်တောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဇွန် ၂၆ ရက်က ဒုတိယအကြိမ် ကယ်ဆယ်ရေးလေယာဉ်ဖြစ်သည့် All Nippon Airways ( ANA)၏ လေယာဉ်ပျံသန်းအမှတ် NH 813 ဖြင့် မြန်မာနိုင်ငံသား ၁၇၉ ဦးကို ဂျပန်နိုင်ငံမှ ခေါ်ဆောင်ခဲ့သည်။

**အောင်သူရ**



## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် သမဝါယမအသင်းများတွင် အထူးဈေးရောင်းပွဲကျင်းပ

လှိုင်သာယာ ဇွန် ၄

(၉၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရမ်းမြို့နယ်၊ ဒေါပုံမြို့နယ်နှင့် လှိုင်သာယာမြို့နယ်များရှိ သမဝါယမအရောင်းဆိုင်များတွင် အထူးဈေးရောင်းပွဲ ကို ကျင်းပရာ ဝယ်ယူသည့်ပစ္စည်းအပေါ် ၂ ရာခိုင်နှုန်း၊ ၅ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၅၀ ရာခိုင်နှုန်း ဈေးလျှော့ပေးခြင်း၊ အပိုလက်ဆောင်ပစ္စည်းများပေးခြင်းများဖြင့် ရောင်းချပေးလျက်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

## သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်အတွင်းရှိ (တတိယ)အကြိမ် အင်းလေလံနှင့် (ဒုတိယ)အကြိမ် အိတ်ဖွင့်တင်ဒါ ရောင်းချ

လက်ပံတန်း ဇူလိုင် ၄

၂၀၂၀-၂၀၂၁ လုပ်ငန်းရာသီနှစ်အတွက် သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်အတွင်းရှိ (တတိယ)အကြိမ် အင်းလေလံနှင့်(ဒုတိယ)အကြိမ် အိတ်ဖွင့်တင်ဒါ ရောင်းချခြင်းအခမ်းအနားကို ဇူလိုင် ၃ ရက်က လက်ပံတန်းမြို့ မြို့နယ်ခန်းမ (၂)လမ်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါလေလံတင်ရောင်းချခြင်း အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူးကိုယ်စား ပြည်ခရိုင်ဦးစီးဌာနမှူး(ဒုတိယညွှန်ကြားရေးမှူး) ဦးမြင့်ဦးက ကြီးကြပ်ဆောင်ရွက်ပြီး သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးမိုင်း (လေလံရောင်းချရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပွင့်လင်းမြင်သာစွာ လေလံရောင်းချခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## သတိပေးနှိုးဆော်ချက်

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်မည့်(၇၃)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းယားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ် (အာဇာနည်လမ်းထိပ်)၊ ရွှေတိဂုံဘုရား မြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇူလိုင် ၄

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**မိုး/ဇလ**

# ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနား နေပြည်တော်တွင်ကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

၂၀၂၀ ပြည့်နှစ် ဇူလိုင်လ(၄) ရက်တွင် ကျရောက်သည့် (၉၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ယခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမ ဆောင်ပုဒ်ဖြစ်သည့် "Cooperatives for Climate Action– ဂေဟစနစ်များ မပျက်စီးဖို့ သမဝါယမများ ဆောင်ရွက်စို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သမဝါယမအသင်းအဖွဲ့အနေဖြင့် အသင်းသား၊ အသင်းဝင်အချင်းချင်း၊ အသင်းအချင်းချင်းပူးပေါင်း၍ ရာသီဥတုကောင်းမွန်စေရန် ဝိုင်းဝန်းဆောင်ရွက်ရေး အလေးထားရန် ရည်ရွယ်ထားပြီး ယင်းရည်ရွယ်ချက်သည် ကောင်းမွန်မျှတပြီး ပိုမိုစည်းလုံးညီညွတ်သော စီးပွားရေးတည်ဆောက်ရာတွင် မိမိတို့ သမဝါယမအဖွဲ့အစည်းများနှင့် အတူတကွစည်းရုံး ပူးပေါင်းဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်ကြီးက တိုက်တွန်းနှိုးဆော်ထားပါကြောင်း။

## တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု

ယနေ့ကမ္ဘာကြီးတွင် လူသားများသည် အစားအစာငတ်မွတ်ခေါင်းပါးမှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုနှင့် သဘာဝဘေးဆိုးများကျရောက်မှု၊ ရောဂါဆိုးဖြစ်ပွားမှု စသည့်များစွာသော ဘေးအန္တရာယ်များကိုလည်း ရင်ဆိုင်နေကြရပါကြောင်း၊ ယင်းသို့ မညီမျှမှုများ၊ ပဋိပက္ခစိန်ခေါ်မှုများကို လျော့ပါးသက်သာစေရန် သမဝါယမအသင်းအဖွဲ့များမှလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ (၂၀၁၇–၂၀၃၀) ကို ချမှတ်ပြီး သဘာဝဘေးလျော့ပါးရေးနှင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တတ်စွမ်းသမျှ လုပ်ဆောင်နေပါကြောင်း၊ သမဝါယမဦးစီးဌာနသည် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရှေ့ရှု၍ အသင်းသားပြည်သူ ၄ ဒသမ ၂ သန်းခန့်ပါဝင်သည့် သမဝါယမအသင်းပေါင်း ၃၉၉၂၉ သင်းကို ဖွဲ့စည်းထားရှိပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်နေသည့် သမဝါယမအသင်းသားများအတွက် ပံ့ပိုးချေးငွေလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာများအား Hire Purchase စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း၊ လယ်ယာမြေအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ လယ်ယာဝန်ဆောင်မှုလုပ်ငန်း၊ သွင်းအားစုပံ့ပိုးထောက်ပံ့ခြင်းလုပ်ငန်း၊ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း၊ အသင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမ စံနမူနာပြမြို့နယ်များဖြစ်ပေါ်လာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

## စီမံကိန်းကဏ္ဍသုံးရပ်ဖြင့် ဆောင်ရွက်

မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ်တွင် ကိုဗစ်–၁၉ ၏ အကျိုးသက်ရောက်မှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ရန် မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးစနစ်ဖွံ့ဖြိုးရေးစီမံကိန်း–NFASP Project အမည်နှင့် ကမ္ဘာ့ဘဏ်က ချေးငွေအမေရိကန်ဒေါ်လာသန်း ၂၀၀ အနက်မှ အမေရိကန်ဒေါ်လာ ၃၅ သန်းနှင့် လယ်ယာစိုက်ပျိုးရေး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကဏ္ဍသုံးရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် စီမံလျက်ရှိပါကြောင်း။

## သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

ကမ္ဘာ့နိုင်ငံများတွင် သမဝါယမလုပ်ငန်းများသည် အောင်မြင်ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး သက်ဆိုင်ရာနိုင်ငံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးတွင် အထောက်အကူပြုပေးလျက်ရှိနေသည်ကို တွေ့မြင်နေရသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု အခန်းကဏ္ဍများတွင် သမဝါယမအသင်းများအနေဖြင့် ယခုလက်ရှိအနေအထားထက် ပိုမိုထဲထဲဝင်ဝင် လုပ်ဆောင်ပေးနိုင်ရန်အတွက် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် ဂုဏ်ပြုစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်က ပေးပို့သည့် သဝဏ်လွှာအား ဗဟိုသမဝါယမအသင်းလီမိတက် ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာ ဒေါ်တိုးနန္ဒာတင်က ဖတ်ကြားသည်။

ယင်းနောက် (၉၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် သမဝါယမ လှုပ်ရှားဆောင်ရွက်မှုများကို Video Clip ဖြင့် ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးရန်လင်းနှင့် ဒေါက်တာစိန်မြအေး၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဒေါ်စံပယ်ထွေး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး သမဝါယမတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ သမဝါယမကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သမဝါယမဦးစီးမှူးများနှင့် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

**သတင်းစဉ်**

❀ ရှေ့ဖုံးမှ

ရောဂါ သံသယရှိသူများနှင့် ကူးစက်ခံရသူများ ပါဝင်လာခြင်း ရှိ မရှိ၊ မြန်မာနိုင်ငံသား မဟုတ်သူများ ပါဝင်လာခြင်း ရှိ မရှိ စစ်ဆေးလက်ခံခဲ့ပြီး အစားအသောက်၊ ကျန်းမာရေးနှင့် လိုအပ်သည့် ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးခဲ့ကြသည်။

## ဓာတ်ခွဲစစ်ဆေးသွားမည်

ပြန်လည်ဝင်ရောက်လာသူများကို ကော့သောင်းမြို့ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာများတွင် အသွားအလာကန့်သတ်ခြင်း ၂၁ ရက်နှင့် နေအိမ်၌ အသွားအလာကန့်သတ်ခြင်း ၇ရက် ဆက်လက်ထားရှိစောင့်ကြည့်ကာ တို့ဖတ် နမူနာများအား အမျိုးသားကျန်းမာရေးဌာနသို့ ပေးပို့ပြီး ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**





# အာရှပစိဖိတ်ဒေသဆိုင်ရာ ဝိုင်အမ်စီအေအဖွဲ့ချုပ် အမှုဆောင်ကော်မတီ အစည်းအဝေးတွင် မြန်မာဝိုင်အမ်စီအေအဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင်များ Video Conferencing ဖြင့် ပါဝင်ဆွေးနွေး

**ရန်ကုန် ဇူလိုင် ၄**

**အာရှပစိဖိတ်ဒေသဆိုင်ရာ ဝိုင်အမ်စီအေအဖွဲ့ချုပ် အမှုဆောင်ကော်မတီအစည်းအဝေးကို ဇူလိုင် ၂ ရက်နှင့် ၃ ရက်တို့တွင် ကျင်းပရာ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဝိုင်အမ်စီအေအဖွဲ့ချုပ်ဥက္ကဋ္ဌ Prof.Chen Chin–Seng နှင့် အထွေထွေအတွင်းရေးမှူး Mr.Nam Boo Won နှင့် အမှုဆောင်ကော်မတီဝင်များ၊ နိုင်ငံအသီးသီးမှ ဝိုင်အမ်စီအေဥက္ကဋ္ဌနှင့် အထွေထွေအတွင်းရေးမှူးများ ကမ္ဘာ့ဝိုင်အမ်စီအေအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် Mr.Carlos Senvee နှင့် အမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။** (အပေါ်ပုံ)

အစည်းအဝေးတွင် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဝိုင်အမ်စီအေအဖွဲ့ချုပ်ဥက္ကဋ္ဌ Prof.Chen Chin–Seng က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ မိတ်ဖက်အဖွဲ့အစည်း တာဝန်ရှိသူများက ဂုဏ်ပြုစကား ပြောကြားခြင်း၊ ပြီးခဲ့သည့် အစည်းအဝေးမှတ်တမ်းများကို တင်ပြခြင်း၊ ဆုတောင်းမင်္ဂလာပြုခြင်း၊ ငွေစာရင်းရှင်းတမ်းနှင့် ဘတ်ဂျက်များ တင်ပြခြင်း၊ မဟာဗျူဟာဆိုင်ရာ အစီအစဉ်များ တင်ပြခြင်း၊ ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ထိခိုက်မှုများ တင်ပြခြင်း၊ ကမ္ဘာ့ဝိုင်အမ်စီအေအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးချုပ်က လုပ်ငန်းအစီအစဉ်များ တင်ပြခြင်း၊ ရှေ့လုပ်ငန်းအစီအစဉ်များ ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။

ယင်း အာရှပစိဖိတ် ဒေသဆိုင်ရာ ဝိုင်အမ်စီအေအဖွဲ့ချုပ် အမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပမှုကို မြန်မာဝိုင်အမ်စီအေအဖွဲ့ ဥက္ကဋ္ဌ ဦးသာစိန်၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်ဝင်း၊ အကျိုးဆောင် အမှုဆောင်အတွင်းရေးမှူး ဦးငွေဝင်းရွှေ၊ လူငယ်လက်ထောက်အတွင်းရေးမှူး နန်းယွန်းပြည့်စုံတို့က ရန်ကုန် မြန်မာဝိုင်အမ်စီအေ အဖွဲ့ချုပ်ရုံးမှ လည်းကောင်း၊ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ ကိုရီးယား၊ မွန်ဂိုလီးယား၊ နီပေါ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ထိုင်ဝမ်၊ထိုင်း၊ တီမောလက်စ်နိုင်ငံများမှ ကိုယ်စားလှယ်များက ၎င်းတို့ နိုင်ငံအသီးသီးမှလည်းကောင်း Video Conferencing စနစ်ဖြင့် ပါဝင်ဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ်စာတမ်းပါ ပါးစပ်နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**လှိုင်ကော် ဇူလိုင် ၄**

(၉၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ်အတွင်းရှိ သမဝါယမဦးစီးဌာန အဆင့်ဆင့်နှင့် သမဝါယမအသင်းအဆင့်ဆင့်တို့မှ ထုတ်လုပ်သည့် ပါးစပ်နှာခေါင်းစည်းများ ဖြန့်ဝေခြင်း သမဝါယမလှုပ်ရှားမှုတစ်ရပ်ကို ဇူလိုင် ၄ ရက်က လှိုင်ကော်မြို့အဝင်/အထွက် နေရာများ၊ ဒီးမော့ဆိုမြို့ မြို့မဈေး၊ ဖရူဆိုမြို့၊ ဘောလခဲမြို့၊ ဖားဆောင်းမြို့အဝင် လှိုင်ကော်–မော်ချီးလမ်းနေရာများနှင့် ရှားတောမြို့အဝင် လှိုင်ကော်–ရှားတော–တာတမော့လမ်းတို့တွင် အပြည်ပြည် ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ်စာတမ်းပါ ပါးစပ်နှာခေါင်းစည်း ၁၅၀၀ ကို အခမဲ့ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးပြုံးချို(ခ) ဦးဌေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA – S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင် စဝ်စိုင်းငင်း၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးလှဌေး၊ စောမြရာဇာလင်း၊ ဒေါက်တာ လျန်မှုန်းဆာခေါင်း၊ ဆလိုင်းထလာဟေး၊ စောစိန်ဝင်း၊ ပဒိုစောတာဒိုမူး၊ ပဒိုစောအယ်ကလူစေး၊ ဆော်လမွန်၊ စောကျော်ညွန့်၊ နိုင်အောင်မငေး၊ ဒေါက်တာစိုင်းဦးနှင့် ခွန်မြင့်ထွန်းတို့ တက်ရောက်ကြသည်။ ကိုဗစ်-၁၉ ကြောင့် အစည်းအဝေးသို့ မတက်ရောက်နိုင်သည့် အဝေးရောက်ကိုယ်စားလှယ်များသည် Online Video Conferencing ဖြင့် တက်ရောက်ကြသည်။

### ရှေ့လုပ်ငန်းစဉ်များဆွေးနွေး

နှစ်ဖက် ညှိနှိုင်းအစည်းအဝေး၌ ဇူလိုင် ၂ ရက်တွင် ဆွေးနွေးခဲ့ကြသည့် (၈) ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေး အတွက် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ၊ အခြေခံမူ သဘောတူညီချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထ အစည်းအဝေးနှင့် ညီလာခံမတိုင်မီ ကျင်းပမည့် အစည်းအဝေးအချိန်ဇယား၊ အခင်းအကျင်းတို့ကို ဆွေးနွေးခဲ့ကြသည်။



အစိုးရနှင့် NCA – S EAO နှစ်ဖက်ကိုယ်စားလှယ်များ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ UPDJC အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးစဉ်။
ဓာတ်ပုံ – ဖိုးထောင်

### ဆက်လက်ညှိနှိုင်းနိုင်ခဲ့

အစည်းအဝေးအပြီးတွင် NCA-S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင်စဝ်စိုင်းငင်းက နိဂုံးချုပ် အမှာစကား ပြောကြားရာတွင် "ပြီးခဲ့တဲ့ မိမိတို့နှစ်ဖက်ညှိနှိုင်းအစည်းအဝေးမှာ ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၃)ရဲ့ အကြောင်းအရာတွေထဲက ချန်ထားခဲ့တဲ့ ဆက်လက်ညှိနှိုင်းဖို့ အချက်တွေကို ယခုကျင်းပတဲ့ ပဉ္စမအကြိမ် အစည်းအဝေးမှာ ဆက်လက်ညှိနှိုင်းနိုင်ခဲ့တယ်။ သဘောတူညီချက်များလည်း ထပ်မံရရှိခဲ့ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလအခြေအနေအောက်မှာ ကျင်းပရနိုင်ဖွယ်ရှိတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးဆိုင်ရာ အခင်းအကျင်းကို အသေးစိတ် ဆွေးနွေးပြီး ဆောင်ရွက်သွားမယ့် အစီအစဉ်တွေ ညှိနှိုင်းနိုင်ခဲ့ပါတယ်။

"ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ပုံသဏ္ဌာန် (Format) ကို ရေးဆွဲဖို့ စာချုပ်မူကြမ်း ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းပြီး ကြိုတင်ပြင်ဆင်ရေးဆွဲသွားနိုင်ရေး ဆွေးနွေးနိုင်ခဲ့တယ်။ တစ်ဖက်မှာလည်း မိမိတို့နှစ်ဖက်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တွေရဲ့ ဆွေးနွေးညှိနှိုင်းအစည်းအဝေးကနေ ရရှိလာတဲ့ ရလဒ်တွေကို UPDJC နိုင်ငံရေးအစုအဖွဲ့ထံ ရှင်းလင်းတင်ပြနိုင်ရေးအတွက် သဘောထားချမှတ်နိုင်ခဲ့တယ်။ ဆဋ္ဌမအကြိမ်မြောက် နှစ်ဖက်ညှိနှိုင်း အစည်းအဝေးကို ဇူလိုင်လ နောက်ဆုံးပတ်မှာ ကျင်းပမှာဖြစ်လို့ အဲဒီအစည်းအဝေး မတိုင်မီ ဆက်လက်ညှိနှိုင်းရမယ့် အချက်တွေ၊ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကို နှစ်ဖက်ညှိနှိုင်းပြီး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် အွန်လိုင်းမှာ ဆွေးနွေးရတာ အကန့်အသတ်ရှိတဲ့အတွက် လူချင်းမျက်နှာစုံညီထိုင်ပြီး ဆွေးနွေးညှိနှိုင်းမယ့် အခင်းအကျင်းမျိုးဖြစ်ဖို့ ကျန်းမာရေး ညွှန်ကြားချက်များနဲ့အညီ မိမိအနေနဲ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "ကျွန်တော်တို့ အစိုးရနဲ့ NCA–S EAO တို့ရဲ့ပဉ္စမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၂ ရက်နဲ့ ၄ ရက်နေ့ နှစ်ရက်အစည်းအဝေး ညှိနှိုင်း ဆောင်ရွက်ခဲ့ကြပါတယ်။ NCA အကောင်အထည်ဖော်မှု သဘောတူညီချက်၊ ၂၀၂၀ နဲ့ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်တွေ၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ် တည်ဆောက်ရေးဆိုင်ရာ အခြေခံလမ်းညွှန်တွေကို ကျွန်တော်တို့ ဆက်လက်ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခင်အစည်းအဝေးထက်ပိုတဲ့ သဘောတူညီချက်တွေ ထပ်မံရရှိပါတယ်။ ဆက်လက်ပြီး ဆွေးနွေးရန် ကျန်တဲ့ ကိစ္စတွေကို လာမယ့်အစည်းအဝေးမှာ သဘောတူညီမှု ရရှိနိုင်ဖို့အတွက် ကြိုးစားပေးကြပါလို့ ပြောကြားလိုပါတယ်။

### သဘောတူညီချက် ပိုမိုရရှိနိုင်

"ကျွန်တော်တို့ (၂၁) ရာစုပင်လုံ ညီလာခံ ကျင်းပနိုင်ရေးအတွက်လည်း အဆိုပြုအချိန်ဇယား အစီအစဉ်များကို ဆွေးနွေးနိုင်ခဲ့ပါတယ်။ မကြာမီ အချိန်အတောအတွင်းမှာ နှစ်ဖက် အဆိုပြုချက် အချိန်ဇယားကို အတည်ပြုပေးနိုင်တော့မှာ ဖြစ်ပါတယ်။ နောက်တစ်ကြိမ် အစည်းအဝေးမှာ ယခုကျွန်တော်တို့ သဘောတူညီခဲ့ပြီး ဖြစ်သည့်အတိုင်း မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးညှိနှိုင်းရမှာ ဖြစ်ပြီး ပိုမိုပြီးတော့ ပွင့်ပွင့်လင်းလင်းနဲ့ အသေးစိတ် တွေ့ဆုံဆွေးနွေးညှိနှိုင်းရမှာ ဖြစ်တဲ့အတွက် နောက်တစ်ကြိမ် အစည်းအဝေးမှာ သဘောတူညီချက်တွေ ပိုမိုရရှိနိုင်မယ်" ဟု ပြောကြားခဲ့သည်။

အစိုးရ ကိုယ်စားလှယ်များနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ်များ (NCA – S EAO) ၏ ဆဋ္ဌမအကြိမ် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကို လာမည့် ဇူလိုင်လနောက်ဆုံးပတ်တွင် ရန်ကုန်၊ NRPC ရုံး၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

### ခေါင်းစဉ်သုံးခုကို ညှိနှိုင်း

ပဉ္စမအကြိမ် နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ရလဒ်များနှင့် ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "ဇူလိုင်လ ၂ ရက်နေ့တုန်းက ကျွန်တော်တို့ နှစ်ဖက် ဆွေးနွေးခဲ့တာရှိတယ်။ ဇူလိုင်လ ၃ ရက်နေ့မှာတော့ သက်ဆိုင်ရာအစုအဖွဲ့မှာ ပြန်လည်ညှိနှိုင်းပြီး ဒီနေ့မှာပြန်ပြီး ဆွေးနွေးပါတယ်။ ဩဂုတ်လ ဒုတိယပတ်မှာ လုပ်မယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစု ပင်လုံအတွက် အဓိက ရည်မှန်းပြီး ညှိနှိုင်းနေကြတာပါ။ ညှိနှိုင်းတဲ့နေရာမှာ ဒီနေ့ ခေါင်းစဉ် လေးခုကို ဆွေးနွေးခဲ့တာရှိတယ်။ ပထမသုံးခုက ညီလာခံမှာ ချုပ်ဆိုမယ့် ပြည်ထောင်စု သဘောတူစာချုပ်ရဲ့ အစိတ်အပိုင်းမှာ ပါဝင်တဲ့ ခေါင်းစဉ် သုံးခုကို ညှိနှိုင်းပါတယ်။ နောက်ဆုံးခေါင်းစဉ်က ညီလာခံ ကျင်းပဖို့ လိုအပ်တဲ့ အခြေခံအချက်တွေပါ။ နောက်တစ်ကြိမ်ဆွေးနွေးပွဲတွေ၊ လုပ်ငန်းနဲ့ပတ်သက်တဲ့ JICM အကြိုညှိနှိုင်း အစည်းအဝေးတွေ၊ JICM အစည်းအဝေး၊ UPDJC အတွင်းရေးမှူး အစည်းအဝေး၊ UPDJC ခေါ်မယ့်ရက်တွေနဲ့ ညီလာခံ ကျင်းပနိုင်မယ့်ရက်တွေကို ကျွန်တော်တို့ ညှိနှိုင်းနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ဘက်က တာဝန်ရှိသူတွေကို တင်ပြဖို့ လိုသလို EAO ဘက်ကလည်း PPST ခေါင်းဆောင်တွေကို ပြန်တင်ပြဖို့ လိုပါတယ်။ ညှိနှိုင်းဖို့ အနည်းငယ် ကျန်နေတဲ့အချက်တွေကို ရန်ကုန်မှာ ပြန်ပြီးဆွေးနွေးဖို့ နှစ်ဖက်ညှိနှိုင်းထားပါတယ်။ အဲဒါပြီးရင်တော့ ဩဂုတ်လဆန်းကနေစပြီး ညီလာခံပြီးတဲ့အထိ ကျွန်တော်တို့ လုပ်ဆောင်ရမယ့် အဆင့်တွေကို လုပ်ဖို့ရှိပါမယ်" ဟု ပြောသည်။

အစည်းအဝေးအပြီး ညနေပိုင်းတွင် အစိုးရနှင့် NCA – S EAO နှစ်ဖက်ကိုယ်စားလှယ်များသည် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၊ နိုင်ငံရေးပါတီအစုအဖွဲ့မှ UPDJC အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ယနေ့ အစည်းအဝေး ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြကာ အပြန်အလှန် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ရဲခေါင်ညွှန့်

## ပျဉ်းမနားမြို့တွင် ဆောက်လုပ်လျက်ရှိသည့် ငလိုက်ချောင်းတံတားလေးလမ်းသွားမှ ပြီးစီးပြီဖြစ်သည့် နှစ်လမ်းသွားတံတားအား စတင်ဖြတ်သန်းသွားလာခွင့်ပြု

**နေပြည်တော် ဇူလိုင် ၄**

ပြည်တောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့တွင် စိုးလှျှပ်စစ်ဖောင်ဒေးရှင်းမှ ဆောက်လုပ်လျှုဒါန်းသည့် ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်ရှိ ငလိုက်ချောင်း တံတားအရှည် ၃၄၅ ပေ၊ အကျယ် ၆၂ ပေ ၄ လက်မ၊ ယာဉ်သွားလမ်း ၅၀ ပေ ၄ လက်မ၊ လူသွားလမ်း ခြောက်ပေရှိ အပေါ်ထည် သံကူကွန်ကရစ်ရက်မနှင့် သံမဏိသံပေါင်ရက်မ(R.C Girder & Plate Girder) လေးလမ်းသွားတံတားမှ နှစ်လမ်းသွား တံတားပြီးစီးပြီဖြစ်သောကြောင့် ယနေ့ နံနက်ပိုင်းမှစတင်၍ ဖြတ်သန်းသွားလာခွင့် ပြုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ထိုသို့ စတင်ဖြတ်သန်းသွားလာခွင့်ပြုရာတွင် နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဗိုလ်မှူးကြီး မင်းနောင်၊ ဦးတင်ထွန်း၊ ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးမောင်မောင်ညွှန့်၊ စိုးလှျှပ်စစ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးကျော်မင်းထွန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆောက်လုပ်ပြီးစီးပြီဖြစ်သော နှစ်လမ်းသွားတံတား၏ ကြံ့ခိုင်မှု၊ ယာဉ်များ၊ တံတား အသုံးပြုသူ ပြည်သူများ သွားလာရာတွင် အခက်အခဲ ရှိ မရှိတို့နှင့် ကျန်ရှိနေသေးသည့် နှစ်လမ်းသွား တံတားအား သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ ဆောက်လုပ်ရန်နှင့် အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်သွားကြရန် မှာကြားကာ ပြီးစီးပြီဖြစ်သည့် တံတားတစ်ခြမ်း နှစ်လမ်းသွားအား စတင်ဖြတ်သန်း သွားလာခွင့်ပြုလိုက်ကြောင်း သိရသည်။



စိုးမိုး(ပြန်/ဆက်)

## ကရင်ပြည်နယ် ဘားအံမြို့တွင် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်း သင်တန်းဖွင့်လှစ်

**ဘားအံ ဇူလိုင် ၄**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဘားအံငါးလုပ်ငန်းစခန်းတွင် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းသင်တန်းကို ဇူလိုင် ၄ ရက်က ဖွင့်လှစ်ရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ဇူလိုင် ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာမြင့်မည်ဖြစ်ပြီး စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည့် သင်တန်းဖြစ်ကာ ဘားအံခရိုင်အတွင်းမှ ငါးမွေးတောင်သူ သင်တန်းသား ၂၀ တက်ရောက်သည်။

သတင်းစဉ်

**တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်**

နေပြည်တော် ဇူလိုင် ၄ – မြန်မာ့ပင်လယ်ပြင်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

မိုး/ဇလ



# ညီညွတ်ရေးအတွက် ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြ

ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့သူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ သို့သော်လည်းပဲ ဗမာပြည်ရဲ့လွတ်လပ်ရေး၊ တိုင်းသူပြည်သား ညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးတွင် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)

# ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်း၊ ဖားကန့်ရတနာမြေအတွင်း မြေပြိုကျမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ စုံစမ်းဖော်ထုတ်ခြင်းနှင့် ပံ့ပိုးကူညီမှုပေးခြင်းများ ဆက်လက်ဆောင်ရွက်



ဖားကန့် ဇူလိုင် ၄

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်း၊ ဖားကန့်ရတနာမြေ ဆိပ်မူကျေးရွာအုပ်စု ဝေ့ခါကျေးရွာ၌ ဇူလိုင် ၂ ရက် နံနက်ပိုင်း၌ မြေပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူများ သေဆုံး/ ထိခိုက်ဒဏ်ရာရမှုဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်ခြင်းနှင့် ပံ့ပိုးကူညီမှုပေးခြင်းများ ဆောင်ရွက်ရန်အတွက် "လုံးခင်း၊ ဖားကန့်ရတနာမြေအတွင်း မြေပြိုကျမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့" ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင် တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့မှ ဖားကန့်မြို့နယ်သို့ ရောက်ရှိကြသည်။

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့ မြို့နယ်ပြည်သူ့ဆေးရုံတွင် မြေပြိုကျမှုဖြစ်စဉ်ကြောင့် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော ဒဏ်ရာရ လူနာ ၁၄ ဦးအား နှစ်သိမ့်အားပေးစကားများ ပြောကြားခဲ့ကြပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကချင်ပြည်နယ် အစိုးရအဖွဲ့တို့၏ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့ပြင် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာ့သူရကျောက်မျက်ရတနာကုမ္ပဏီတို့မှ တာဝန်ရှိသူများကလည်း ဒဏ်ရာရလူနာများအတွက် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက်တွင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ဖားကန့်မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ခံများနှင့် တွေ့ဆုံ၍ "လုံးခင်း၊ ဖားကန့်ရတနာမြေအတွင်း မြေပြိုကျမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့" က ဆောင်ရွက်မည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# NCA-S EAO ကိုယ်စားလှယ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း ပြောကြားသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်ရေး ဆောင်ရွက်နေမှုများ

ရန်ကုန် ဇူလိုင် ၄

**ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ– (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေး၊ ညီလာခံတွင် အပိုင်းသုံးပိုင်းပါဝင်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) ချုပ်ဆိုနိုင်ရေးတို့အတွက် အစိုးရကိုယ်စားလှယ်အစုအဖွဲ့ဖြစ်သည့် အစိုးရ၊ တပ်မတော်၊ လွှတ်တော်နှင့် NCA စာချုပ် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA–S EAO) ကိုယ်စားလှယ်အဖွဲ့တို့သည် ပဉ္စမအကြိမ် အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂ ရက်မှ ၄ ရက်အထိ ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။**

**ဇူလိုင် ၂ ရက် မှ ၄ ရက်အထိ တွေ့ဆုံဆွေးနွေးခဲ့သည့် အကြောင်းအရာ၊ ဆွေးနွေးပွဲရလဒ်နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်မည့် အခြေအနေတို့ကို သိရှိနိုင်ရန် NCA–S EAO ကိုယ်စားလှယ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်းအား မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။**



ဦးမျိုးဝင်း

**ဦးမျိုးဝင်း**

**NCA အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းရေးမှူး**

**မေး ။ ။ ပဉ္စမအကြိမ် နှစ်ဖက်အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးမှာ ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေကို သိချင်ပါတယ်။**

**ဖြေ** ။ ။ အရင် စတုတ္ထအကြိမ် ဆွေးနွေးခဲ့တဲ့ပုံစံအတိုင်းပါပဲ။ ဒီတစ်ခါတော့ နှစ်ပိုင်းပါ။ ပထမတစ်ပိုင်းကတော့ လာမယ့်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၊ စတုတ္ထအစည်းအဝေးမှာရယူမယ့် ပြည်ထောင်စုသဘောတူစာချုပ်နဲ့ ပတ်သက်တဲ့အပိုင်းကို ဆွေးနွေးတာပါ။ နောက်တစ်ပိုင်းကတော့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးအပိုင်းပါ။

**မေး ။ ။ ဒါဆို..လာမယ့် ညီလာခံမှာ ရယူချုပ်ဆိုသွားမယ့် အပိုင်းသုံးပိုင်းပါဝင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) နဲ့ ပတ်သက်ပြီး ဘယ်လိုအချက်တွေသဘောတူပြီး ဘယ်လိုအရာတွေညှိနှိုင်းဖို့ ကျန်နေဦးမလဲ ခင်ဗျာ။**

**ဖြေ** ။ ။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) မှာ ပြည်ထောင်စုသဘောတူစာချုပ် အပိုင်းတစ်ဖြစ်တဲ့ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်ပေါ့။ ဒါကတော့ သဘောတူညီချက်အတော်များများရရှိပြီးပါပြီ။ သဘောတူညီချက် (၁၁) ချက်ရပြီ။ မူအားဖြင့် သဘောတူထားတာ (၂)ချက်ပေါ့။ ၁၃ ချက်ညှိနှိုင်းထားတယ်။ ကျန်တဲ့ (၄)ချက်ကို နောက်လာမယ့် ဆွေးနွေးပွဲမှာ ထပ်ဆွေးနွေးမယ်။

ပြည်ထောင်စုသဘောတူစာချုပ် အပိုင်းနှစ်မှာ ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များ၊ အဆင့်လိုက်အကောင်အထည်ဖော်မှုများပေါ့။ အဲဒီမှာ ဇယား(၁) ကို ပြီးခဲ့တဲ့ ညှိနှိုင်းဆွေးနွေးပွဲမှာကတည်းက သဘောတူညီမှုရရှိထားပြီ။ ဆက်လက်ဆွေးနွေးမယ်။ ဇယား(၂) ကိစ္စကိုတော့ ဘယ်လိုပုံစံ ဆွေးနွေးသွားမယ်။ ညီလာခံမှာ ဘယ်လိုပုံစံ သဘောတူညီချက်ယူပြီးတော့ ပြည်ထောင်စုသဘောတူစာချုပ်မှာ ဘယ်လိုချုပ်ဆိုသွားမယ်ဆိုတဲ့ အရာကို ဒီနေ့ဆွေးနွေးပွဲမှာ ဆွေးနွေးဖြစ်ပါတယ်။ အဲဒီမှာ အစိုးရအဆိုပြုချက်ရှိတယ်။ EAO (တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)ရဲ့ အဆိုပြုချက်ရှိတယ်။ အဲဒီထဲက ညှိနှိုင်းမှုရရှိတဲ့ သဘောတူစာချုပ်ကို ပြည်ထောင်စုသဘောတူစာချုပ်မှာ ဘယ်လိုချုပ်ဆိုသွားမလဲဆိုတာ ဆွေးနွေးဖြစ်တယ်။

ပြည်ထောင်စုသဘောတူစာချုပ် အပိုင်းသုံးမှာ အရေးကြီးတဲ့ သဘောတူညီချက်ဖြစ်တဲ့ အခြေခံမူသဘောတူညီချက်နဲ့ပတ်သက်ရင်လည်း နှစ်ဖက်အဆိုပြုချက်တွေအပေါ်မှာ အခြေခံပြီးတော့ စုစည်းနေတာ တော်တော်လေးနီးစပ်တဲ့ ညှိနှိုင်းမှုတွေတော့ ရနေပါပြီ။ နှစ်ဖက်တူညီနိုင်တဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့ စုစည်းထားတယ်။ အဲဒါတွေကို သက်ဆိုင်ရာ အစုအဖွဲ့တွေဆီ ကျွန်တော်တို့ ပြန်ပြီးညှိနှိုင်းမယ်။ ခြုံပြီးပြောရရင် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးမှာ ကျွန်တော်တို့ တူညီတာရှိမယ်။ မတူတာရှိတယ်။ တူတာတွေကို ပိုမိုအားကောင်းအောင် ဆောင်ရွက်ပြီး မတူသေးတာတွေကို ဆက်ညှိမယ်။ ဒါကတော့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) နဲ့ ပတ်သက်တဲ့အပိုင်းပါ။

**မေး ။ ။ ဟုတ်ကဲ့ ကျန်တဲ့တစ်ပိုင်းဖြစ်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေး အပိုင်းနဲ့ပတ်သက်ပြီး ဖြေကြားပေးပါဦး။**

**ဖြေ** ။ ။ နောက်တစ်ပိုင်းကတော့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်ရေးအပိုင်းပါ။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပနိုင်ရေးအတွက် အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့ ၂၀၂၀ ဩဂုတ်လ ဒုတိယပတ်မှာ ကျင်းပဖို့ရည်ရွယ်ထားတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနဲ့အတူ တစ်ဆက်တစ်စပ်တည်းရှိနေတဲ့ JICM အစည်းအဝေးကျင်းပဖို့၊ UPDJC အစည်းအဝေးကျင်းပဖို့၊ ဒါပြီးရင်တော့ ညီလာခံပေါ့။ အဲဒီကျင်းပမယ့်ရက်တွေကိုလည်း ကျွန်တော်တို့ အလွတ်သဘော ညှိနှိုင်းသတ်မှတ်ဖြစ်ပါတယ်။ ညှိနှိုင်းသတ်မှတ်ထားတဲ့ရက်တွေကို အစိုးရဘက် တပ်မတော်ဘက် ကျွန်တော်တို့ EAO ဘက်ပြန်ပြောပြမယ်။ ဒါကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပနိုင်ရေးနဲ့ ကြားထဲမှာပြုလုပ်မယ့် အစည်းအဝေးတွေအတွက် ကျွန်တော်တို့ အလုပ်အဖွဲ့အနေနဲ့ လျာထားသတ်မှတ်နိုင်ခဲ့တယ်။

**မေး ။ ။ လျာထားရက်သတ်မှတ်နိုင်ပြီဆိုတော့ အစည်းအဝေးတွေ ကျင်းပမယ့်ရက်ကို အတည်ပြုပြောပေးပါဦးခင်ဗျာ။**

**ဖြေ** ။ ။ ရက်သတ်မှတ်အတည်ပြုချက်ကတော့ ပြောဖို့စောပါသေးတယ်။ သက်ဆိုင်ရာ ခေါင်းဆောင်အသီးသီးကို တင်ပြပြီးမှပဲ ကျွန်တော်တို့ ပေးနိုင်ပါမယ်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ လုပ်နိုင်ခဲ့တာက လာမယ့်ပြည်ထောင်စုသဘောတူစာချုပ် အပိုင်း(၃)ကို ကျွန်တော်တို့ နှစ်ဖက်ကြိုတင်ညှိနှိုင်းပြီး ပြင်ဆင်ရေးဆွဲသွားဖို့လိုအပ်တယ်။ ဒါမှလည်း စနစ်တကျရယူလိုတဲ့ ပြည်ထောင်စုသဘောတူစာချုပ်ဟာ နိုင်ငံရေးအရ ခိုင်မာမယ်။ လာမယ့်အနာဂတ် ၂၀၂၀ အလွန်မှာ နိုင်ငံရေးဆွေးနွေးပွဲတွေကျင်းပပြီး လာမယ့်ပြည်ထောင်စုကို ဘယ်လိုပုံဖော်သွားမယ်ဆိုတဲ့ ပြည်ထောင်စုသဘောတူစာချုပ်ဖြစ်အောင် ကျွန်တော်တို့ ကြိုတင်ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။

**မေး ။ ။ ခြောက်ကြိမ်မြောက် အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေး ကျင်းပမယ့်ရက်နဲ့ ကျင်းပမယ့်ပုံစံကို သိလိုပါတယ်။**

*စာမျက်နှာ ၇ သို့*

# မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ ရယူသုံးစွဲလုပ်ကိုင်နိုင်ရေး

ကိုကိုဦး

**နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား အသုံးပြု၍ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ယခင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်တွင် အမိန့် ကြော်ငြာစာအမှတ်(၄၄/၉၁)ဖြင့် ထုတ်ပြန်၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် ယင်းနှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လိုသည့် နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းနှင့် သမဝါယမအသင်းများ၊ ဖက်စပ်လုပ်ငန်းများ၊ အခြားအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများက မြေယာလုပ်ပိုင်ခွင့်/ အသုံးပြုခွင့်အတွက် လျှောက်ထားလာခြင်းများကို စတင်ဖိတ်ခေါ် ဆောင်ရွက်ခဲ့ပါသည်။**

ယခင် ပထမအကြိမ် ဒီမိုကရေစီကာလ ရောက်ရှိလာသည့်အခါ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်ပတ်သက်၍ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့် နည်းဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပါသည်။

လက်ရှိအစိုးရကာလ ရောက်ရှိသည့်အခါ အဆိုပါဥပဒေ၏ အားနည်းချက်နှင့် လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့အား ဆောင်ရွက်ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈) ကို ၂၀၁၈ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၄) ဖြင့်ပြဋ္ဌာန်းပေးနိုင်ခဲ့ပါသည်။

အထက်ပါပြဋ္ဌာန်းပေးချက်အရ ဒေသခံများ၊ မြေယာမဲ့နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးကိစ္စအပါအဝင် နိုင်ငံသားအားလုံးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား စနစ်တကျရယူလျှောက်ထား၍ လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့် ရရှိနိုင်ပြီဖြစ်ပါသည်။ ထို့အပြင် ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာအရ သတ်မှတ်မြေများ၊ အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့် မြေများကိုလည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စာရင်းမှ နုတ်ပယ်နိုင်ရန် ပြဋ္ဌာန်းပေးနိုင်ခဲ့ပါသည်။ ယင်းအပြင် တည်ဆဲဥပဒေ၊ စည်းမျဉ်းနှင့်အညီ တောင်ယာလုပ်ပိုင်ခွင့်ပေးထားသည့် မြေများကိုလည်း နုတ်ပယ်ပေးခဲ့ပါသည်။

**လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားရာတွင် ဧက ၃၀၀ နှင့် အောက် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဧက ၅၀ နှင့်အောက် မွေးမြူရေး လုပ်ငန်းဆောင်ရွက်လိုသူများအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်စီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရန်ဖြစ်ပြီး အထက်ပါစီမံခန့်ခွဲရေးကော်မတီများက ခွင့်ပြုနိုင်သော ဧကထက်ပိုမို၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လိုသူများ၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သော အခြားလုပ်ငန်းများအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ လျှောက်ထားရမည်ဖြစ်ပါသည်။

လျှောက်ထားလိုသူအနေဖြင့် လျှောက်လွှာပုံစံများကို နီးစပ်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးများတွင် အခမဲ့ရယူပြီး အထက်ဖော်ပြပါကော်မတီများ၌ သက်ဆိုင်ရာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ထုတ်ပေးသည့် မြေပုံကြမ်းနှစ်ပုံ၊ လုပ်ငန်းစီမံချက်၊ လုံလောက်သောအရင်းအနှီးရှိကြောင်း ဝန်ခံချက်များပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပါသည်။ ဤနေရာ၌ ဒေသခံတောင်သူလယ်သမားများ တစ်ပိုင်တစ်နိုင်လုပ်ကွက်များ လျှောက်ထားရာ၌ လုံလောက်သောအရင်းအနှီးအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးဆောင်ရွက်မည့် မိမိတို့ပိုင်ဆိုင်သည့် ကျွဲ၊ နွား၊ ထွန်၊ ထယ်ကိရိယာနှင့် အိမ်ထောင်သားစုဝင်လုပ်ကိုင်နိုင်သည့် အင်အားရှိကြောင်း သက်ဆိုင်ရာရပ်ရွာမှ ထောက်ခံချက်အရ စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

**အများပြည်သူသိရှိအောင် ထုတ်ပြန်**

အဆိုပါလျှောက်လွှာကို ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီများမှ လက်ခံရရှိပါက သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ အဆင့်ဆင့်ပေးပို့၍ မြို့နယ်ဦးစီးဌာနမှူးရုံးသည် လျှောက်လွှာနှင့်စပ်လျဉ်းသည့် အချက်အလက်များကိုစိစစ်ကာ လျှောက်ထားချက်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားတင်ပြ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာကို သက်ဆိုင်ရာ နေပြည်တော်ဦးစီးဌာနရုံး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဦးစီးဌာနရုံး၊ ခရိုင်ဦးစီးဌာနရုံး၊ မြို့နယ်ဦးစီးဌာနရုံးနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများ၌ အများပြည်သူသိရှိအောင် ထုတ်ပြန်ရပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်ရက်တိုင် ကန့်ကွက်ချက်မရှိပါက ခုနစ်ရက်အတွင်း သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ တင်ပြရပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသည် သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနရုံးသို့ ခုနစ်ရက်အတွင်း ဆက်လက်တင်ပြပြီး ၎င်းမှတစ်ဆင့် သဘောထားမှတ်ချက်နှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်စီမံခန့်ခွဲရေး ကော်မတီသို့ ခုနစ်ရက်အတွင်း ပေးပို့တင်ပြရပါသည်။

**ငြင်းပယ်ခြင်းပြုရ**

နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်စီမံခန့်ခွဲရေးကော်မတီအနေဖြင့် လုပ်ငန်းစာတွဲကို ရရှိသည့်အခါ စိစစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့သို့ သဘောထားမှတ်ချက်ရယူ၍ သဘောထားမှတ်ချက်ရရှိသည့်နေ့မှ ခုနစ်ရက်အတွင်းခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်းနှင့် ဗဟိုကော်မတီသို့ တင်ပြခြင်းများ ဆောင်ရွက်ရပါသည်။ ဗဟိုကော်မတီအနေဖြင့် စိစစ်ပြီး သက်ဆိုင်ရာလျှောက်ထားသည့် လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များ တောင်းခံရယူပြီး လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားခြင်းကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုရပါသည်။

**၅၈ ရက်ခန့် ကြာမြင့်နိုင်**

အထက်ဖော်ပြပါလုပ်ငန်းစဉ်အရ လျှောက်လွှာစတင်သည်မှ ဗဟိုကော်မတီသို့ ရောက်ရှိသည်အထိ ကြာမြင့်ချိန်သည် ကန့်ကွက်ချက်မရှိပါက အနည်းဆုံး ၅၈ ရက်ခန့် ကြာမြင့်နိုင်ပြီး ကန့်ကွက်ချက်တစ်စုံတစ်ရာရှိပါက အဆိုပါကန့်ကွက်ချက်အပေါ် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် “သီးခြားအဖွဲ့” ဖွဲ့စည်း၍ ဆောင်ရွက်ရပါသဖြင့် ကန့်ကွက်ချက်အနေအထားပေါ်မူတည်၍ အချိန်ကြာမြင့်မှု ဖြစ်ပေါ်နိုင်ပါသည်။ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ဗဟိုအဆင့်များ၌ သက်ဆိုင်ရာ အဖွဲ့အစည်း၊ လုပ်ငန်းဌာနနှင့် ဝန်ကြီးဌာနများသို့ သဘောထားမှတ်ချက် တောင်းခံမှုများနှင့် ပတ်သက်၍လည်း အဆိုပါအဖွဲ့အစည်းများမှ စိစစ်ရသည့် လုပ်ငန်း အတိမ်အနက်အပေါ် မူတည်၍ ကာလတစ်ခု ကြာမြင့်ပါသည်။ ဈေးကွက်စီးပွားရေး ဖော်ဆောင်နေသောခေတ်၌ ခွင့်ပြုခြင်း/ မပြုခြင်းကို လျင်မြန်စွာ ဆုံးဖြတ်ပေးရန် လိုအပ်သည့်နည်းတူ လူမှုပတ်ဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ မရှိစေရေးအတွက် ကော်မတီများအနေဖြင့် ဂရုပြုရန်လိုအပ်ပါသည်။ နိုင်ငံတော်၏မူဝါဒလမ်းစဉ်နှင့်အညီ ရေရှည်ဆောင်ရွက်ကြရမည့် လုပ်ငန်းများဖြစ်သည့်အတွက် နောင်တွင် အမှားအယွင်း မရှိစေရေး အချိန်ကို အကျိုးရှိစွာအသုံးပြု၍ မြန်ဆန်တိကျစွာဖြင့် စနစ်တကျစိစစ်ကြရန်လည်း လိုအပ်ပါသည်။

နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ နိုင်ငံသားတိုင်း မည်သူမဆို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း လျှောက်ထားရယူ၍ မိမိတို့ဆောင်ရွက်လိုသည့် လုပ်ငန်းရပ်ကို အကျိုးရှိစွာ ဆောင်ရွက်နိုင်ကြပါသည်။ နိုင်ငံသားအားလုံး လျှောက်ထားရယူအသုံးပြုလုပ်ကိုင်နိုင်သည့် တန်းတူရည်တူအခွင့်အရေးရှိပါသည်။ ထိုသို့ လျှောက်ထားရယူခြင်း၌ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပေးအပ်ခြင်းတွင် လုပ်ငန်း များ အမှန်တကယ်ဆောင်ရွက်ခြင်း ရှိ/ မရှိ ထိန်းကျောင်းနိုင်ရန်အတွက် အာမခံကြေး ပေးသွင်းစေပြီး အဆိုပြု လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပြီးပါက တင်သွင်း ထားသည့် အာမခံကြေးကို ပြန်လည်ထုတ်ပေးသည့်အတွက် နိုင်ငံသားတိုင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို အခမဲ့ရယူနိုင်မည်ဖြစ်ပါသည်။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ဖြစ်**

လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ချိန်၌ မြေခွန်တော်ကင်းလွတ်ခွင့်ကာလကုန်ဆုံးပြီး ကောက်ခံသည့် မြေခွန်တော်ပမာဏသည်လည်း လုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်နှိုင်းယှဉ်ပါက မပြောပလောက်သည့် ပမာဏသာဖြစ်ပါသည်။ ထို့အတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူများအနေဖြင့်လည်း ကျသင့်သည့်မြေခွန်တော်ကို သတ်မှတ်ချိန်၌ မပျက်မကွက်ပေးသွင်းရန် လိုအပ်ပါသည်။ ပေးသွင်းရန်ပျက်ကွက်ပါက ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ပါသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အမှန်တကယ်ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်သူများအတွက် နိုင်ငံတော်က မြေအခမဲ့လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပေးထားခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်သည့် လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများ လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ပါက နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်သလို လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ အသက်မွေးဝမ်းကျောင်းမှုကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ ထို့အပြင် မြေကို ရောင်းကုန်သဖွယ် မဖြစ်စေရန် ဥပဒေဖြင့် ထိန်းကျောင်းခြင်းနှင့် စည်းကမ်းဖောက်ဖျက်မှုရှိပါက တင်သွင်းထားသည့် အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုပါ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်ရန်လျှောက်ထားသူ လူပုဂ္ဂိုလ်/ အဖွဲ့အစည်းများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လျှောက်ထားရာတွင် အချို့သော စီမံခန့်ခွဲရေးကော်မတီများနှင့် သဘောထားမှတ်ချက်ပေးရမည့် ဌာနများ၌ ကြန့်ကြာနေမှုများနှင့် တိကျပြတ်သားမှုမရှိသော သဘောထားမှတ်ချက်များ ပေးပို့လာမှုအတွက် ပြန်လည်မေးမြန်းရ၍ နှောင့်နှေးမှုများရှိနေကြောင်း သိရှိရသည့်အတွက် အဆိုပါ ကြန့်ကြာနှောင့်နှေးမှုများ မရှိစေရေး ဝိုင်းဝန်းကြပ်မတ် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ကိစ္စရပ်နှင့်ပတ်သက်၍ သိရှိလိုသည်များနှင့် အကူအညီလိုအပ်ခြင်းများရှိပါက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၏ မြေယာလုပ်ငန်းဌာနခွဲ၊ တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၀၀၈၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **“နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ နိုင်ငံသားတိုင်း မည်သူမဆို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း လျှောက်ထားရယူ၍ မိမိတို့ဆောင်ရွက်လိုသည့် လုပ်ငန်းရပ်ကို အကျိုးရှိစွာ ဆောင်ရွက်နိုင်ကြပါသည်။ နိုင်ငံသားအားလုံး လျှောက်ထားရယူ အသုံးပြုလုပ်ကိုင်နိုင်သည့် တန်းတူရည်တူအခွင့်အရေးရှိပါသည်။ ထိုသို့ လျှောက်ထားရယူခြင်း၌ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးအပ်ခြင်းတွင် လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ခြင်း ရှိ/ မရှိ ထိန်းကျောင်းနိုင်ရန်အတွက် အာမခံကြေး ပေးသွင်းစေပြီး အဆိုပြုလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပြီးပါက တင်သွင်းထားသည့် အာမခံကြေးကို ပြန်လည်ထုတ်ပေးသည့်အတွက် နိုင်ငံသားတိုင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို အခမဲ့ရယူနိုင်”**

## ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **“ရာပြည့်တက္ကသိုလ်မြကျွန်းညို”** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားပါမည်။ အဆိုပါပြိုင်ပွဲသို့ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရန်ကုန်တက္ကသိုလ်၏ ခမ်းနားတင့်တယ်မှု၊ သမိုင်းအစဉ်အလာ ကြီးမြတ်မှုများ၊ ခေတ်အဆက်ဆက်ပြုပြင်ပြောင်းလဲခဲ့မှုများ၊ ဖွံ့ဖြိုးတိုးတက်မှုများ၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုပုံရိပ်များ၊ အောင်မြင်ထူးချွန်ထင်ရှားသည့် လူပုဂ္ဂိုလ်များ၊ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် အဆောက်အဦများ၊ ရန်ကုန်တက္ကသိုလ် နှစ်ပေါင်း(၁၀၀)အတွင်း ဆောင်ရွက်ခဲ့သည့် လှုပ်ရှားမှုများနှင့် ပွဲတော်ပုံရိပ်များစသည့် ရန်ကုန်တက္ကသိုလ်၏ အနှစ်သာရကို ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲတွင် မြန်မာနိုင်ငံသားမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) ဓာတ်ပုံမှာ မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသော ရောင်စုံဓာတ်ပုံဖြစ်ရမည်။

(ဂ) ပြိုင်ပွဲဓာတ်ပုံအရွယ်အစားမှာ (၁၀ လက်မ x ၁၅ လက်မ) အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်သည်။

(ဃ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။

(င) ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများအား ပြိုင်ပွဲသို့ ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများမဖြစ်စေရ။

(ဆ) ပြိုင်ပွဲဝင်ဓာတ်ပုံများကို ပေးပို့ရာတွင် ဓာတ်ပုံအရွယ်အစား၊ ၁၀ လက်မ x ၁၅ လက်မ ဓာတ်ပုံ Hard Copy နှင့် Soft Copy (CD) ပူးတွဲပေးပို့ရမည်။

(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

(ဈ) ပြိုင်ပွဲဝင်ဓာတ်ပုံတိုင်းတွင် အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံတိုင်း၏ နောက်ကျော၌ သီခြားစက္ကူဖြင့်ကပ်ပြီး တစ်ပါတည်း ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား **ပထမဆု** ငွေကျပ် ငါးသိန်း၊ **ဒုတိယဆု** ငွေကျပ် သုံးသိန်းငါးသောင်း၊ **တတိယဆု** ငွေကျပ်နှစ်သိန်းနှင့် **အထူးဆု** ငွေကျပ် တစ်သိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၅ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးကျော်ဇင်စိုး၊ ညွှန်ကြားရေးမှူး(ထုတ်လုပ်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ တို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသောဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်နှင့် WFEO , FEIAP တို့ ပူးပေါင်းပြီး “ Responsibility & Accountability of Stakeholders in Construction Industry ” အလုပ်ရုံဆွေးနွေး




**နေပြည်တော် ဇူလိုင် ၄**

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီသည် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ World Federation of Engineering Organizations(WFEO), Federation of Engineering Institutions of Asia and Pacific (FEIAP)တို့နှင့်ပူးပေါင်း၍ ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသော အသင်းအဖွဲ့များ၊ ပညာရှင်များ၏ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အကြောင်းအရာများကို Online မှတစ်ဆင့် Webinar ဖြင့် ဟောပြောပို့ချခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ခရေပင်လမ်း အမှတ် ၅(က) မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီရုံး၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ WFEO မှ Former President Dr. Marlene Kanga သြစတြေးလျ၊ FEIAP မှ Secretary General Ir.Dr. Tan Yean Chin မလေးရှား၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ ချာလီသန်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်၊ HPBC ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်၊ နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးရွှေလေး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ပါဝင်တက်ရောက်ကြသည်။

### ကြိုးစားဆောင်ရွက်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က ယခုဆွေးနွေးတင်ပြမည့် ခေါင်းစဉ်နှင့် ပတ်သက်၍ များစွာ စိတ်ပါဝင်စားပါကြောင်း၊ အစိုးရပိုင် အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင် အဆောက်အအုံများအတွက် အရည်အသွေးမြင့်မားပြီး အန္တရာယ်ကင်းရှင်းစွာ၊ အများပြည်သူစိတ်ချမ်းသာစွာနှင့် နေနိုင်ရေး အမြဲကြိုးစားဆောင်ရွက်သွားရန် စိတ်အားထက်သန်ပါကြောင်း။

ယခု အပိုင်း(၂)ပိုင်း ခွဲခြားပြီး ပြောချင်ပါကြောင်း၊ ပထမပိုင်းမှာ ဆောက်လုပ်ရေး ကဏ္ဍများတွင် ဘေးအန္တရာယ် ကင်းရှင်းစေရေးဖြစ်ပြီး ဒုတိယပိုင်းမှာ မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ပါကြောင်း၊ အဆောက်အအုံများ ပြိုကျပျက်စီးခြင်းနှင့် လုပ်ငန်းခွင်တွင် ပြင်းထန်စွာ ဒဏ်ရာရရှိခြင်းဆိုသည့် သတင်းများမှာ တစ်နေ့ထက်တစ်နေ့ ပိုမို၍ပင် များပြားလာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ တစ်ခုတည်းသော ထိန်းချုပ်နိုင်မည့်နည်းလမ်းမှာ အခြေခံစံနှုန်းများကို အဘက်ဘက်မှ မြှင့်တင်ရန် လက်တွေ့အကောင်အထည်ဖော်ရန် အရည်အသွေး စီမံခန့်ခွဲသည့် စနစ်များနှင့် ထိန်းချုပ်ရမည် ဖြစ်ပါကြောင်း။

ဆောက်လုပ်ရေးစီမံကိန်းများ၏ လုပ်ငန်းအဆင့်ဆင့်ဖြစ်သည့် ဒီဇိုင်းရေးဆွဲခြင်း၊ တင်ဒါခေါ်ယူခြင်း၊ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ စမ်းသပ်စစ်ဆေးခြင်း စသည်တို့ကို ထိန်းချုပ်ရမည် ဖြစ်ပါကြောင်း၊ အရည်အသွေးမီသည့် ဒီဇိုင်းများဖြစ်ရန် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် အသေးစိတ် ညွှန်းဆိုချက်တို့ကို တိကျစွာပေးပြီး လုပ်ဆောင်ကြရမည် ဖြစ်သကဲ့သို့ FIDIC မှ လမ်းညွှန်ချက်များကိုလိုက်နာ၍ နှစ်ဦးနှစ်ဖက် မျှတသည့်စာချုပ်ချုပ်ဆိုခြင်း၊ စီမံကိန်းကြီးကြပ်ခြင်းနှင့် လုပ်ငန်းခွင်စစ်ဆေးခြင်းတို့ကိုလည်း တိတိကျကျဖော်ပြပြီး လိုက်နာကြရမည် ဖြစ်ပါကြောင်း။

### အရည်အသွေးအဆင့် မြှင့်တင်

မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီအနေဖြင့် ပညာရှင်များ၏ အရည်အသွေးနှင့် အင်ဂျင်နီယာငယ်များ၏ အရည်အသွေးကို အဆင့်ဆင့် မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်နေသလို အမျိုးသား ကျွမ်းကျင်မှုစံနှုန်း သတ်မှတ်ရေး၊ အာဏာပိုင်အဖွဲ့အစည်းကလည်း အားစိုက်၍ လုပ်သားအင်အားစု၏ အရည်အသွေးမြှင့်တင်စိစစ်နေသည့်အတွက် ဆောက်လုပ်ရေးကဏ္ဍ၏ လိုအပ်ချက်များကို တစ်နည်းနည်းဖြင့် ဖြေရှင်းပေးရာရောက်မည် ဖြစ်ပါကြောင်း။

ဒုတိယပိုင်းအနေဖြင့် အစိုးရအဖွဲ့အနေနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုကို မြှင့်တင်နိုင်ရေး ဝင်ရောက်ဖြေရှင်းပေးခြင်းဖြင့် ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်သလို နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းသည် ဆောက်လုပ်ရေးကဏ္ဍတွင် အသုံးပြုသည့်အတွက် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို ထိရောက်ရန်၊ နိုင်ငံတော်စီးပွားရေးကဏ္ဍ စည်းချက်ညီစွာ တိုးတက်ကောင်းမွန်လာစေရန် ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်အကောင်အထည်ဖော်နိုင်မှုအပေါ်မှာ များစွာမူတည်ပါကြောင်း။

### သေချာစွာထိန်းကျောင်း

ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေဖြင့် ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်ပေးမည့် အဖွဲ့အစည်းတစ်ရပ်ကို မဖြစ်မနေဖွဲ့စည်း၍ ဆောက်လုပ်ရေးကဏ္ဍ၏ လုပ်ဆောင်ချက်များကို သေချာစွာထိန်းကျောင်း၍ တိုးတက်ကောင်းမွန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိနေရန် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဝယ်ယူရေးဥပဒေ၊ ပွင့်လင်းမြင်သာမှုအတွက် ပြည်သူလူထု၏ ပိုင်ဆိုင်မှုများ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးမြင့်မားမှုအတွက် ရည်ရွယ်၍ ပြုစုထားပြီး ဈေးနှုန်းသက်သာ၍ ထိရောက်မြန်ဆန်ရန် နည်းပညာဆိုင်ရာ သုတေသနလုပ်ငန်းများကိုလည်း အကျိုးတူပူးပေါင်း အကောင်အထည်ဖော်လျက်ရှိပါကြောင်း။

### လမ်းညွှန်ချက်များအား ပြုစု

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဆောက်အအုံ ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ထုတ်ပြန်နိုင်ရေးအတွက် Building Construction Industry Development Law (BCID) တွင် ပြည်ထောင်စုအစိုးရ၊ လွှတ်တော်သို့ တင်ပြရန် အဆင့်ရောက်ရှိပြီဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ UN Habitat၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံအမျိုးသား အဆောက်အအုံဆိုင်ရာ လမ်းညွှန်ချက်များအား အခြားဝန်ကြီးဌာနများ၏ ပူးပေါင်းထောက်ခံမှုဖြင့် ပြုစုခဲ့ပြီး ၂၀၂၀ ပြည့်နှစ်အတွင်း ထုတ်ပြန်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ကွန်ဒိုမီနီယံ ဥပဒေကို ၂၀၁၆ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားအိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် မြို့ပြမူဝါဒကိုပြဋ္ဌာန်းရန် အပြီးသတ် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဆောက်လုပ်ရေးကဏ္ဍ၏ အရည်အသွေးမြင့်မားရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ အဆင့်အတန်းများ တိုးတက်ရေးအတွက် ပါဝင်ပတ်သက်နေသော ကုမ္ပဏီများနှင့် အဖွဲ့အစည်းများအားလုံးကို ပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပန်ကြားလိုပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အခြေခံအဆောက်အအုံများနှင့် အများပြည်သူသုံး အဆောက်အအုံများ အားလုံးကို လက်တွေ့အကောင်အထည်ဖော်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ World Federation of Engineering Organizations (WFEO) မှ Former President Dr.Marlene Kanga က ဆောက်လုပ်ရေးကဏ္ဍနှင့် ပတ်သက်၍ The Latest Changes in Australia ခေါင်းစဉ်နှင့် အမှာစကား ပြောကြားသည်။

### အသေးစိတ် ဆွေးနွေး

ယင်းနောက် Federation of Engineering Institutions of Asia and Pacific(FEIAP) မှ Secretary General Ir. Dr. Tan Yean Chin က Responsibility & Accountability of Stakeholders in Construction Industry in Malaysia ခေါင်းစဉ်ဖြင့် အသေးစိတ် ဆွေးနွေးပြောကြားသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ ချာလီသန်းနှင့် တွဲဖက်အတွင်းရေးမှူးတို့က Moderator အဖြစ် ဆောင်ရွက်ပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးအောင်မြင့်က ဆောက်လုပ်ရေးလုပ်ငန်းများ၊ အင်ဂျင်နီယာအဖွဲ့အစည်းများ ခေါင်းစဉ်နှင့် စာတမ်း၊ အထပ်မြင့်နှင့် အများပြည်သူသုံး အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့(HPBC) ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်က Present Inspection System for High rise and Public Building Projects ခေါင်းစဉ်နှင့် စာတမ်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဝင် ဦးမျိုးမြင့်က Challenges ahead for Myanmar Construction Industry ခေါင်းစဉ်နှင့် စာတမ်းများတို့ကို အသီးသီးဖတ်ကြားဆွေးနွေးခဲ့ပြီး Webinar တွင် ပါဝင်တက်ရောက်သူများက အပြန်အလှန်မေးခွန်းများ၊ အဖြေများဖြင့် ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၅ မှ*

**ဖြေ ။** ။ နောက်တစ်ကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွေကိုတော့ ကျွန်တော်တို့ ရက်သတ်မှတ်ထားတာက ဇူလိုင် ၂၅၊ ၂၆၊ ၂၇ မှာ နောက်တစ်ကြိမ် ပြန်တွေ့ဖို့ပါ။ ရန်ကုန်မှာပဲ စုံညီကျင်းပမယ်။ ပြီးရင် JICM အကြိုဆွေးနွေးပွဲအဖြစ် နှစ်ဖက်အလုပ်အဖွဲ့တွေရဲ့ အစည်းအဝေး နေပြည်တော်မှာ ကျင်းပမယ်။ အဲဒါတွေပြီးရင် နေပြည်တော်မှာပဲ JICM အစည်းအဝေး၊ UPDJC အစည်းအဝေးတွေ ကျင်းပမယ်။ ညီလာခံကို ဩဂုတ် ဒုတိယပတ်ထဲမှာ ကျင်းပနိုင်ရေးအတွက် ကျွန်တော်တို့ ဦးတည်ဆောင်ရွက်နေပါတယ်။

**မေး ။ ။ ဟုတ်ကဲ့… စုံညီကျင်းပမယ်ဆိုတာက……။ အခုက ကိုဗစ်-၁၉ ကြောင့် Online Video Conferencing နဲ့တက်ရောက်နေတဲ့ အဝေးရောက် ကိုယ်စားလှယ်တွေက အစည်းအဝေးလာတက်မယ်ဆိုတဲ့ သဘောလားခင်ဗျာ။**

**ဖြေ ။** ။ ဟုတ်ပါတယ်။ နောက်အစည်းအဝေးတွေမှာ EAO ကိုယ်စားလှယ်တွေအားလုံး တက်ရောက်နိုင်ရေးအတွက် အစိုးရနဲ့ ကျွန်တော်တို့ ညှိနှိုင်းနေပါတယ်။ EAO ကိုယ်စားလှယ်တွေ အခြေပြုမှုက မတူညီတော့ ဇူလိုင် ၂၅၊ ၂၆၊ ၂၇ အစည်းအဝေးတွေမှာ EAO ကိုယ်စားလှယ် အားလုံး အချိန်မီတက်ရောက်နိုင်ရေးအတွက် အစိုးရနဲ့ ညှိနှိုင်းပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ ကိုဗစ်-၁၉ အတွက် ရောဂါစစ်ဆေးဖို့ လိုအပ်ရင်လည်း သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီပေါ့။ (ကျေးဇူးတင်ပါတယ်ခင်ဗျာ)

**တွေ့ဆုံမေးမြန်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

---

## အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် အရာရှိ၊ စစ်သည်များအနက်မှ ထပ်မံ၍ စစ်သည် ၁ ဦးတွင် COVID-19 ရောဂါပိုး တွေ့ရှိ

**နေပြည်တော် ဇူလိုင် ၄**

အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် အရာရှိ၊ စစ်သည်များအနက်မှ ထပ်မံ၍ စစ်သည် ၁ ဦးတွင် COVID-19 ရောဂါပိုး တွေ့ရှိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီးဆုံး၍ ဇွန် ၂၆ ရက်တွင် တပ်မတော်လေယာဉ်ဖြင့် အိန္ဒိယနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အသွားအလာကန့်သတ် သီးခြားစောင့်ကြည့်ထားသည့် အရာရှိ၊ စစ်သည် ၄၈ ဦးအနက် စစ်သည် ၇ ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိမှု သတင်းအား ဇွန် ၂၇ ရက်၊ ၂၈ ရက်နှင့် ဇူလိုင် ၃ ရက်တို့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

ဇူလိုင် ၃ ရက်တွင် COVID-19 ရောဂါပိုး တွေ့ရှိခဲ့သည့် စစ်သည် ၂ ဦးနှင့် ထိတွေ့ဆက်စပ်မှုရှိသူ စုစုပေါင်း ၆၈ ဦးကို သီးခြားစောင့်ကြပ်ကြည့်ရှုပြီး ယနေ့တွင် ၎င်းတို့၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်တို့အားရယူ၍ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ Polymerase Chain Reaction (PCR)နည်းဖြင့် ဓာတ်ခွဲစစ်ဆေးခဲ့ရာ ၎င်းတို့အနက်မှ အိန္ဒိယနိုင်ငံမှ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် စစ်သည် ၁ ဦးတွင် COVID-19 ရောဂါပိုး တွေ့ရှိ (တွေ့ရှိ) ရကြောင်း။

ရောဂါပိုးတွေ့ရှိရသော စစ်သည်အား တပ်မတော်က ကြိုတင်စီစဉ်ထားသည့် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)သို့ ပို့ဆောင်၍ ဆေးဝါးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ၎င်း၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း။

COVID-19 ရောဂါပိုးတွေ့ရှိခဲ့သည့်စစ်သည်နှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများ၊ လေယာဉ်တစ်စီးတည်း လိုက်ပါစီးနင်းခဲ့သူများကိုလည်း လိုအပ်သည့် ရောဂါရှာဖွေဖော်ထုတ်ခြင်း၊ အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်အဖွဲ့များနှင့် Virtual Meeting ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၄**



တိုင်းဒေသကြီးနှင့်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်အဖွဲ့များနှင့် Virtual Meeting ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကြီးကြပ်အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးလှကျော်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကဏ္ဍများအတွက် အထောက်အပံ့ကောင်းများအဖြစ် ထိရောက်စွာ ဆောင်ရွက်နိုင်ကြစေရန် ယခုကဲ့သို့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်စေခြင်း ဖြစ်ပါကြောင်း၊ အဖွဲ့အနေဖြင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (ADS) နှင့် ဆက်နွယ်သည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စာရင်းဇယား အချက်အလက် မှန်ကန်စေရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာ စီမံကိန်းများရေးဆွဲခြင်း၊ ရန်ပုံငွေ တွက်ချက်ခြင်း၊ လုပ်ငန်းအကောင်အထည်ဖော်မှု အစီရင်ခံတင်ပြခြင်း၊ ကြီးကြပ်စိစစ်ခြင်း လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း ကြီးကြပ်အဖွဲ့များအနေဖြင့် မြေစီမံခန့်ခွဲမှုလုပ်ငန်းများ၊ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်း လုပ်ငန်းရပ်များတွင် ဥပဒေနှင့်အညီ တိကျမှန်ကန်စွာ ဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အပြီးဆောင်ရွက်ရမည့် Covid-19 Economic Relief Plan(CERP) တွင် ပါဝင်သည့် အစီအစဉ်များနှင့် ဒေသခံများ အလုပ်အကိုင်ဝင်ငွေရရှိရေး၊ ပြောင်းလဲသက်ရောက်လာလျက်ရှိသည့် ရာသီဥတုအခြေအနေအရ စိုက်ပျိုးရေ စနစ်တကျစီမံခန့်ခွဲပြီး တောင်သူကိုယ်တိုင် စီမံခန့်ခွဲနိုင်မည့် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရေးလုပ်ငန်းများကို ပူးပေါင်းတာဝန်ယူဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာကဏ္ဍများအလိုက် သတ်မှတ်ပြဌာန်းထားသော ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံတော်နှင့် ဝန်ကြီးဌာနများမှ ချမှတ်ထုတ်ပြန်ထားသော မူဝါဒ ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်မှု စီမံကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

သီးနှံ မျိုးကောင်းမျိုးသန့်နှင့် မျိုးစေ့များ၊ ရေမြေအခြေအနေနှင့် ညီညွတ်စွာမျိုးစေ့ဘဏ်များ ထူထောင်ရေး၊ ခေတ်မီစက်မှုလယ်ယာစနစ် ကူးပြောင်းရေးနှင့် လယ်ယာမြေအခြေခံစက်မှုလုပ်ငန်းများဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ တောင်သူအစုအဖွဲ့များ ကျယ်ပြန့်စွာ ဖွဲ့စည်းဆောင်ရွက်ရေး၊ သဘာဝဂေဟစနစ်များနှင့် ဇီဝမျိုးကွဲများဆုံးရှုံးမှု လျော့နည်းစေရေး၊ စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်ဗဟိုဌာန Information Center ထူထောင်ရေး၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိမည့် လယ်ယာထုတ်ကုန်နှင့် မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်မှုဆိုင်ရာများအား လေ့လာဖော်ထုတ်နိုင်ရေး၊ အလုပ်အကိုင်အရင်းအနှီးရရှိစေရေး၊ အရည်အသွေးမြင့်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်နိုင်ရေးနှင့် အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေး၊ ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းသော အဖွဲ့အစည်းတစ်ခုဖြစ်ရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှု စာရင်းအချက်အလက်များ မှန်ကန်တိကျစေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်မှ မြေယာအသုံးပြုခွင့်ဆိုင်ရာမူဝါဒ ဖြေလျှော့ပေးမှုကြောင့် ငါး၊ ပုစွန် မွေးမြူရေးကဏ္ဍ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်

**ရန်ကုန် ဇူလိုင် ၄**

ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်မှ မြေယာအသုံးပြုခွင့်ဆိုင်ရာမူဝါဒ ဖြေလျှော့ပေးမှုကြောင့် ငါး၊ ပုစွန် မွေးမြူရေးကဏ္ဍ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်၏ ပြောကြားချက်အရ သိရသည်။

"နိုင်ငံတော်က မြေနဲ့ပတ်သက်တဲ့မူဝါဒကို ဖြေလျှော့ပေးလိုက်တဲ့အတွက် ငါး၊ ပုစွန် မွေးမြူရေး လုပ်ငန်းတွေက အရင်ကထက် ပိုပြီးဖွံ့ဖြိုးတိုးတက်သွားမယ်။ ဒီကိစ္စက သာမန်အမိန့်ထုတ်တာမဟုတ်ဘူး။ မြေနဲ့ပတ်သက်တဲ့မူဝါဒကို ဖြေလျှော့ပေးလိုက်တာ။ ဒီဖြေလျှော့ပေးမှုက ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းတွေအတွက်လည်းအကျိုးကျေးဇူးရှိသလိုနိုင်ငံတော်အတွက်လည်း အကျိုးကျေးဇူးရှိတယ်"ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

အဆိုပါ မြေအသုံးပြုခွင့်ဆိုင်ရာ မူဝါဒကို ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ယခုနှစ် ဇွန်လ ၁၉ ရက်က ထုတ်ပြန်ခဲ့ကြောင်း၊ ထုတ်ပြန်ချက်တွင် လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် ခွင့်ပြုမိန့်မရမီ တူးဖော်ဆောင်ရွက်ထားသော ငါး၊ ပုစွန် မွေးမြူရေးကန်များကို သတ်မှတ်ဒဏ်ကြေးပေးဆောင်စေ၍ ခွင့်ပြုမိန့်ထုတ်ပေးရန် ညွှန်ကြားထားကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်က သိရသည်။




ပြည်ပ ဈေးကွက်ဝင် ငါးတန်းအား ပြသစဉ်။

မြန်မာနိုင်ငံတွင် ငါး၊ ပုစွန် မွေးမြူရေး ကေပေါင်း ငါးသိန်းနီးပါးခန့်ရှိပြီး ကေ တစ်သိန်းနှစ်သောင်းခန့်သာ လယ်ယာမြေအခြားနည်း အသုံးပြုခွင့် ရရှိထားပြီး ကျန်ဧက သုံးသိန်း ခုနှစ်သောင်းခန့်မှာ လျှောက်ထား ဆောင်ရွက်ခဲ့သော်လည်း မြေယာ ခွင့်ပြုချက်များမရရှိဘဲ ကြန့်ကြာနေရကာ ယခုအစိုးရလက်ထက်မှသာ မြေယာမူဝါဒ ဖြေလျှော့မှု ပြုလုပ်ပေးနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြီး သုံးသပ်ပြောကြားသည်။

"အရင်က ငါး၊ ပုစွန် မွေးမြူရေး လုပ်ငန်းတွေမှာ အရင်းအနှီးလိုရင် အတိုးများများနဲ့ အပြင်က ချေးငှားရတယ်။ ဘဏ်စနစ်နဲ့ ချိတ်လို့မရဘူး။ တရားဝင်မဟုတ်တော့ ပေါင်လို့လည်း မရဘူး။ ဘဏ်တွေကလည်း အပေါင်မခံဘူး။ အရင်းအနှီးလိုတော့ အပြင်က အတိုးများများပေးပြီး ချေးရတယ်။ အတိုးများတဲ့အခါကျတော့ အကျိုးအမြတ်လည်းမရဘူး။ အခု တရားဝင်ခွင့်ပြုလိုက်တာနဲ့ ဒီလုပ်ငန်းတွေက ပေါင်လို့ ငွေချေးလို့ရသွားမယ်"ဟု အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာန၏ စာရင်းများအရ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းပြီးလျှင် ရေထွက်ကုန်ပစ္စည်း ထုတ်လုပ်ရေးလုပ်ငန်းသည် အလုပ်အကိုင်အခွင့်အလမ်း အများဆုံးဖန်တီးပေးနိုင်သည့် လုပ်ငန်းဖြစ်ပြီး အချိန်ပြည့်၊ အချိန်ပိုင်းလုပ်သား ၃ ဒသမ ၅ သန်းခန့်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ငါး၊ ပုစွန် မွေးမြူရေး ကေပေါင်း ၅ သိန်းခန့်ရှိပြီး အဆိုပါ မွေးမြူရေးကန်များမှ ထွက်ရှိလာသည့် ရေချိုငါးများကို နေ့စဉ် ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးသို့ ပိဿာချိန်နှစ်သိန်းခွဲခန့်၊ ရွှေပိတောက်ငါးဈေးသို့ ပိဿာချိန် သုံးသိန်းခန့်၊ လှိုင်သာယာမြို့နယ် ငွေပင်လယ်ဇုန်ရှိ ငါးဈေးသို့ ပိဿာချိန် ငါးသောင်းခန့် တင်ပို့ရောင်းချနေရကာ အဆိုပါ ငါးများထဲမှ နေ့စဉ် ပိဿာချိန် တစ်သိန်းငါးသောင်းခန့်ကို ပြည်ပသို့ တင်ပို့နေရကြောင်း၊ ကျန်ငါးများကို ပြည်တွင်းစားသုံးရန် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

ပြည်ပသို့ ရေထွက်ကုန်ပစ္စည်း တင်ပို့မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇူလိုင်လအထိ ရေထွက်ကုန်ပစ္စည်း မက်ထရစ်တန်ချိန် ငါးသိန်းကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၆၀၀ခန့် ရှာဖွေပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇူလိုင်လအထိ ရေထွက်ကုန်ပစ္စည်း မက်ထရစ်တန်ချိန် ငါးသိန်းရှစ်သောင်းကျော် ပြည်ပသို့ တင်ပို့နိုင်ခဲ့ကာ အမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော် ရှာဖွေပေးနိုင်ခဲ့ကြောင်းနှင့် ယခင်ဘဏ္ဍာနှစ် ကာလတူထက် ယခုနှစ် ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၁၀၀ ပိုမိုရှာဖွေပေးနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။




ဦးဝင်းကြိုင်
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
အထွေထွေအတွင်းရေးမှူး

**သတင်း-မင်းသစ်(MNA)**
**ဓာတ်ပုံ-ကျော်ဇေယျ**

# ပင်လယ်ငါးဖမ်းရေယာဉ်လုပ်သားများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းဆင်း

**မွန် ဇူလိုင် ၄**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော ပင်လယ်ငါးဖမ်းရေယာဉ်လုပ်သားများ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ကျိုက္ခမီမြို့ ရေလည်ဘုရားဝင်းအတွင်းရှိ သီရိဇေယျာခန်းမ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဌေးဝင်း၊ သံဖြူဇရပ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်၊ သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးဦး၊ တိုက်နယ်ဆရာဝန်ကြီး ဦးသန်းဌေးအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကျော်ထွေး၊ မြို့နယ်ကြက်ခြေနီ ဒုတပ်ဖွဲ့မှူး ဦးသန့်ဇင်ဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီး၊ ရေးမြို့နယ်ငါးလုပ်ငန်းဦးစီးမှူး၊ မြို့နယ်သမဝါယမဦးစီးဌာနမှူး ဦးဇော်ဝင်းနှင့် ဝန်ထမ်းများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ပင်လယ်လုပ်ငန်းခွင် အရေးကြုံလာသောအချိန်တွင် မည်သို့တုံ့ပြန်ရမည်ကို သိရှိစေရန်နှင့် တစ်ဦးနှင့်တစ်ဦးလည်း ပိုမိုစောင့်ရှောက်လာနိုင်ကြစေရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူးထံက ပြောသည်။ သင်တန်းသို့ ကျိုက္ခမီအခြေပြု ကမ်းဝေးငါးဖမ်းရေယာဉ်လုပ်သား ၄၀ အောင်မြင်စွာ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❊ *ကျောဖုံးမှ*

ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံအတွင်း၌ ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိ ရုပ်ရှင် သရုပ်ပြရိုက်ကူးပြသမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရုပ်ရှင်နှင့်ရုပ်မြင်သံကြား ပြန်လည်ရိုက်ကူး ထုတ်လွှင့်နိုင်ရေးအတွက် ပါဝင်ကြမည့် အနုပညာရှင်များ၊ ရိုက်ကူးရေးဝန်ထမ်းများ၊ ရိုက်ကွင်းနေရာများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရိုက်ကူးကြရန်လိုအပ်ကြောင်း အကြံပြုမှာကြားသည်။

Forever Group မှ အထွေထွေမန်နေဂျာ ဦးပြည့်ဖြိုးဟန်က "အဓိကကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက Social Distancing အပါအဝင် ရောဂါကြိုတင်ကာကွယ်မှုတွေ လုပ်ရမယ်။ လုပ်နိုင်ရင် ရောဂါကာကွယ်ရာ ရောက်မယ်။ အခုကာလမှာ ရိုက်ကူးရေးပစ္စည်းတွေကို ပိုးသတ်မယ်၊ ရိုက်ကူးရေးအဖွဲ့တွေကို တတ်နိုင်သလောက် လျှော့ချပြီးသုံးမယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တာဝန်ရှိသူတွေ လာရောက်ကြည့်ရှုပြီး မှာကြားတာတွေကို နာယူမယ်။ ကင်မရာမန်းက အဝေးကနေ ကွန်ထရိုးလုပ်ပြီး ရိုက်ကူးသွားမယ့် အစီအစဉ်လည်းရှိပါတယ်"ဟု ပြောသည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာလွင်က "ကျွန်မတို့ဝန်ကြီးဌာနရဲ့ တာဝန်ပေးချက်အရ ရုပ်ရှင် / ရုပ်သံ ရိုက်ကူးရေးလုပ်ငန်းတွေ ရပ်နားထားတာကနေ ပြန်လည်စတင်နိုင်ဖို့အတွက် ဒီ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့ကာလအတွင်းမှာ လုပ်ငန်းတွေ ဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတာ အကြံပြုပေးဖို့အတွက် သွားရောက်ခဲ့ပါတယ်။ ရုပ်ရှင်နဲ့ရုပ်မြင်သံကြား ရိုက်ကူးရေးနေရာတွေကို သွားရောက်ကြည့်ရှုခဲ့ပါတယ်။ ကျွန်မတို့ ကြည့်တဲ့အပိုင်းက အဓိကက နှစ်ပိုင်းပါ။ တစ်ခုက လိုက်ဖ်လွှင့်ပြီး ဆက်တင်နဲ့ရိုက်ကူးနေတဲ့ ရိုက်ကူးရေးအဖွဲ့တွေ၊ သရုပ်ဆောင်တွေကို အကြံပြုတဲ့အပိုင်းတွေ ရှိပါတယ်။ Forever Group ရဲ့ ကြိုတင်ပြင်ဆင်ထားတဲ့ အစီအစဉ်တွေ၊ ပြင်ဆင်မှုတွေကို ကြည့်ပါတယ်။ လိုအပ်တဲ့အကြံပေးမှုတွေ ဆောင်ရွက်ပါတယ်။

"ရောဂါကာကွယ်ဖို့ အဓိကကျတဲ့အချက် Social Distancing ခြောက်ပေအကွာ နေဖို့ဆိုတဲ့အချက်ကို အလေးအနက်ထားပြီး အကြံပြုပါတယ်။ နောက်တစ်ခုက လူတွေ တစ်ဦးနဲ့တစ်ဦးထိတွေ့မှု၊ တကယ်တမ်း သရုပ်ဆောင်တွေ ရိုက်ကူးတဲ့အခါ လူတစ်ကိုယ်ရည်ကို ကာကွယ်ရမယ့် ပစ္စည်းတွေမပါတော့ဘူး။ အဲဒီအခါမှာ နီးကပ်မှုအနေအထားနဲ့ အချိန်အတိုင်းအတာ ၁၅ မိနစ်အောက် ရှိနိုင်ဖို့အတွက် စီစဉ်ပေးပါ။ ရှိနေတဲ့အခန်းက အလုံပိတ်အဲကွန်းခန်းဖြစ်နေရင် ဒီနေရာပေါ်မှာ Social Distancing လူတစ်ယောက်နဲ့တစ်ယောက် အကွာအဝေးရယ်၊ အချိန်အနေအထားရယ်၊ အကာအရံ၊ အကာအကွယ် ဘယ်လိုထားနိုင်မလဲဆိုတဲ့အပေါ်မှာ အကြံပြုခဲ့ကြပါတယ်။ ထို့အတူပဲ အတွင်း၊ အပြင် ရိုက်ကူးတဲ့နေရာတွေမှာလည်း အပြင်ရိုက်ကူးရေးဆိုရင် ပြင်ပပရိသတ်တွေနဲ့ ထိတွေ့မှုမရှိအောင် စီစဉ်ရိုက်ကူးဖို့ အရေးကြီးကြောင်း ပြောပါတယ်။ ရိုက်ကူးရေးအဖွဲ့တွေ၊ သရုပ်ဆောင်တွေနဲ့ ဒါရိုက်တာနဲ့ နီးကပ်မှုမရှိအောင်စီစဉ်ထားတဲ့ အနေအထားတွေက ကောင်းမွန်တဲ့အတွက် အကြံပြုချက်အနည်းငယ်သာ ထပ်မံဖြည့်စွက်ပေးရပါတယ်။ အဓိကအချက်နှစ်ချက်ပါရင် ရိုက်ကူးရေးကို ပြုလုပ်လို့ရပါတယ်"ဟုပြောကြားသည်။

ဇွန် ၃၀ ရက်တွင် ရုပ်ရှင်/ရုပ်သံပြန်လည်ရိုက်ကူးမှုနှင့် ရုပ်ရှင်ရုံများ ပြန်လည်ပြသနိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကမှ ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များ တွေ့ဆုံ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း ရောဂါမကူးစက်အောင် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ ရုပ်ရှင်/ ရုပ်သံ လုပ်ငန်းများ ပြန်လည်ရိုက်ကူးနိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ လိုအပ်သလို ကြည့်ရှုသုံးသပ်၍ လမ်းညွှန်ခြင်း၊ ကြပ်မတ်ခြင်း၊ ကူညီခြင်းများကို ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်း- ရီရီမြင့်၊ ဓာတ်ပုံ- လှမိုး**



ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာလွင်နှင့် တာဝန်ရှိသူများ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံ၌ ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိရုပ်ရှင် သရုပ်ပြရိုက်ကူးမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ရွှေပင်လုံအိမ်ရာ အပိုင်း(၄)ရှိ Forever Group ၏ ရိုက်ကူးရေးဌာန စတူဒီယိုအတွင်း သရုပ်ပြရိုက်ကူးမှုကို တွေ့ရစဉ်။

# ဖျားနာကုဆေးခန်း၌ စမ်းသပ်စစ်ဆေးခံသူ ၆၀ တွင် တီဘီရောဂါလက္ခဏာ ၁၀ ဦး တွေ့ရှိ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားသည့် ဖျားနာလူနာကုသမှုအခမဲ့ဆေးခန်း Fever Clinic များတွင် တီဘီရောဂါ ရှိ မရှိ အခမဲ့စစ်ဆေးပေးခြင်းလုပ်ငန်းကို ဇူလိုင် ၁ ရက်မှစတင်ပြီး ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁ ရက်မှ ၃ ရက်အထိ မြို့နယ်ခြောက်ခုရှိ Fever Clinic ၌ လာရောက်ပြသသူ ၆၀ တွင် တီဘီရောဂါလက္ခဏာစစ်ဆေးတွေ့ရှိသူ ၁၀ ဦးရှိကြောင်း လူထုအခြေပြုဖျားနာလူနာကုဆေးခန်းများ ကွန်ရက်ရန်ကုန်မှ သိရသည်။

တီဘီရောဂါရှိ မရှိ စမ်းသပ်စစ်ဆေးခြင်းကို အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း၏ ညွှန်ကြားချက်ဖြင့် Fever Clinic များနှင့် ပြည်ကြီးခင်လူမှုအဖွဲ့အစည်းတို့ ပူးပေါင်းပြီးဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့စစ်ဆေးရာတွင် တီဘီဌာနမှ ဆရာဝန်တစ်ဦး၊ ဓာတ်မှန်ကျွမ်းကျင်တစ်ဦး၊ ဓာတ်မှန်အကူတစ်ဦးတို့က Portable Digital X – Ray ရွေ့လျားဓာတ်မှန်စက်ကြီးများ အသုံးပြု၍ တီဘီရောဂါလက္ခဏာရှိနိုင်သည့် လူနာများကို စမ်းသပ်စစ်ဆေးပြီး တီဘီရောဂါလက္ခဏာတွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်ရှိ တီဘီဌာနများသို့ လွှဲပြောင်းကုသပေးမည်ဖြစ်ကြောင်း သိရသည်။

ဆေးရုံများနှင့် တွဲဖက်ထားခြင်းမရှိသည့် မြို့နယ် ၁၄ မြို့နယ်ရှိ Fever Clinic များတွင်သာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အောင်သူရ




# ကျီခါးမြို့၌ ခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၅၂၈ သန်းဖြင့် လျှပ်စစ်ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး



**ကျီခါး ဇူလိုင် ၄**

ချင်းပြည်နယ် ဖလမ်းခရိုင် ကျီခါးမြို့၌ ပြည်နယ် ခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၅၂၈ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့တည်ဆောက်ခြင်း၊ လျှပ်စစ်မီးကြိုးနှင့် ဓာတ်တိုင်များ အစားထိုးလဲလှယ်ခြင်းနှင့် ဓာတ်တိုင်များပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှု ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(ဝဲပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ၄၀၀ ဗို့ ဓာတ်အားလိုင်းတိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ကျီခါးမြို့အမှတ်(၂) ရပ်ကွက်ရှိ မြို့ပတ်လမ်း၊ ပန်းမွှာလ်လမ်း၊ တုန်ကျင်းလမ်းနှင့် အမှတ်(၁) ရပ်ကွက် ထွမ်ဇာကျင်လမ်း၊ ကားဂိတ်လမ်းများတွင် လည်းကောင်း၊ ၄၀၀ဗို့ ဓာတ်အားလိုင်း အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို အမှတ်(၁)ရပ်ကွက် အ.မ.က (ခေါမွန့်) ကျောင်းလမ်း၊ ပန်းဘဲ+ဇိုဇမ်လမ်းနှင့် အမှတ်(၂) ရပ်ကွက် ခတ္တာလမ်း၊ ကမ်းနားလမ်း၊ အ.မ.က.(ခွဲ)ကျောင်းလမ်း၊ ထွမ်ဇထောင်လမ်း၊ မြို့ပတ်လမ်း၊ မာအိုဝမ်လမ်းများတွင် လည်းကောင်း၊ ဓာတ်တိုင် ၁၈ တိုင် ပြောင်းရွှေ့တည်ဆောက်ခြင်းလုပ်ငန်းကို ကျီခါးမြို့ အမှတ် (၁)နှင့်အမှတ်(၂)ရပ်ကွက်ရှိ တောင်ဇလပ်လမ်းတစ်လျှောက်၌ လည်းကောင်း ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုအားလုံး ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ကျီခါးမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မီးစက်ကီလိုဝပ်အား ၁၆၀ ဖြင့် မြို့ပေါ်ရပ်ကွက်နှစ်ခုရှိ အိမ်ခြေ ၃၁၅ အိမ်ကို နေ့စဉ် ည ၇ နာရီမှ ၉ နာရီအထိ လျှပ်စစ်မီးပေးလျက်ရှိကြောင်း သိရသည်။ ယခုအခါ လျှပ်စစ်မီးကြိုးနှင့် ဓာတ်တိုင်များ အသစ်လဲလှယ်ခြင်း၊ တိုးချဲ့ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းကြောင့် မြို့ပေါ်ရပ်ကွက်ရှိပြည်သူများ အနေဖြင့် လျှပ်စစ်မီးသုံးစွဲနိုင်သူ ပိုမိုတိုးပွားလာပြီး ယခင်ထက် ဓာတ်အား ပိုမိုပြည့်ဝစွာသုံးစွဲနေပြီဖြစ်ကြောင်း သိရသည်။


**ဆလိုင်းလိန်းမာန် (ပြန်/ဆက်)**

# လူမှုစီးပွားဖွံ့ဖြိုးဖို့ သမဝါယမကိုအားပေးစို့

*K ဇင်သစ်(မန်းတက္ကသိုလ်)*

**လူသားတို့၏ လိုအင်ဆန္ဒက မြားမြောင်လှပါသည်။ ယင်းလိုအင်ဆန္ဒများ ဖြည့်ဆည်းပေးရန် အသင်းအဖွဲ့၊ ကုမ္ပဏီ၊ ဌာန၊ အစိုးရများက တတ်စွမ်းသမျှ ဆောင်ကြဉ်းပေးနေကြသည်ကိုလည်း တွေ့နေကြရပါသည်။ တစ်ဦးနှင့်တစ်ဦး လိုချင်မှုအဖုံဖုံကလည်း အသွင်အမျိုးမျိုးဖြင့် ဆန်းပြားမှုအစုံစုံ ရှိနေနိုင်သည်က ငြင်းဖွယ်မရှိပါ။ အများပိုင်ကုမ္ပဏီများ၏ အများအကျိုး ဆောင်ရွက်ပေးမှုဖြင့် ယင်းတို့ထည့်ဝင်ထားသည့်ရှယ်ယာများအလိုက် တစ်ဦးချင်းစီက အကျိုးခံစားခွင့်ရနေကြသည်ကလည်း အများ၏ ယုံကြည်မှုကိုရရှိပြီး ဒီရေအလား တိုးတက်အောင်မြင်နေသည့် မြင်ကွင်းများကို မျက်ဝါးထင်ထင် တွေ့နေရပြန်သည်။ ဤတွင် Institution တစ်ခု ခိုင်မာကျယ်ပြန့်စွာ ဖွဲ့စည်းတည်ရှိမှုက အောင်မြင်မှုလားရာသို့ ဦးတည်နေသည်ဟု ယုံကြည်၍ ရနိုင်ပေမည်။ မြန်မာနိုင်ငံတွင် ခိုင်မာသော Institution များစွာရှိသည့်အနက် နှစ်ပေါင်း ၁၁၅ ကျော် ရပ်တည်နေသည့် သမဝါယမအဖွဲ့အစည်းသည်လည်း Institution အဖြစ် တည်ရှိနေသည်ကို ပြည်သူအများစု ခရေစေ့တွင်းကျသိရှိစေရန် ရှင်းလင်းတင်ပြလိုပါသည်။**

သမဝါယမဟုဆိုလိုက်လျှင် ဆူကြုံနိမ့်မြင့် အသင်းသားပြည်သူများအကျိုး ရဲရဲဝံ့ဝံ့ရပ်တည်နေသည့် အစိုးရအဖွဲ့က ထူထောင်ပေးထားသည့် အဆင့်ဆင့်သော ဦးစီးဌာနများ တည်ရှိသလို တစ်ဖက်တွင်လည်း သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အများ၏ဆန္ဒဖြင့် လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နေသည့် ဗဟိုမှသည် အခြေခံကျေးလက်တောရွာများအထိ အသင်းအဆင့်ဆင့်ကလည်း ပြည်သူအကျိုး ဦးတည်ကာ ဆင်းရဲ-ချမ်းသာ၊ ကျား-မ၊ ဘာသာ-လူမျိုး မခွဲခြားဘဲ ပူးပေါင်းပါဝင်လိုစိတ်ရှိသူများကို စည်းရုံးကာ ထုတ်လုပ်- ဝန်ဆောင်၊ ကုန်သွယ်ဟူ၍ အသင်းအမျိုးအစား စုံလင်စွာဖြင့် ဖွဲ့စည်းထားရှိမှုကလည်း နိုင်ငံအဝန်း ထင်ရှားတည်ရှိနေပါသည်။ ၄ ဒသမ ၂ သန်းခန့်ရှိသည့် သမဝါယမအသင်းသားအများစုမှာ အခြေခံပြည်သူများ ပါဝင်နေသည်ကို တွေ့ရပါသည်။ အိမ်ထောင်စု၏ မိသားစုကိုကိုယ်စားပြုသည့် အသင်းသားပြည်သူများ၏ ပါဝင်မှုအားကောင်းစွာရပ်တည်နေသည့် နိုင်ငံအဝန်း နေရာဒေသမရွေး ဇနပုဒ်ငယ်လေးများအထိ ကွန်ရက်ချိတ်ကာ ဖွဲ့စည်းထားသည့် Cooperative Network ကြီးက အုတ်မြစ်ခိုင်မာပြီး ထုထည်ကြီးမားလှပေသည်။ ဦးစီးဌာနနှင့် အသင်းအဆင့်ဆင့်တည်ရှိမှုကို ဖော်ပြပါအတိုင်း တွေ့သိရပါသည် -




**“ အရိုးပေါ်အရွက်မဖုံးဘဲ ခေတ်အဆက်ဆက် ရှင်သန်ရပ်တည်နေခဲ့သည့် သမဝါယမ အဖွဲ့အစည်းကို လက်ရှိအနေအထားထက် စည်းစနစ်ကျသော အသွင်သဏ္ဌာန်၊ ဘဏ္ဍာရေးအရင်းအမြစ်၊ လိုအပ်သည့် အထောက်အပံ့တို့ကိုသာ ဖြည့်ဆည်းဆောင်ရွက် ပေးလိုက်မည်ဆိုပါက အခြေခံပြည်သူများအတွက် လိုအပ်သည့်လိုအင်များကို တတ်စွမ်း သမျှ ဖြည့်ဆည်းပေးနိုင်လိမ့်မည်”**

### လွတ်လပ်ပွင့်လင်းခြင်းမှ ရေရှည်တည်တံ့ခြင်းသို့

တည်ဆဲသမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို စေ့ငုကြည့်လျှင်လည်း အများအကျိုးသယ်ပိုးလိုသူများ၊ လူမှုရေးလုပ်ငန်းကို ရှေ့တန်းတင်ပြီး အသင်း၏ စီးပွားရေးလုပ်ငန်းကို လွတ်လပ်ပွင့်လင်းစွာ လုပ်ကိုင်ခွင့်ရှိနေခြင်းကလည်း ရေရှည်တည်တံ့ခိုင်မြဲခြင်းဆီသို့ ဦးတည်နေခြင်းဟု ယုံကြည်မိပါသည်။ တစ်ချိန်တုန်းကလို အမိန့်ပေးစနစ်ပုံစံမျိုးမဟုတ်တော့ဘဲ အများဆန္ဒနှင့်အညီ ကိုယ်တိုင်စီမံခန့်ခွဲပိုင်ခွင့်ရှိနေသည့် BOD များကိုလည်း ဒီမိုကရေစီစံနှုန်းများဖြင့် ရွေးချယ်တာဝန်ပေးနေသည့် သမဝါယမအသင်းများ၏ ခေါင်းဆောင်မှု-ဦးဆောင်ဦးရွက်ပြုသူများ ရွေးချယ်မှုကလည်း လွတ်လပ်ပွင့်လင်းမြင်သာမှု ရှိနေသည်မှာ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိနေသည်ကို သတိထားမိပါသည်။ အချို့သောဌာနဝန်ထမ်း၊ အသင်းဝန်ထမ်းနှင့် BOD များကြောင့် သမဝါယမပုံရိပ်အနည်းငယ် ထိခိုက်နေမှုမှလွဲ၍ နိုင်ငံအဝန်း မြန်မာကျပ်ငွေ ၆၀၀ ဘီလီယံကျော်ကို ကျေးလက်နေ ပြည်သူများအတွက် လုပ်ငန်းအရင်းအနှီး ချေးငွေများအား ထုတ်ချေးထောက်ပံ့ပေးနေခြင်းက အခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ အထောက်အကူပြုနေသည်ကလည်း လက်တွေ့ကျနေသည်ဟု ဆိုချင်ပါသည်။

သမဝါယမအသင်းများ၏ ငွေကြေးများအလွဲသုံးစားလုပ်သဖြင့် ရုံးရောက်၊ ဂါတ်ရောက်အခြေအနေများ ကြားသိနေရခြင်းက စာရင်း- ဇယားကိန်းဂဏန်းဖြင့် လက်တွေ့မြေပြင်တွင်ရှိနေသည့် အခြေအနေမှန်ကို အသေးစိတ်စိစစ်ဖော်ထုတ်နိုင်ခဲ့ခြင်းကြောင့် တွေ့ရှိလာရခြင်းဖြစ်သည်ဟု သုံးသပ်မိပါသည်။ ကိုယ်ကျိုးအလွဲသုံးစားမှုများ မပေါ်ပေါက်ရေးနှင့် သမဝါယမစာရင်းအင်းများ ခိုင်မာရေးအတွက်လည်း ဦးစီးဌာနမှ အမြဲဆိုသလို စစ်ဆေးနေမှုကလည်း Monitoring ကြီးကြပ်မှုကို ဆောင်ကြဉ်းပေးနေခြင်းပင် မဟုတ်ပါလော။ သတင်းမီဒီယာ လွတ်လပ်ခွင့်ရှိသည့် ယနေ့ခေတ်တွင် မည်သည့်သမဝါယမအသင်းကမှ ကိုယ်ကျိုးရှာ အတ္တဆန်မှုမျိုး လုပ်ဆောင်၍ရတော့မည်လည်း မဟုတ်ပါ။ သမဝါယမနှင့်ပတ်သက်၍ လွှတ်တော်အတွင်း ရှင်းလင်းဆွေးနွေးမှုတွေကလည်း တည်ဆဲဥပဒေ-နည်းဥပဒေများနှင့် ညီညွတ်မှုရှိနေကြောင်း သက်သေထူနေသည်ပင် မဟုတ်ပါလော။ အသက်မွေးဝမ်းကျောင်း ပညာဆည်းပူးခွင့်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန် သမဝါယမစီမံခန့်ခွဲမှု၊ စာရင်းအင်းပညာ၊ Accounting၊ Management စသည်တို့ကို လေ့ကျင့်သင်ကြားပေးနေသည့် သမဝါယမတက္ကသိုလ် နှစ်ခု၊ ကောလိပ်နှစ်ခု၊ သင်တန်းကျောင်းလေးကျောင်း၊ ကူးသန်းကျောင်း သုံးကျောင်းတို့ ဖွင့်လှစ်ထူထောင်ထားခြင်းကြောင့် သမဝါယမအဖွဲ့အစည်း Institution ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုတွင် အထောက်အကူပြုနေမှုများကို တွေ့ရမည်ဖြစ်ပေသည်။

အရိုးပေါ်အရွက်မဖုံးဘဲ ခေတ်အဆက်ဆက် ရှင်သန်ရပ်တည်နေခဲ့သည့် သမဝါယမ အဖွဲ့အစည်းကို လက်ရှိအနေအထားထက် စည်းစနစ်ကျသော အသွင်သဏ္ဌာန်၊ ဘဏ္ဍာရေး အရင်းအမြစ်၊ လိုအပ်သည့် အထောက်အပံ့တို့ကိုသာ ဖြည့်ဆည်းဆောင်ရွက်ပေးလိုက်မည်ဆိုပါက အခြေခံပြည်သူများအတွက် လိုအပ်သည့်လိုအင်များကို တတ်စွမ်းသမျှ ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု အစဉ်ယုံကြည်နေမိပါသည်။ မှတ်မိနေပါသေးသည်- ၂၀၁၉ ခုနှစ် နွေစပါးပေါ်ချိန်တွင် အခြေခံစပါးဈေးနှုန်းတင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်းနှုန်း နိုင်ငံတော်က သတ်မှတ်ထားပေမယ့် ထိုအချိန်က ငွေကျပ် ၄ ဒသမ ၃ သိန်းခန့်အထိ ကျဆင်းသွားခဲ့၍ သမဝါယမအသင်းစု၊ စုချုပ်များချိတ်ဆက်ပြီး ငွေကျပ်ငါးသိန်းနှုန်းဖြင့် ဝင်ရောက်ဝယ်ယူခဲ့ခြင်းကြောင့် ပြင်ပဈေးကွက်တွင် သမဝါယမက စပါးဝယ်နေပြီဟု သတင်းထွက်ပေါ်လာပြီးနောက် တောင်သူများအတွက် ငွေကျပ်ငါးသိန်းဈေးရရှိခဲ့ခြင်းက မေ့လို့မရနိုင်သေးပါ။ ယခုနှစ် COVID-19 ကာလအတွင်း လမ်းပန်းဆက်သွယ်မှုများ ခက်ခဲ၊ ပြတ်တောက်ခဲ့သည့်အတွက် ရှမ်းပြည်နယ် ပင်လောင်းနှင့် ပင်းတယနယ်ထွက် ဂေါ်ဖီထုပ်များကို သမဝါယမကွန်ရက်ဖြင့် ချိတ်ဆက်မှုကောင်းစွာဆောင်ကြဉ်းပေးခဲ့သည့်အတွက် ဂေါ်ဖီစိုက်တောင်သူတို့ ပီတိဖုံးခဲ့သည်ကို လက်တွေ့မြင်နေရပေသည်။

“တောင်သူကိုကူ-ပြည်သူကိုမေတ္တာလှူ” ဆိုသည့်မှုကို လက်ကိုင်ထားပြီး သမဝါယမကွန်ရက်ချိတ်ဆက်မှုက အားကောင်းလာသည်ကို တွေ့ရပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် သမဝါယမများသည် No profit ၊ No loss စံနှုန်းကို အခြေခံ၍ လယ်ယာထွက်ကုန်သီးနှံများကို ဈေးကွက်သို့ ချိတ်ဆက်ပေးခြင်းနှင့် အခြေခံပြည်သူများ ပစ္စည်းမှန်-ဈေးနှုန်းမှန် ဝယ်ယူသုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုများက ပြည်သူ့အတွက် သမဝါယမများက အစဉ်ရပ်တည်နေခြင်းဟု ဆိုချင်ပါသည်။ ကျေးလက်နေတောင်သူဦးကြီးများ၏ စိုက်ပျိုးရေးထွက်ကုန်သီးနှံများကို လက်ဝါးကြီးအုပ်ဈေးနှိမ်၍ ခြယ်လှယ်လိုသူတစ်စု၏ မျက်မှောင်ကြုတ်မှုကိုတော့ ခံနိုင်ရည်ရှိရှိကျော်လွှားရဦးမည် ဖြစ်ပေသည်။

### စီးပွားရေးဖွံ့ဖြိုးဖို့ တစ်ထောင့်တစ်နေရာမှကူညီ

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု နှစ်စဉ်တိုးတက်ခဲ့သော်လည်း တောင်သူများ၏ ဝင်ငွေနည်းပါးနေမှုကို သမဝါယမကဏ္ဍက အစွမ်းရှိသမျှ ကူညီဖြည့်ဆည်းပေးနေခြင်းမှသည် နိုင်ငံစီးပွားဖွံ့ဖြိုးရေးကို တစ်ထောင့်တစ်နေရာမှ သယ်ပိုးထမ်းရွက်နေခြင်းလည်း ရောက်ပါသည်။ ကျေးလက်ဒေသများရှိ စိုက်ပျိုး-မွေးမြူရေး သမဝါယမအသင်းတွင် အသင်းသားအဖြစ် ပါဝင်နေသည့် တောင်သူလယ်သမား ဦးကြီးများအနေဖြင့် မိမိတို့၏ စိုက်ပျိုး-မွေးမြူရေးထွက်ကုန်များကို သမဝါယမအသင်းများသို့ ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေး တင်ပြတောင်းခံခြင်းဖြင့် ကုန်ဈေးနှုန်း တည်ငြိမ်စေရေးနှင့် ဈေးကွက်မှန်ရရှိရေးကို “ ကျွဲကူးရေပါ” ဆိုသကဲ့သို့ လုပ်ဆောင်နိုင်မည် ဖြစ်ပေသည်။ နည်းပညာများ ကြွယ်ဝသည့်ယနေ့ခေတ်တွင် ပြည်တွင်းနှင့် နိုင်ငံတကာချိတ်ဆက်ကာ စိုက်ပျိုးရေးထွက်ကုန်သီးနှံများ ဈေးကွက်ခိုင်မာကောင်းမွန်စေရေး နိုင်ငံတော်အစိုးရပိုင်းကလည်း သမဝါယမကဏ္ဍအပေါ် ဘတ်ဂျက်များ တိုးမြှင့်သုံးစွဲခွင့်ပြုခြင်းအားဖြင့် နိုင်ငံတော်၏ စည်းလုံးညီညွတ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်နေမည်ဟု ထင်မိပါသည်။ သမဝါယမအသင်းပိုင် စက်ရုံ၊ အလုပ်ရုံများ၊ ရိုးရာဓလေ့လက်မှုလုပ်ငန်းများ၊ သမဝါယမအသင်းဆိုင်၊ စတိုး၊ Mini Market များ၊ သမဝါယမဆေးပေးခန်း၊ ဆေးရုံများ နိုင်ငံအဝန်း တည်ရှိနေခြင်းကြောင့် ဆက်စပ်ကဏ္ဍများနှင့် ဟန်ချက်ညီညီ လက်တွဲမည်ဆိုပါက သမဝါယမ၏ကွန်ရက်ကား အံ့မခန်းတွေ့နိုင်မည်ဖြစ်ပေသည်။

နိဂုံးဆိုရသော် ဤမျှထုထည်ခိုင်မာပြီး ကျယ်ပြန့်စွာ ဖွဲ့စည်းထားသည့် သမဝါယမအဖွဲ့အစည်းကြီး ပိုမိုရှင်သန်ဖွံ့ဖြိုးလာနိုင်ရေး တာဝန်ရှိသူတို့က မိမိတို့၏ တတ်စွမ်းသမျှ ကူညီထောက်ပံ့မှုကို အနည်းငယ် ဖြည့်ဆည်းပေးလိုက်ရုံဖြင့် တစ်ဟုန်ထိုးတိုးတက်လာမည်က မြေကြီးလက်ခတ်မလွဲပါ။ ပြည်သူအများစု၏ မှီခိုအားထားရာ အဖွဲ့အစည်းကြီးတစ်ခုအဖြစ် ပေါ်ထွန်းလာပြီး ယင်းအဖွဲ့အစည်း၏ အကျိုးဆက်ကိုလည်း အသင်းဝင်ပြည်သူများပင် ခံစားကြရမည်ဖြစ်ကာ နိုင်ငံတော်အတွက်လည်း အခြေခံပြည်သူများအတွက် စားဝတ်နေရေး သက်သာချောင်ချိရေးတို့ကို သွယ်ဝိုက်ထောက်ပံ့ပေးနေသည့်သဘောဟု တွေ့လာနိုင်မည် ဖြစ်ပေသည်။ ပွင့်လင်းမြင်သာမှုနှင့် အားလုံးပါဝင်လာနိုင်ရေးရှေးရှုပြီး လူမှုစီးပွားရေးလုပ်ငန်းများကို အများဆန္ဒဖြင့် စီမံခန့်ခွဲလုပ်ဆောင်နိုင်ရန် ခိုင်မာသည့်ဥပဒေကလည်း ပြဋ္ဌာန်းပြီးသားဖြစ်၍ သမဝါယမ အင်စတီကျူးရှင်းကို “ ကမ်းလက်ကူ၍၊ ပြည်သူဆီသို့” ခွန်အားစိုက်ထည့်ကြပါစို့ဟူ၍။ ။

---

## (၉၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲနှင့် အသင်းသားများအား အတိုးငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ဟားခါး ဇူလိုင် ၄**

ဇူလိုင်လ ပထမပတ်စနေနေ့တွင် ကျရောက်သည့် (၉၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အထိမ်းအမှတ် “ဂေဟစနစ်များ မပျက်စီးဖို့ သမဝါယမများ ဆောင်ရွက်စို့” ဆောင်ပုဒ်နှင့်အညီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားနှင့် တောင်ဇလပ် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းဝင်များ၏ စုဆောင်းငွေများအပေါ် အတိုးထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဟားခါးမြို့ ချင်းပြည်နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်တွင် ပြည်နယ် သမဝါယမဦးစီးဌာနဦးစီးမှူး ဒေါ်ခင်မာအေး၊ ပြည်နယ်သမဝါယမ အသင်းစုချုပ် ဥက္ကဋ္ဌ ဦးခမ်ကြုံးနှင့် အသင်းဝင်များ၊ ပြည်နယ်သမဝါယမဦးစီးဌာနနှင့် ဟားခါးမြို့နယ်သမဝါယမဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ပျိုးပင် ၁၀၀ ကို အဆိုပါရုံးဝင်းအတွင်း စုပေါင်းစိုက်ပျိုးကြသည်။

ဆက်လက်၍ ပြည်နယ် တောင်ဇလပ်အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းဝင်များ၏ စုဆောင်းငွေများအပေါ် အတိုးထုတ်ပေးခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်ဇလပ်အထွေထွေစီးပွားရေး သမဝါယမအသင်း၏ စုဆောင်းငွေ၊ အတိုးရငွေ နှင့် အသင်းသားဦးရေတိုးတက်လာမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားပြီးနောက် အတိုးငွေများကို ပေးအပ်ခဲ့ရာ အသင်းသားများကိုယ်စားအသင်းသားတစ်ဦးက လက်ခံယူသည်။ (ယာပုံ)

ပြည်နယ်တောင်ဇလပ် အထွေထွေစီးပွားရေး သမဝါယမအသင်း အနေဖြင့်အသင်းသား ၄၅ ဦးမှအသင်းသားတစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ စုဆောင်းခဲ့ကြပြီး စုဆောင်းငွေအပေါ် အတိုးငွေကျပ် ၅၄၂၀၀၀ ကို အသင်းသားများထံ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# မင်္ဂလာဒုံ၊ တာချီလိတ်နှင့် လားရှိုးမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ



**နေပြည်တော် ဇူလိုင် ၄**

မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၃ ရက် နံနက်ပိုင်းက မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း သာစည်လမ်းတွင် မသက်ဘ်ဖွယ် ရပ်တန့်ထားသော ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ယာဉ်မောင်း စောသိန်းလင်းကျော်၊ ယာဉ်နောက်လိုက် အောင်နိုင်ဦးနှင့် အောင်ဖြိုးဦးတို့ကို တွေ့ရှိရကာ ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၄၅၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၀ သိမ်းဆည်းရမိခဲ့သည်။ **(ယာပုံ)**

### ဖမ်းဆီးရမိ

ကွင်းဆက်အရ မွန်းလွဲ ၁ နာရီတွင် အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်း မြောင်းမြလမ်းတွင် ဝင်းလွင်၊ မလှအေးနိုင်(ခ)မနိုင်နိုင်တို့ကို ဟွန်ဒါဖစ်မော်တော်ယာဉ်တစ်စီး၊ လက်ကိုင်ဖုန်းနှစ်လုံးတို့နှင့် လည်းကောင်း၊ ဆက်လက်၍ ည ၉ နာရီတွင် ဆီဆိုင်မြို့နယ် ဆိုက်ခေါင်ကျေးရွာ မင်္ဂလာရပ်ကွက်နေ ပိုင်ဦးအား ၎င်း၏နေအိမ်တွင် လက်ကိုင်ဖုန်းတစ်လုံးနှင့် လည်းကောင်း၊ ဆိုက်ခေါင်ကျေးရွာ ကန့်တန်ရပ်ကွက်နေ မမြတ်မွန်ဦးအား လက်ကိုင်ဖုန်းတစ်လုံး၊ မင်္ဂလာရပ်ကွက်နေ ခွန်သိန်းထူးလေး(ခ) သိန်းထူးအား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် တာလေမြို့နားယောင်းကျေးရွာအုပ်စု စခန်းသာကျေးရွာနေ မအားမီ၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၁၂၆ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့နယ် ရေပူစမ်းကျေးရွာ၏ အနောက်ဘက်ရှိ တောင်ခြေ၌ ငွေကျပ်သိန်း ၃၄၅၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀ ကို လည်းကောင်း။

### အရေးယူထား

အလားတူ ယင်းနေ့ ညပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့နယ် နားဖကျေးရွာအနီး လားရှိုး-မိုင်းယော်သွား ကားလမ်းတွင် နော်ဆန်း(ခ)မာနော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ည ၈ နာရီခန့်တွင် ထိန်းလွန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၊ မြန်မာငွေကျပ် ၃၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြန်မာ ယူ-၁၈ အမျိုးသမီးအသင်း အမျိုးသမီးလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်

**ရန်ကုန် ဇူလိုင် ၄**

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ယခုနှစ်တွင် ကျင်းပမည့် အမျိုးသမီးလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာယူ-၁၈ အမျိုးသမီးအသင်း ပြိုင်ပွဲအတွေ့အကြုံရစေရန် လိဂ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုရန် စီစဉ်နေခြင်းဖြစ်ပြီး အမျိုးသမီးလိဂ်ပြိုင်ပွဲ ကျင်းပမည့်ရက်နှင့် အသင်းများအတည်ပြုပါက တစ်ပေါင်းတည်း အတည်ပြုမည်ဖြစ်သည်။

### အတွေ့အကြုံရစေရန်

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် လူငယ်လက်ရွေးစင် အမျိုးသားအသင်းများကိုလည်း အတွေ့အကြုံရစေရန် လူငယ်လိဂ်နှင့် MNL-2 ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်စေလျက်ရှိပြီး ယူ-၁၈ အမျိုးသမီးအသင်းကိုလည်း ယင်းကဲ့သို့ ဆောင်ရွက်နေခြင်းဖြစ်သည်။

မြန်မာယူ-၁၈ အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ပဏာမကစားသမား ၃၀ ဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။ ယင်းအသင်းသည် မေလဆန်းတွင် စတင်လေ့ကျင့်ရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး ရောဂါအပေါ်မူတည်၍ ဩဂုတ်လတွင် ပြန်လည်လေ့ကျင့်နိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။ မြန်မာယူ-၁၈ အမျိုးသမီးအသင်းသည် ပြီးခဲ့သည့်နှစ်က ဖွဲ့စည်းခဲ့သည့် ယူ-၁၉ အသင်း မှ အသက်မီသူများကို အခြေခံကာ ယူ-၁၆ အသင်းမှ ကစားသမားအများစုဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။

### စတင်ပြင်ဆင်

မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲအဖြစ် အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ကျင်းပမည့်ရက် သတ်မှတ်ရခြင်းမရှိသေးပေ။ ယင်းအသင်းကို ၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် အာရှယူ-၂၀ အမျိုးသမီးပြိုင်ပွဲ နောက်ဆုံးအဆင့် ဝင်ခွင့်ရရန်အထိ ရည်မှန်းထားပြီး ယခုနှစ်တွင် အသက် ၁၈ နှစ်အောက်အသင်းအဖြစ် စတင်ပြင်ဆင်ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**



● *ကျောဖုံးမှ*

လွဲချော်ဖွယ်ရှိနေကြောင်းလည်း သိရသည်။ မာတင်နယ်လီအသည် ပြီးခဲ့သည့် ဒီဇင်ဘာလတွင် ဝက်စ်ဟမ်းအသင်းနှင့် ယှဉ်ပြိုင်စားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ၎င်း၏ပထမဆုံးဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယူရိုပါလိဂ်အုပ်စုအဆင့်တွင်လည်း အာဆင်နယ်အသင်းအတွက် သုံးဂိုးသွင်းယူပေးထားနိုင်ကြောင်း သိရသည်။

အာဆင်နယ်အသင်း၏ အခြားဆက်စပ်သတင်းများအနေဖြင့် အသင်းမှ ဂါဘွန်တိုက်စစ်ကစားသမား အူဘာမီယန်(၃၁နှစ်)သည် တစ်ပတ်လုပ်အားခ ပေါင် ၂၅၀၀၀၀ နှင့်အတူ အာဆင်နယ်အသင်းနှင့် သုံးနှစ် စာချုပ်သစ်ချုပ်ဆိုရန် ဆန္ဒရှိနေကြောင်း သိရသည်။ အသက် (၃၁ နှစ်)အရွယ်ရှိ အူဘာမီယန်သည် ၂၀၁၈ ခုနှစ်တွင် ဒေါ့မွန်အသင်းမှ အာဆင်နယ် အသင်းထံသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၀၁ ပွဲ ပါဝင်ကစားထားကာ ၆၃ ဂိုး အထိ သွင်းယူပေးထားနိုင်ကြောင်း သိရသည်။

၎င်းသည် ဒေါ့မွန်အသင်းတွင်ရှိစဉ်ကလည်း ဒေါ့မွန်အသင်းအတွက် ပြိုင်ပွဲစုံ ၂၁၃ ပွဲ ပါဝင်ကစားခဲ့ကာ ၁၄၁ ဂိုးအထိ သွင်းယူပေးထားနိုင်သူဖြစ်သည်။ ထို့အပြင် အာဆင်နယ်အသင်းသည် အက်သလက်တီကို မက်ဒရစ်အသင်းမှ ဂါနာကွင်းလယ်ကစားသမား သောမတ်စ်ပါတေး(၂၇နှစ်)ကို ခေါ်ယူရန် ဆန္ဒရှိနေပြီး ၎င်းရရှိနေသည့် လုပ်အားခထက် တိုးမြှင့်ကမ်းလှမ်းထားကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃၄)မှစတင်ပြီး လက်စတာ၊ စပါး၊ လီဗာပူး၊ မန်စီးတီး စသည့်အသင်းကြီးများနှင့် ဆက်တိုက်ကစားသွားရမည်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လက်ကျန်ပွဲစဉ်များတွင် ရမှတ်မည်မျှအထိ စုဆောင်းနိုင်ပြီး အမှတ်ပေးဇယားတွင် မည်သည့်အဆင့်အထိ တက်လှမ်းသွားနိုင်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ **အောင်ဇော်**

# နေပြည်တော် ပျဉ်းမနားမြို့၌ လုယက်မှုကျူးလွန်ခဲ့သူအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၄**

နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် ပျဉ်းမနားမြို့မဈေး အနောက်ဘက်တွင် နေအိမ်နှင့်တွဲလျက် ဖွင့်လှစ်ထားသော ပုလဲရတနာရွှေဆိုင်၌ ယမန်နေ့နံနက် ၆ နာရီက ဆိုင်ခင်းကျင်းရန် တံခါးများကို ဖွင့်နေစဉ် အမျိုးသားတစ်ဦးရောက်ရှိလာပြီး ဆိုင်ရှင်၏ ပါးစပ်ကိုလက်ဖြင့်ပိတ်ကာ နားတွင်ဝတ်ဆင်ထားသော နားကပ်တစ်ရန် (တန်ဖိုးငွေကျပ် ၂၅၀၀၀၀ ကျပ်) ကို ဆွဲဖြုတ်လုယူသွားသဖြင့် ဆိုင်ရှင်မှာ ဒဏ်ရာများရရှိခဲ့၍ ပျဉ်းမနားမြို့ ခုတင်(၂၀၀)ဆေးရုံသို့ ပို့ဆောင်ကုသခဲ့သည်။

ဖြစ်စဉ်အား ပျဉ်းမနားမြို့မရဲစခန်းက အမှုရေးဖွင့်စစ်ဆေးလျက်ရှိပြီး ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ယင်းနေ့နံနက် ၆ နာရီခွဲခန့်တွင် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာနေ ကြည်လွင်အား ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်(၂)လမ်း၌ သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးရမိခဲ့ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဆားလင်းကြီးတွင် အရက်မူးပြီး အိမ်ကိုမီးရှို့သူအား ဖမ်းဆီး

**ဆားလင်းကြီး ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ် ရွှေသမင်ကျေးရွာ၌ ယနေ့နံနက် ၂ နာရီခန့်က ကိုဇော်မျိုးထွန်း(၄၈ နှစ်) သည် အရက်သေစာသောက်စားမူးယစ်ပြီး ၎င်း၏နှစ်ထပ်နေအိမ်ကို အပေါ်ထပ်ကစ၍ မီးရှို့ခဲ့ရာ နေအိမ်အပါအဝင် လယ်ယာသုံး သုံးဘီးထွန်စက် တစ်စီး၊ လယ်ယာ ၁၆ ယာဉ် တစ်စီး၊ စက်ဘီး တစ်စီး၊ ရေစည်လှည်း တစ်စီး၊ မီးဖိုဆောင်တစ်ဆောင်နှင့် ၎င်းနေအိမ်နှင့်ကပ်လျက်ရှိသော ဦးထွားပို၏ နွားစာတဲတစ်လုံး မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ဆားလင်းကြီးမြို့ မီးသတ်စခန်းက မီးသတ်ဦးစီးမှူး ဦးမြတ်သူဆွေနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကိုဇော်မျိုးထွန်းအား ဆားလင်းကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးငယ် (ဆားလင်းကြီး)**

# ကလောမြို့နယ် အောင်ပန်းမြို့၌ လူနေအိမ်တစ်လုံး မီးလောင်မှုဖြစ်

**ကလော ဇူလိုင် ၄**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့နယ် အောင်ပန်းမြို့ ရွာငံစုရပ်ကွက် နယ်မြေ(၃)တွင် ဇူလိုင် ၃ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က ဒေါ်သန်းမြင့် (၆၃ နှစ်)၏ နေအိမ်ရှိ တီဗွီမီးဖြတ်စက် အပူလွန်ကဲရာမှ နေအိမ်အပေါ်ထပ် မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

မီးလောင်မှုကြောင့် ဒေါ်သန်းမြင့်တွင် ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိသဖြင့် အောင်ပန်းပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ အောင်ပန်းမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ အောင်ပန်းမီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအာကာငြိမ်းနှင့် တပ်ဖွဲ့ဝင်များ၊ ကလောမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများပူးပေါင်း၍ မီးသတ်ယာဉ်လေးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ **(အောက်ပုံ)** မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းနိုင်ခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အောင်ပန်းနယ်မြေရဲစခန်းက ဒေါ်သန်းမြင့်အား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဒေါ်နယ်ထရမ့်၏ သားအကြီးဆုံး ချစ်သူတွင် ကိုဗစ် - ၁၉ ကူးစက်ခံရ

**ဝါရှင်တန် ဇူလိုင် ၄**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အကြီးဆုံးသားဖြစ်သူ ဒေါ်နယ်ထရမ့် ဂျူနီယာ၏ ချစ်သူမိန်းကလေးတွင် ကိုဗစ် – ၁၉ ကူးစက်ခံထားရကြောင်း အမေရိကန် မီဒီယာများတွင် ဇူလိုင် ၃ ရက်က ဖော်ပြခဲ့ကြသည်။

ဖောက်စ်နယူးမှ ရုပ်သံ တင်ဆက်သူဟောင်း ကင်ဘာလီဂေးဖွိုင်းသည် ဒေါ်နယ်ထရမ့် ဂျူနီယာနှင့် တွဲနေကြပြီး အမေရိကန် သမ္မတ၏ ဇူလိုင်လ မိန့်ခွန်းကို နားထောင်ရန်နှင့် ရက်ရှ်မောတောင်တွင် မီးရှူးမီးပန်း အလှများကြည့်ရန် တောင်ဒါကိုတာပြည်နယ်သို့ ခရီးထွက်ခဲ့သည်။ ကင်ဘာလီ ဂေးဖွိုင်းတွင် ကိုဗစ်– ၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် ၎င်းကို သီးခြားခွဲထားသည်။



ဒေါ်နယ်ထရမ့်ဂျူနီယာနှင့် ကင်ဘာလီဂေးဖွိုင်း

သမ္မတနှင့် အနီးကပ် ဆက်ဆံမှုရှိသည်ဟုယူဆရသူများကို ဆေးစစ်မှုများပြုလုပ်ပြီးနောက် ကင်ဘာလီဂေးဖွိုင်းတွင် ကူးစက်ခံထားရမှန်း သိရှိရခြင်းဖြစ်သည်ဟု နယူးယောက်တိုင်းမ်တွင် ဖော်ပြထားသည်။

ကင်ဘာလီဂေးဖွိုင်းမှာ ရောဂါလက္ခဏာမပြသဖြင့် သေချာအောင် ဆေးစစ်မှု ပြန်လည်ပြုလုပ်သွားမည်ဟု သမ္မတထရမ့်၏ မဲဆွယ်စည်းရုံးရေးဘဏ္ဍာရေးကော်မတီမှ ဝန်ထမ်းအကြီးအကဲ ဆာဂျီအိုဂေါ်က ပြောသည်။ ကြိုတင်ကာကွယ်သည့်အနေဖြင့် ၎င်းသည် သမ္မတထရမ့် မိန့်ခွန်းပြောမည့်ပွဲသို့ တက်ရောက်ခွင့်ရမည် မဟုတ်ပေ။ အမေရိကန်တွင် ကိုဗစ်– ၁၉ ကြောင့် သေဆုံးသူ ၁၃၀၀၀၀ နီးပါးရှိနေပြီး တစ်နိုင်ငံလုံးမှာ အန္တရာယ်အတွင်းသို့ ကျရောက်နေကြောင်း ကူးစက်ရောဂါကျွမ်းကျင်သူ အန်တိုနီ ဖျူစီက ပြောသည်။

အေအက်ဖ်ပီ

# စပိန်နိုင်ငံသည် အီးယူအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံ ၁၂ နိုင်ငံအတွက် နယ်စပ်တံခါးများ ဖွင့်လှစ်ပေး


**မက်ဒရစ် ဇူလိုင် ၄**

ဇူလိုင် ၄ ရက်တွင် စပိန်နိုင်ငံသည် အီးယူအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ခရီးသွားများအတွက် နယ်စပ်ကို ဖွင့်လှစ်ပေးသည်ဟု နိုင်ငံ၏ တရားဝင်ထုတ်ပြန်သော သတင်းလွှာအရ သိရသည်။

**နိုင်ငံများစာရင်း**

အဆိုပါ ၁၂ နိုင်ငံတွင် ဩစတြေးလျ၊ ကနေဒါ၊ တောင်ကိုရီးယား၊ ဂျော်ဂျီယာ၊ ဂျပန်၊ မွန်တီနီဂရိုး၊ နယူးဇီလန်၊ ရဝမ်ဒါ၊ ထိုင်း၊ ဆာဘီးယား၊ ဥရုဂွေးနှင့် တူနီးရှားနိုင်ငံတို့ဖြစ်ကြသည်။

အဆိုပါနိုင်ငံများသည် အီးယူမှ ကနဦး သဘောတူထားသည့် နိုင်ငံပေါင်း ၁၅ နိုင်ငံထဲမှဖြစ်သည်။



မက်ဒရစ်ဘာရာဂျက်စ် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို တွေ့ရစဉ်။

**ကန့်သတ်ချက်တွင် မပါဝင်**

ခရီးသွား ကန့်သတ်မှုများမှာ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသူများ၌ သက်ရောက်မှု ရှိမည်မဟုတ်ပေ။

ဥပမာအားဖြင့် ထရပ်ကားမောင်းသူများ၊ လေကြောင်းလိုင်းတွင် အလုပ်လုပ်ကိုင်နေကြသူများ၊ သင်္ဘောကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်ကြသူများနှင့်ရာသီအလိုက် စိုက်ပျိုးရေးလုပ်သားများ၊ သံတမန်များသည် ခရီးသွားလာမှု ကန့်သတ်ချက်တွင် မပါဝင်ပေ။

**နေရပ်ပြန်ခွင့်ပေး**

စပိန်နိုင်ငံအတွင်း ရောက်ရှိနေကြသည့် နိုင်ငံခြားသားများကို နေရပ်ပြန်ခွင့်ပေးထားသည်။

ဆင်ဟွာ

## တရုတ်နှင့် အငြင်းပွားလျက်ရှိသည့် နယ်စပ်သို့ အိန္ဒိယဝန်ကြီးချုပ် မိုဒီ သွားရောက်

**နယူးဒေလီ ဇူလိုင် ၄**

အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီသည် အငြင်းပွားမှုများဖြစ်ပေါ်နေသည့် ဟိမဝန္တာနယ်စပ်မြို့သို့ ဇူလိုင် ၃ ရက်က သွားရောက်ခဲ့သည်။ လွန်ခဲ့သည့်လက တရုတ်နှင့် စစ်ဘက်ဆိုင်ရာ အငြင်းပွားမှုများဖြစ်ပေါ်ခဲ့ပြီးနောက် ပထမဆုံး အကြိမ်အဖြစ် အဆိုပါဒေသသို့ အိန္ဒိယဝန်ကြီးချုပ် သွားရောက်ခဲ့ခြင်း ဖြစ်သည်။

နောက်ဆုံးအခြေအနေများကို တင်ပြပြီးနောက် မိုဒီက ၎င်း၏တပ်ဖွဲ့ဝင်များကို အိန္ဒိယနိုင်ငံသည် နယ်ချဲ့မှုကိုဆန့်ကျင်ကြောင်း၊ ကျူးကျော်မှုကိုလည်း လက်မခံကြောင်း မှာကြားခဲ့သည်။ ပြီးခဲ့သည့်လအတွင်းက ဖြစ်ပွားခဲ့သည့် ပဋိပက္ခတွင် အိန္ဒိယတပ်ဖွဲ့ဝင် ၂၀ သေဆုံးခဲ့ရသည်။

တရုတ်နိုင်ငံဘက်ကမူ မည်မျှထိခိုက်မှုရှိကြောင်း ဖော်ပြခဲ့ခြင်းမရှိပေ။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် အဖြေရှာသွားမည်ဟု သဘောထူထားကြသည်။

အင်န်အိတ်ချ်ကေ

## မိုဂါဒစ်ရှူး ဆိပ်ကမ်းမြို့တွင် ကားဗုံးပေါက်မှုကြောင့် လူခုနစ်ဦး ဒဏ်ရာရရှိ

**မိုဂါဒစ်ရှူး ဇူလိုင် ၄**

ဆိုမာလီနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးရှိ စစ်ဆေးရေးဂိတ်၌ အသေခံကားဗုံးခွဲသူတစ်ဦးကို ဇူလိုင် ၄ ရက်တွင် ရဲများက ပစ်ခတ်ခဲ့ပြီး လူခုနစ်ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု ရဲများနှင့် မျက်မြင်သက်သေများက ပြောသည်။

အသေခံဗုံးခွဲသူသည် ဆိပ်ကမ်းရှေ့ရှိ ရဲစခန်းကို ကားဖြင့်ဝင်တိုက်ရန် ကြိုးပမ်းခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ ဗုံးခွဲသူအား ပစ်ခတ်ခဲ့ရာ မော်တော်ယာဉ်ပါ ပေါက်ကွဲသွားခဲ့ကြောင်း ရဲအရာရှိဖြစ်သူ အဗ္ဗဒူကာဒီယာ အာမတ်က ပြောသည်။

ယင်းဖြစ်ရပ်ကြောင့် ရဲအရာရှိနှစ်ဦးနှင့် အရပ်သား ငါးဦးဒဏ်ရာရရှိခဲ့သည်။ မည်သည့်အဖွဲ့၏ လက်ချက်ဖြစ်သည်ကိုမူ မသိရသေးပေ။ မော်တော်ကားမှာ စစ်ဆေးရေးဂိတ်ကို ဝင်တိုက်ရန်ကြိုးပမ်းသည့်အတွက် ရဲများက ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်သက်သေများက ပြောသည်။

ဆိုမာလီယာသည် နှစ်ပေါင်း ၃၀ နီးပါးကြာ ပဋိပက္ခဒဏ်ခံစားခဲ့ရပြီး နိုင်ငံတကာက အသိအမှတ်ပြုထားသည့် အစိုးရသည် ရှာဘတ် အစ္စလာမ်သူပုန်များကို ၂၀၀၈ ခုနှစ်မှစတင်ကာ တိုက်ခိုက်နေခဲ့သည်။ ဗုံးခွဲတိုက်ခိုက်ခြင်းနှင့် အခြားသောအကြမ်းဖက် လုပ်ရပ်များမှာ မိုဂါဒစ်ရှူးတွင် မကြာခဏဆိုသလို ဖြစ်ပေါ်လေ့ရှိသည်။

အေအက်ဖ်ပီ

## တူရကီတွင် မီးရှူး မီးပန်းစက်ရုံ ပေါက်ကွဲမှုကြောင့် လေးဦးသေဆုံး

**အစ္စတန်ဘူလ် ဇူလိုင် ၄**

တူရကီနိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ် ဆာကာရာရှိ မီးရှူးမီးပန်းစက်ရုံ ပေါက်ကွဲမှုကြောင့် သေဆုံးသူ လေးဦးရှိပြီး ဒဏ်ရာရရှိသူ ၁၀၈ ဦးအထိ ရှိကြောင်း သိရသည်။

ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု ပြည်ထဲရေးဝန်ကြီး ဆူလေမန် ဆွိုင်လုက ဇူလိုင် ၃ ရက်တွင် ပြောသည်။ ဒဏ်ရာရရှိသူ ၁၀၈ ဦးတွင် ၄၈ ဦးမှာ အသေးစားဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ပြီးနောက်ပိုင်းတွင် ဆေးရုံမှဆင်းသွားကြပြီဟု ကျန်းမာရေးဝန်ကြီး ဖာဟင်တန်ကိုကာက ပြောသည်။

ပေါက်ကွဲမှုသည် ဇူလိုင် ၃ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါစက်ရုံတွင် ပေါက်ကွဲစေနိုင်သည့်ပစ္စည်း တန်ချိန် ၁၁၀ အထိရှိကြောင်း သိရသည်။

ဆင်ဟွာ

# ကိုယ်တွင်းအင်္ဂါလှူဒါန်းခြင်း စည်းမျဉ်းများကို ပြုပြင်ပြောင်းလဲသွားရန် တရုတ်အစီအစဉ်ရှိ

**ပေကျင်း ဇူလိုင် ၄**

ကိုယ်တွင်းအင်္ဂါအလှူရှင်များ ပြတ်တောက်မှုနှင့် လွန်ခဲ့သည့် ငါးနှစ်က ကွပ်မျက်ခံရသည့် အကျဉ်းသားများထံမှ တစ်သျှူးရယူခြင်းကို ရပ်တန့်ပြီးနောက်ပိုင်း တရားမဝင် ကိုယ်တွင်းအင်္ဂါ စုဆောင်းမှုများကို ထိန်းချုပ်နိုင်ရေးတို့အတွက် တရုတ်နိုင်ငံသည် ကိုယ်တွင်းအင်္ဂါလှူဒါန်းခြင်း စည်းမျဉ်းများကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားရန် စီစဉ်နေသည်ဟု သိရသည်။

စည်းမျဉ်းမူကြမ်းကို ဇူလိုင် ၁ ရက်က အမျိုးသားကျန်းမာရေးကော်မရှင်က အသိပေးခဲ့ပြီး သေဆုံးသွားသည့် ဆွေမျိုးများ၏ ကိုယ်တွင်းအင်္ဂါများကို လှူဒါန်းခွင့်ပေးမည်ဟု သိရသည်။

ကလေးသူငယ်များ မှောင်ခိုကူးခံနေရသည့်အဖြစ်ကို နှိမ်နင်းနိုင်ရေးအတွက် သက်ရှိထင်ရှားရှိသည့် အရွယ်မရောက်သူများထံမှ ကိုယ်တွင်းအင်္ဂါရယူခြင်းကို ဥပဒေနှင့် ဆန့်ကျင်သောလုပ်ရပ်အဖြစ် သတ်မှတ်သွားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် သေဒဏ်ပေးခံရသည့် အကျဉ်းသားများထံမှ ကိုယ်တွင်းအင်္ဂါများ စုဆောင်းသည့်အလေ့အထကို အဆုံးသတ်လိုက်ပြီး နောက်ပိုင်းတွင် တရုတ်နိုင်ငံ၌ ကိုယ်တွင်းအင်္ဂါ အလှူရှင်နည်းပါးမှုနှင့် ရင်ဆိုင်နေရသည်။

ယခုလကုန်ပိုင်းမတိုင်ခင်အချိန်ထိ အဆိုပါ စည်းမျဉ်းမူကြမ်းကိုပြည်သူများက အကြံပြုနိုင်ပြီး အတည်ပြုမည့်နေ့ကိုမူ အတိအကျမသိရသေးပေ။

၂၀၀၇ခုနှစ်တွင် အင်္ဂါလှူဒါန်းမှုနှင့်ပတ်သက်ပြီး ဥပဒေပေါ်ထွက်ခဲ့သော်လည်း ရှင်းလင်းသည့် အပြစ်ပေးမှုများမရှိသည့်အတွက် မှောင်ခိုဈေးကွက်ဖြစ်ပေါ်ရန် တွန်းအားဖြစ်ခဲ့ရသည်။

အေအက်ဖ်ပီ



# ဂျပန်နိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမြေပြိုမှုများကြောင့် နှစ်ဦးသေပြီး ၁၃ ဦး ပျောက်ဆုံးနေ

**တိုကျို ဇူလိုင် ၄**

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် ဇူလိုင် ၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမြေပြိုမှုများ ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူနှစ်ဦးသေဆုံးခဲ့ပြီး ၁၃ ဦးပျောက်ဆုံးခဲ့ကြောင်းနှင့် ယင်းအခြေအနေများက သက်ဆိုင်ရာအာဏာပိုင်များအား ဒေသခံ ၇၆၀၀၀ ကျော်ကို ပြောင်းရွှေ့မိန့်ထုတ်ပြန်ရန် ဖိအားပေးသလိုဖြစ်စေခဲ့သည်။

မိုးလေဝသအေဂျင်စီက ကျူးရှူးကျွန်းပေါ်ရှိ ကူမာမိုတိုနှင့် ကာဂိုရှီမာတို့တွင် အမြင့်ဆုံး အရေးပေါ်အဆင့်ကို တစ်ဆင့်လျှော့ချသတိပေးခဲ့သော်လည်း ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဒေသခံများကို အမြင့်ဆုံးသတိပေးချက်ဖြင့် နိုးနိုးကြားကြားနေထိုင်ကြရန် တိုက်တွန်းခဲ့သည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အရေးပေါ် ကူညီဆောင်ရွက်နိုင်ရန် တပ်ဖွဲ့ဝင် ၁၀၀၀၀ ကို အသင့်အနေအထား ဖြင့်နေရန် ရှင်ဇိုအာဘေးက အမိန့်ထုတ်ပြန်ထားသည်။ ထို့အပြင် ဗဟိုအစိုးရအနေဖြင့် ပြည်သူများ၏ အသက်ကို ပဓာနထားကာ အရေးပေါ် ဆောင်ရွက်ချက်များကို အကောင်းဆုံး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အာဘေးက ဆက်လက်ပြောကြား လိုက်သည်။

အင်န်အိတ်ချ်ကေ ရုပ်သံလွှင့်ဌာနက ရေကြီး မြေပြိုမှုများကြောင့် လမ်းများပြတ်တောက်သွားပြီး လူ ၁၀၀ ခန့် လမ်းခုလပ်တွင် သောင်တင်နေကြောင်း ပြောကြားသည်။

ရုပ်မြင်သံကြား ထုတ်လွှင့်ပြသမှုတွင်လည်း ရေကြီးနေသည့် ချောင်းအနီးရှိ ယာဉ်ရပ်နားကွင်းများတွင် ကားများရေမြုပ်နေသည်ကို တွေ့မြင်ရသကဲ့သို့ တံတားများမှာလည်း ရေတိုက်စားမှုကြောင့် ရေစီးနှင့်အတူ မျောပါသွားသည်ကို တွေ့မြင်ရသည်။

ဝေဟင်မှ ရိုက်ပြထားသော ပုံများတွင်လည်း တစ်မြို့လုံးနီးပါး ရွှံ့ရေများလွှမ်းမိုးနေသဖြင့် အိမ်ခေါင်မိုးများမှ ဒေသခံများကို စစ်ဘက်ဆိုင်ရာရဟတ်ယာဉ်က ကြိုးဖြင့် ခေါ်ယူကယ်ဆယ်နေသည်ကို တွေ့မြင်ရသည်။

အကြီးအကျယ် မြေပြိုမှုများကြောင့် အိမ်ပေါင်းများစွာ ပျက်စီးပြီး ကယ်ဆယ်ရေးသမားများက ပျောက်ဆုံးသူများကို ရှာဖွေလျက်ရှိသည်။ ကူမာမိုတိုခရိုင်မှ အရာရှိတစ်ဦးဖြစ်သူ တိုရှီအာကီမိဇူကာမိက မှတ်တမ်းတင်ရလောက်အောင် မိုးသည်းထန်စွာရွာသွန်းပြီးနောက် ပြောင်းရွှေ့မိန့်များ ထုတ်ပြန်ခဲ့ကြောင်း ပြောသည်။

ကူမာမိုတိုနှင့် ကာဂိုရှီမာခရိုင်မှ ဒေသခံ ၇၆၆၀၀ အား ၎င်းတို့၏အိမ်များကိုစွန့်ခွာရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း ကျိုတိုသတင်းတွင် ဖော်ပြထားသည်။ တချို့ရထားလိုင်းများလည်း ရပ်ဆိုင်းထားရပြီး အိမ်ခြေ ၈၀၀၀ခန့် လျှပ်စစ်မီးများ မရရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားလေ့ရှိရာ မိုးရာသီ ရောက်ရှိလာပြီဖြစ်သဖြင့် အနိမ့်ပိုင်းတွင် နေထိုင်သူများကို ဒေသဆိုင်ရာအာဏာပိုင်များက ပြောင်းရွှေ့မိန့်များ ထုတ်ပြန်ထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ကူမာမိုတိုခရိုင်တွင် ရေကြီးနေသည်ကို တွေ့ရစဉ်။

# ပြင်သစ်နိုင်ငံ လူဗာပြတိုက်ကို ဇူလိုင် ၆ ရက်တွင် ပြန်ဖွင့်မည်

**ပါရီ ဇူလိုင် ၄**

ပြင်သစ်နိုင်ငံရှိ ကမ္ဘာ့လာရောက်လည်ပတ်မှု အများဆုံးပြတိုက်ဖြစ်ပြီး မိုနာလီဆာ၏ အိမ်ဖြစ်သော လူဗာပြတိုက်ကို ဇူလိုင် ၆ ရက်တွင် ပြန်လည်ဖွင့်လှစ်မည် ဖြစ်ကြောင်း၊ သို့သော်လည်း ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးဆိုင်ရာ တားမြစ်ချက်များကို လိုက်နာရမည် ဖြစ်သကဲ့သို့ ပြတိုက်၏ အချို့နေရာများကိုလည်း ပိတ်ထားဦးမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါပြတိုက်ကို မတ် ၁၃ ရက်ကတည်းက ပိတ်ခဲ့သည်။ ထိုသို့ ပိတ်ခဲ့ရမှုကြောင့် ယူရို သန်း ၄၀ ကျော်ဆုံးရှုံးခဲ့ရသည်ဟု ညွှန်ကြားရေးမှူး ဂျန်လက်မာတီနက်က ပြောသည်။

၂၀၁၈ ခုနှစ်က လာရောက်လည်ပတ်သူ ၁၀ သန်းကျော်ရှိခဲ့ရာ လေးပုံသုံးပုံခန့်မှာ နိုင်ငံခြားသားများ ဖြစ်ကြသည်။

လာရောက်လည်ပတ်သူ ၈၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးခဲ့ကြောင်းနှင့် ၇၅ ရာခိုင်နှုန်းလောက်သည် နိုင်ငံခြားသားများ ဖြစ်ကြောင်း မာတီနက်ဇ်က ပြောသည်။

လာရောက် လည်ပတ်သူ ခရီးသွားများအနေဖြင့် ပါးစပ်နှာခေါင်းစည်းများ တပ်ဆင်ရမည်ဖြစ်ပြီး မုန့်ဆိုင်များ၊ အိမ်သာများလည်း ထားပေးမည်မဟုတ်ကြောင်း၊ ပြည်သူများအနေဖြင့် ပြတိုက်အတွင်း လိုက်လံလေ့လာ ကြည့်ရှုသောအခါတွင် လမ်းညွှန်ချက်များအတိုင်း လိုက်ပါလုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြတိုက်၏ ၇၅ ရာခိုင်နှုန်းကို ပြည်သူသို့ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်းနှင့် မိုနာလီဇာပန်းချီကားရှေ့တွင် ဆဲလ်ဖီရိုက်ခွင့်ရှိကြောင်း သိရသည်။ **အေအက်ဖ်ပီ**



ပြင်သစ်နိုင်ငံရှိ ကမ္ဘာ့ကျော် လူဗာပြတိုက်အတွင်း မိုနာလီဆာ ပန်းချီကားရှေ့တွင် ဓာတ်ပုံရိုက်နေသူများကို တွေ့ရစဉ်။

# အကြမ်းဖက် ဆန့်ကျင်တိုက်ဖျက်ရေးဥပဒေကို ဖိလစ်ပိုင်သမ္မတ လက်မှတ်ရေးထိုး

**မနီလာ ဇူလိုင် ၄**

ဖိလစ်ပိုင်နိုင်ငံသည် အကြမ်းဖက် ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေကို ပြဋ္ဌာန်းလိုက်ကြောင်းနှင့် ၎င်းက လုံခြုံရေးဆိုင်ရာ အာဏာပိုင်များကို အမြင့်ဆုံး လုပ်ပိုင်ခွင့်ပေးလိုက်ခြင်းဖြစ်ကြောင်း နိုင်ငံတကာသတင်း တစ်ရပ်တွင် ဖော်ပြသည်။

ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးသည် ဇူလိုင် ၃ ရက်က အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်ရေး ဥပဒေကို လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါဥပဒေက ရဲများနှင့် စစ်ဘက်ဆိုင်ရာများကို အမိန့်စာ မပါဘဲ သံသယရှိသူများကို ၂၄ ရက်အထိ ဖမ်းဆီးထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါဥပဒေသည် သက်ဆိုင်ရာအာဏာပိုင်များက ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးထိန်းသိမ်းနိုင်ရုံတင်မက မကောင်းမှုကျူးလွန်ရာတွင် အားပေးကူညီသူများ၊ အကြမ်းဖက်အဖွဲ့အစည်းများအတွက် လူစုဆောင်းသူများကိုပါ ဖမ်းဆီးခွင့်ရှိကြောင်း သိရသည်။

၂၀၁၇ ခုနှစ်က ဖိလစ်ပိုင်စစ်တပ်က တောင်ပိုင်းကျွန်း မင်ဒါနာအိုတွင် အစ္စလာမ္မစ် စစ်သွေးကြွများနှင့် ရက်စက်ပြင်းထန်သော တိုက်ပွဲများ ဖြစ်ခဲ့ရာ ပြည်သူ ၁၀၀၀ ထက်မနည်း သေဆုံးခဲ့ရသည်။

ထို့အပြင် ဖိလစ်ပိုင်နိုင်ငံတွင် ဗုံးထောင်ခြင်းနှင့် အခြားအကြမ်းဖက်တိုက်ခိုက်မှုများလည်း ဖြစ်ပွားလာခဲ့သည်။ ဖိလစ်ပိုင်အစိုးရက ယခုထုတ်ပြန်လိုက်သော ဥပဒေသည် အကြမ်းဖက်ခြိမ်းခြောက်မှု မှန်သမျှကို တားဆီးနိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

**အင်န်အိတ်ချ်ကေ**



ဖိလစ်ပိုင်သမ္မတ ရိုဒရီဂိုဒူတာတေး

# တိုကျိုတွင် ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ ၁၃၁ ဦးရှိလာ

**တိုကျို ဇူလိုင် ၄**

တိုကျိုအစိုးရသတင်းရင်းမြစ်က ဇူလိုင် ၃ ရက်က ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ ၁၃၁ ဦးရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။ အဆိုပါပမာဏသည် နိုင်ငံတော် အရေးပေါ်အခြေအနေ ရုပ်သိမ်းလိုက်သည့် မေ ၂၅ ရက် နောက်ပိုင်း ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရမှု အမြင့်ဆုံးပမာဏဖြစ်သည်။

တိုကျိုတွင် သုံးရက်ဆက်တိုက် ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်ခံရသူ အရေအတွက်သည် ၁၀၀ ကျော်လာခဲ့သည်။ ယခုအခါတွင် တိုကျို၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံထားရသူပေါင်း ၆၆၅၄ ဦးရှိကြောင်း သိရသည်။

သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်သူများကို ညဘက်ဖျော်ဖြေရေး ပွဲလမ်းသဘင်များသို့ မသွားရန် သတိပေးထားသည်။ အဆိုပါနေရာများသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုအမြင့်ဆုံးဖြစ်ပွားလေ့ရှိသည့်နေရာများဖြစ်သည်။

သွားရောက်လည်ပတ်ချင်သော ပြည်သူများကိုလည်း ကိုရိုနာဗိုင်းရပ်စ် တားဆီးကာကွယ်မှုများဆောင်ရွက်ထားသည့် ဘားများနှင့် ညကလပ်များကို ရွေးချယ်ရန် အကြံပြုတိုက်တွန်းထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံက ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ချေးငွေများ ပိုမိုပေးအပ်သွားမည်

**ပေကျင်း ဇူလိုင် ၄**

တရုတ်နိုင်ငံက ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး စစ်ပွဲအောင်နိုင်ရေးအတွက် ကြိုးပမ်းအားထုတ်သည့်အနေဖြင့် ဆင်းရဲနွမ်းပါးသူများအား အသေးစားချေးငွေများ ပိုမိုပေးအပ်သွားမည်ဖြစ်ကြောင်း တရားဝင် သတင်းထုတ်ပြန်ချက်များအရ သိရသည်။

တရုတ်နိုင်ငံဘဏ်နှင့် အာမခံထိန်းသိမ်းရေးကော်မရှင်နှင့် အခြား အစိုးရဌာနသုံးခုတို့ ပူးတွဲထုတ်ပြန်သော ထုတ်ပြန်ချက်တွင် ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေးနှင့် ရှိပြီးသား မူဝါဒများကို တစ်သမတ်တည်း အကောင်အထည်ဖော်ရေးအတွက် အသေးစားချေးငွေများကို ကျယ်ကျယ်ပြန့်ပြန့် ပေးအပ်သွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံတွင် ယခုနှစ်ပထမသုံးလပတ်အထိ ဆင်းရဲနွမ်းပါးမှုလျှော့ပါးရေး အသေးစားချေးငွေထောက်ပံ့ရေးအတွက် ယွမ် ၄၄၄ ဒသမ ၃၅ ဘီလီယံပေးအပ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကိုဗစ် –၁၉ မင်းမူနေတဲ့ကာလမှာ ရုပ်ရှင်ရိုက်ကူးရေးတွေ ဘယ်လိုပြန်စကြမလဲ

**ခြူးစန္ဒီနွေး**

ကိုဗစ် –၁၉ ကြောင့် တစ်ကမ္ဘာလုံးက စီးပွားရေးလုပ်ငန်းတွေ ဆိုင်းငံ့ခဲ့ရသလို တချို့လုပ်ငန်းတွေဟာလည်း ပြန်လည်ရပ်တည်ဖို့ အင်အားမရှိတော့ဘဲ ဒေဝါလီခံလိုက်ရတဲ့အထိ ဖြစ်ပျက်နေတာကို သတင်းတွေမှာ တွေ့မြင်နေရပါတယ်။



Jurassic World: Fallen Kingdom ရုပ်ရှင်ကားမှ ဇာတ်ဝင်ခန်းတစ်ခုကို တွေ့ရစဉ်။

**အလုပ်အကိုင်ဆုံးရှုံးမှုပြဿနာ**

ရပ်နားထားရတဲ့ စီးပွားရေးလုပ်ငန်းတွေထဲမှာ အနုပညာလုပ်ငန်းတွေလည်းအပါအဝင်ပါပဲ။ ဂီတလုပ်ငန်းပိုင်းမှာဆိုရင် စင်တင်ဖျော်ဖြေမှုတွေ ရပ်နားထားရတဲ့အတွက် အဆိုတော်၊ တီးဝိုင်းအဖွဲ့သားတွေသာမက ယင်းနဲ့ ဆက်စပ်နေတဲ့ လုပ်ငန်းတွေကလူတွေပါ အလုပ်အကိုင် ဆုံးရှုံးမှုပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ရုပ်ရှင်ပိုင်းမှာဆိုရင်လည်း ကိုဗစ် –၁၉ ကြောင့် ရိုက်ကူးရေးရပ်နားထားရတဲ့ ဇာတ်ကားတွေအများကြီးပါပဲ။ ယခုလအတွင်းမှာပဲ နာမည်ကျော်ရုပ်ရှင်ဖြစ်တဲ့ Jurassic World နောက်ဆက်တွဲကို ရိုက်ကူးရေး ပြန်စသွားဖို့ရှိပါတယ်။

**ဆိုင်းငံ့ထားရဆဲ**

ဇူလိုင် ၁ ရက်မှာတော့ ဟောလိဝုဒ်စတူဒီယို နဲ့ ရုပ်သံထုတ်လုပ်သူတွေဟာ အမေရိကန်ပြည်ထောင်စုမှာ ရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းတွေပြန်လည်စတင်ဖို့ အစီအစဉ် ဆွဲခဲ့ကြပါတယ်။ လက်တွေ့မှာတော့ ထုတ်လုပ်ရေးအနည်းငယ်သာ ပြန်လည်စတင်နိုင်တာကိုတွေ့ရပါတယ်။ ရိုက်ကူးရေးသမားတွေကို ဆွဲဆောင်မှုပေးနိုင်တဲ့ စတူဒီယိုတွေရှိနေတဲ့ ပြည်နယ်မှာ ကိုဗစ် –၁၉ ကူးစက်မှုပြင်းထန်နေတဲ့အတွက် ရိုက်ကူးရေးတွေ ပြန်လည်စတင်ဖို့ဆိုတာ ထင်သလောက်ဖြစ်မလာခဲ့ပါဘူး။ ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းတွေဟာ ဆိုင်းငံ့ထားရတဲ့ အခြေအနေမှာ ရှိနေတုန်းပါပဲ။ ကိုဗစ် –၁၉ကြောင့် ရုပ်ရှင်နဲ့ ရုပ်သံဇာတ်လမ်း ထုတ်လုပ်မှုတွေဟာ ကျဲပါးခဲ့ရပြီး ရိုက်ကွင်းမှာ ကိုဗစ် –၁၉ ကာကွယ်ရေးအတွက်ကြီးကြပ်သူပါ လိုအပ်လာပါတယ်။

**အာမခံထားဖို့မလွယ်**

ဘယ်အာမခံကုမ္ပဏီကမှ ကိုဗစ် – ၁၉ ကူးစက်ခံရတဲ့အခါ အကာအကွယ်ဖြစ်စေမယ့် မူဝါဒမျိုးချမှတ်မပေးနိုင်ဘူးလို့ ထုတ်လုပ်သူတစ်ယောက်က ပြောပါတယ်။ ကိုဗစ် – ၁၉ ကြောင့် ရိုက်ကူးရေးလုပ်ငန်းတွေ မပိတ်ခင်က ထားရှိခဲ့တဲ့ အာမခံအတွက်တော့ ဆက်လက်အကျိုးသက်ရောက်ဦးမှာဖြစ်ပြီး နောက်ရိုက်မယ့် အခန်းတွေအတွက်ကတော့ အာမခံထားဖို့ မလွယ်တော့ပါဘူး။ ဒါကြောင့် အခုရိုက်ကူးရေးတွေပြန်စတဲ့အခါ ရုပ်ရှင်အဖွဲ့သားတွေဟာ ကိုဗစ် – ၁၉ ကူးစက်ခံရပြီဆိုရင် ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ဒါကို တာဝန်ယူပေးမှာမဟုတ်ပါဘူး။ အဲဒီအချက်ကိုသဘောတူကြောင်း ပါဝင်မယ့် အဖွဲ့သားတွေဆီက သဘောတူညီချက် တောင်းခံသွားဖွယ်ရာ ရှိပါတယ်။

> **“ရုပ်ရှင်တွေ အန္တရာယ်ကင်းကင်းနဲ့ ရိုက်ကူးနိုင်ဖို့အရေး စဉ်းစားမှုတွေ၊ အကြံပေးမှုတွေ၊ ဝေဖန်မှုတွေကတော့ အများကြီးပါပဲ။ တိကျသေချာတဲ့ ကာကွယ်ဆေးနဲ့ ကုသဆေးမပေါ်ထွက်လာမီအချိန်အထိ ရုပ်ရှင်လုပ်ငန်းကို ဘယ်လိုအန္တရာယ်ကင်းကင်း ပြန်စကြမလဲဆိုတာကိုတော့ သေချာပြောနိုင်ဖို့ အခက်တွေ့နေပါတယ်”**

ကယ်လီဖိုးနီးယားပြည်နယ်မှာ ရိုက်ကူးရေးတွေလုပ်ကိုင်ဖို့ ခွင့်မပြုမီက ထုတ်လုပ်သူတွေကိုခေါ်တွေ့ပြီး ကိုဗစ် –၁၉ အစီအစဉ်နဲ့ပတ်သက်ပြီး မေးမြန်းတာတွေ လုပ်ခဲ့ပါတယ်။

**ဆေးစစ်ပေးရမည်**

ထုတ်လုပ်ရေးလုပ်ငန်းကြီးတွေဆိုရင် အစီရင်ခံစာကို စာမျက်နှာ ၅၀၀ အထိတင်ရပါတယ်။ ရုပ်ရှင်အဖွဲ့သားတွေထဲမှာ ကျန်းမာရေးနဲ့ လုံခြုံရေး ကြီးကြပ်သူဆိုတဲ့ရာထူးကိုပါ ထည့်ပေးရပါတယ်။ ဘေးအန္တရာယ်စီမံခန့်ခွဲမှု မန်နေဂျာနဲ့ ကူးစက်ရောဂါဆိုင်ရာပညာရှင်ကိုလည်း ထည့်သွင်းပေးရပါတယ်။ အဲဒီလူဟာ ရုပ်ရှင်အဖွဲ့သားတွေ လူအချင်းချင်းခပ်ခွာခွာနေကြမှု ရှိ မရှိ၊ ရိုက်ကူးရေးအဖွဲ့သားတွေ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်း ရှိမရှိနဲ့ ရောဂါကာကွယ်ရေးဝတ်စုံ ဘယ်လောက်အတိုင်းအတာအထိရနိုင်မလဲ ဆိုတာတွေကို ကြီးကြပ်ရပါတယ်။ နောက်ပြီးအဖွဲ့ သားတွေကို မကြာခဏဆိုသလို ကိုဗစ်– ၁၉ ကူးစက်မှု ရှိ မရှိကိုလည်း ဆေးစစ်ပေးရမှာပါ။

**ရိုက်ကွင်းကြီးတစ်ခုကို စဉ်းစားကြည့်ရအောင်**

ရုပ်ရှင်အဖွဲ့သားတွေဟာ လူ ၂၀၀ လောက်နဲ့ ရိုက်ကူးရေးလုပ်နေတယ်ဆိုရင် ကျန်းမာရေးကြီးကြပ်သူ၊ မန်နေဂျာနဲ့လက်ထောက်တို့ဟာ အဖွဲ့သားတစ်ယောက်မကျန် ဆေးစစ်ပေးရမှာပဲဖြစ်ပါတယ်။ လူတစ်ဦးအတွက် ဆေးစစ်မှုက ဒေါ်လာ ၁၅၀ ကုန်ကျပါတယ်။ မနားတမ်းဆေးစစ်မှု လုပ်ဆောင်မယ်ဆိုရင်တောင် လူအကုန်စစ်ပေးဖို့ဆိုရင်အချိန် ၁၀ နာရီလောက် ကြာမြင့်မှာပဲဖြစ်ပါတယ်။ နောက်ပြီး ရလဒ်ထွက်ဖို့ကလည်း အချိန်ထပ်ယူရပါဦးမယ်။ ဒါကြောင့် ရိုက်ကွင်းရဲ့ပထမဆုံးနေ့ဟာ ဘာမှမရိုက်လိုက်ရဘဲ ဆေးစစ်တာနဲ့ပဲအချိန်ကုန်သွားပါပြီ။ နှောင့်နှေးကြန့်ကြာမှုတွေကို လျှော့ချဖို့ဆိုရင် စနေ၊ တနင်္ဂနွေကတည်းက ဆေးစစ်မှုတွေ ကြိုလုပ်ထားခဲ့မယ်ဆိုရင် တနင်္လာဆိုရင် ရိုက်ကူးရေးစလို့ ရပါတယ်။

**ကူးစက်မှုပျံ့နှံ့နိုင်**

ကိုဗစ် –၁၉ ရှိတယ်လို့ စမ်းသပ်တွေ့ရှိတဲ့လူကိုတော့ အိမ်ပြန်ပို့ရမှာပါ။ အိမ်ပြန်ပို့ခံရတဲ့ အဖွဲ့သားနေရာမှာ နောက်တစ်ယောက်ကိုအစားထိုးရတော့မှာပါ။ ကိုဗစ် –၁၉ ကူးစက်ခံရတဲ့အဖွဲ့သားအတွက်ကတော့ သူနေပြန်ကောင်းလာတဲ့အခါ ထုတ်လုပ်ရေးကုမ္ပဏီက သူ့ကိုအလုပ်ဆက်ပေးထားပါဦးမလား။ ပေးထားမယ်ဆိုရင်တော့ ကံကောင်းတယ်လို့ ပြောရမှာပါ။ နောက်တစ်ချက်ကတော့ ရုပ်ရှင်အဖွဲ့သားတွေ ရိုက်ကူးရေးပြီးလို့ အိမ်ပြန်ကြမယ်ဆိုရင် ဈေးသွားမယ်၊ စားသောက်ဆိုင်သွားမယ် အစရှိသဖြင့် အပြင်ထွက်ကြဦးမှာပါ။ အဲဒီမှာ ရောဂါရှိတဲ့သူနဲ့ထိတွေ့မိပြီး ရောဂါကူးစက်ခံရမယ်ဆိုရင် နောက်ပြီး ရောဂါလက္ခဏာလည်းမပြ၊ အပူချိန်လည်းမမြင့်ဘူးဆိုရင် ဘယ်သူမှသတိထားမိမှာ မဟုတ်ပါဘူး။ ဒီလိုနဲ့ ကူးစက်မှုတွေပျံ့နှံ့သွားနိုင်ပါတယ်။ ဒါဟာ ရုပ်ရှင်လုပ်ငန်းတစ်ခုတည်းကြုံတွေ့နေရတဲ့ ပြဿနာမဟုတ်ပါဘူး။ လူစုလူဝေးတွေနဲ့လုပ်ရတဲ့ အလုပ်တွေအားလုံးမှာ ဒီပြဿနာကို စိုးရိမ်နေကြရပါတယ်။

**အချစ်ကားတွေ ကြည့်ခွင့်ရပါဦးမလား**

ဒီပြဿနာကို တုံ့ပြန်ဖို့အတွက် အဖွဲ့သားတွေကို တစ်ပတ်မှာဆေးစစ်မှု သုံးကြိမ်ပြုလုပ်သင့်တယ်လို့ အကြံပြုထားပါတယ်။ လူအချင်းချင်း ခပ်ခွာခွာနေဖို့ကတော့ ကင်မရာရှေ့မှာသာမက ကင်မရာနောက်ကွယ်မှာပါ ကျင့်သုံးရမှာပါ။ လူအချင်းချင်း ခပ်ခွာခွာနေရမယ်ဆိုရင် အချစ်ကားတွေနဲ့ အက်ရှင်ကားတွေကိုဘယ်လိုရိုက်ကြမလဲ။ ဒီကားတွေကို ဆက်လက်ကြည့်ခွင့်ရပါဦးမလား။ တစ်ပတ်မှာ ဆေးစစ်မှုသုံးကြိမ် လုပ်မယ်ဆိုရင်တောင် မသေချာမှုတွေက ဆက်လက်ရှိနေတုန်းပါပဲ။ နောက်ထပ်တစ်နည်းကတော့ ရုပ်ရှင်အဖွဲ့သားတွေကို တစ်နေရာတည်းမှာစုထားဖို့ပါပဲ။ တစ်နေရာတည်းမှာလည်း နေထိုင်သွားလာစားသောက်ကြမယ်ဆိုရင်တော့ အရင်တုန်းကလောက် စိုးရိမ်ဖွယ်ရာအခြေအနေမရှိလောက်ပါဘူးလို့ ယူဆလို့ရပါတယ်။

**အားလုံးကြုံတွေ့နေရသည့် ပြဿနာ**

ရုပ်ရှင်တွေ အန္တရာယ်ကင်းကင်းနဲ့ ရိုက်ကူးနိုင်ဖို့အရေး စဉ်းစားမှုတွေ၊ အကြံပေးမှုတွေ၊ ဝေဖန်မှုတွေကတော့ အများကြီးပါပဲ။ တိကျသေချာတဲ့ ကာကွယ်ဆေးနဲ့ ကုသဆေးမပေါ်ထွက်လာမီအချိန်အထိ ရုပ်ရှင်လုပ်ငန်းကို ဘယ်လိုအန္တရာယ်ကင်းကင်း ပြန်စကြမလဲဆိုတာကိုတော့ သေချာပြောနိုင်ဖို့ အခက်တွေ့နေပါတယ်။ ဒီပြဿနာတွေကတော့ ရုပ်ရှင်လုပ်ငန်းမှ မဟုတ်ပါဘူး။ အခြားသောလုပ်ငန်းတွေမှာလည်း ကြုံတွေ့နေရတဲ့ပြဿနာပါပဲ။ သေချာတာကတော့ ကာကွယ်ဆေးနဲ့ကုသဆေးမရခင်အချိန်ထိတော့ လူစုလူဝေးနဲ့လုပ်ရတဲ့ ဘယ်လုပ်ငန်းမှစိတ်အေးလက်အေးပြန်စနိုင်မှာ မဟုတ်ပါဘူး။

**ကိုးကား – သည်ဂါဒီးယန်း**

# နိုင်ငံတကာသတင်းတိုထွာ

## နိုင်းမြစ်ဆည်နှင့် ပတ်သက်ပြီး ဆူဒန်၊ အီဂျစ်နှင့် အီသီယိုပီးယားတို့ ဆွေးနွေးပွဲပြန်လည်စတင်

**ခါတွမ် ဇူလိုင် ၄**

နိုင်းမြစ်ပေါ်ရှိ အီသီယိုပီးယား ဆည်ကြီးနှင့် ပတ်သက်ပြီး ဆူဒန်၊ အီဂျစ်နှင့် အီသီယိုပီးယားတို့ကြား ဆွေးနွေးညှိနှိုင်းမှုများကို ဇူလိုင် ၃ ရက်တွင် ပြန်လည်စတင်ခဲ့ကြောင်း၊ အာဖရိက သမဂ္ဂ၏ စေ့စပ်ညှိနှိုင်းမှုအောက်တွင် ဆွေးနွေးပွဲ ပြန်စတင်ခြင်းဖြစ်ကြောင်း ဆူဒန်နိုင်ငံ၏ ဆည်ရေပေးရေးနှင့် ရေစွမ်းအားအရင်းအမြစ် ဝန်ကြီးဌာနက ကြေညာခဲ့သည်။

နိုင်ငံပေါင်းသုံးနိုင်ငံကြား ဆွေးနွေးပွဲကို ဇူလိုင် ၃ ရက်တွင်ပြန်စခဲ့ပြီး ဗီဒီယိုကွန်ဖရင့် ပြုလုပ်ခဲ့ခြင်းဖြစ်ရာ စောင့်ကြည့်လေ့လာသူများ၊ စေ့စပ်ညှိနှိုင်းသူများလည်း တက်ရောက်ခဲ့ကြသည်ဟု ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အီသီယိုပီးယားနိုင်ငံသည် အဆိုပါဆည်တည်ဆောက်မှုကို ၂၀၁၁ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နိုင်းမြစ်ရေကို အဓိကမှီခိုနေရသည့် အီဂျစ်နိုင်ငံသည် ရေအရင်းအမြစ်ရရှိမှုဆုံးရှုံးမည်ကို စိုးရိမ်နေကြသည်။

ဆင်ဟွာ

## နိုးနိုးကြားကြားဖြင့် ကိုဗစ် - ၁၉ ကို ထိန်းချုပ်သွားကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး တိုက်တွန်း

**ဂျီနီဗာ ဇူလိုင် ၄**

ကိုဗစ် –၁၉ ကြောင့်ထိခိုက်ခံစားနေရသည့်နိုင်ငံများ နိုးနိုးကြားကြားဖြင့် မြေပြင်တွင် ဖြစ်ပေါ်နေကြသည့် အခြေအနေများကို သုံးသပ်ပြီး ကာကွယ်၊ ထိန်းချုပ်မှုများ လုပ်ဆောင်သွားကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဇူလိုင် ၃ ရက်တွင် တိုက်တွန်းပြောကြားခဲ့သည်။

လူများ နိုးကြားရန် လိုအပ်ပြီး စာရင်းအချက်အလက်များမှာ လိမ်ညာမှုများမပါကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများသည် လိမ်ညာမှုများမဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ အရေးပေါ်ကိစ္စရပ်များဆိုင်ရာ ညွှန်ကြားရေးမှူး မိုက်ကယ်ရိုင်ယန်က ပြောသည်။

လက်ရှိအချိန်အထိ ကိုဗစ်–၁၉ ကပ်ရောဂါဆိုးကြီးကို လူဦးရေ ၁၁ သန်းထက်မနည်း ကူးစက်ခံထားရပြီး ကမ္ဘာအနှံ့ လူဦးရေ ငါးသိန်းကျော် သေဆုံးခဲ့ရပြီးဖြစ်သည်။ အချို့သောနိုင်ငံများသည် သေဆုံးမှု၊ ကူးစက်မှုဦးရေကို ဂရုမစိုက်ကြဘဲ လျစ်လျူရှုနေကြကြောင်း၊ ကပ်ရောဂါကိုထိန်းချုပ်ရန် အချိန်နောက်မကျသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအရာရှိကြီးက ပြောသည်။

ဆင်ဟွာ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၄-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၃-၇-၂၀၂၀)ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးခဲ့သော ဓာတ်ခွဲနမူနာ (၃၀၃)ခု နှင့် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၂) ခုနှင့် စုစုပေါင်း (၅၇၅) ခုတွင်–

- COVID–19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၄-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၀၆) ဦးရှိပါသည်။

၃။ သို့ဖြစ်ပါ၍ (၃-၇-၂၀၂၀)ရက်နေ့တွင်–

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်နှင့် ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၅၈၅ )ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၆၆)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL–Mdy) မှ ဓာတ်ခွဲနမူနာ (၂၇၆)ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၇၂)ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး(ခုတင် – ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၅၆)ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၁,၅၅၅) ခုအား စစ်ဆေးပြီးစီးခဲ့ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID–19 ရောဂါအတွက်**
**ဓာတ်ခွဲစစ်ဆေးမှုအခြေအနေထုတ်ပြန်ချက်**
**(၄-၇-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ**

| | |
|---|---|
| (၃-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၀၃) ခု |
| (၃-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ | (၂၇၂) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၄-၇-၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

– အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၆၅၅) ခု၊
– ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၂၁) ခု၊
– ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၂၇) ခု၊
– ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၇၀) ခုနှင့်
– ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၂၆) ခု
စုစုပေါင်း (၁,၅၉၉)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၇) ဦး တွေ့ရှိရပါသည်။

၂။ (၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၁၃) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ် ဆက်တိုက် ပိုးမတွေ့ရှိသူ (၃) ဦး (Case– 222, 289, 290) ရှိသဖြင့် စုစုပေါင်း (၂၄၀) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၂၆)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၃-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၄-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၃၃) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၄-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၅၅) ခု |
| (၄-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂၁) ခု |
| (၄-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂၇) ခု |
| (၄-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၀) ခု |
| (၄-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၂၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၇) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၇) ဦး | (၃၁၃) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၃) ဦး | (၂၄၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၄-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 307 | ၂၄ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော်အသည်းရောဂါအထူးကု ဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 308 | ၃၂ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 309 | ၂၄ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 310 | ၃၄ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် | မရှိ | ရှိ (ဘင်္ဂလားဒေ့ရှ်) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 311 | ၄၃ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် | မရှိ | ရှိ (လာအို) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |
| 312 | ၃၉ နှစ် | ကျား | ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ် | မရှိ | ရှိ (ထိုင်း) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (ကမာရွတ်မြို့နယ်) |

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 313 | ၅၅ နှစ် | မ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် | မရှိ | ရှိ (စင်္ကာပူ) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (မရမ်းကုန်းမြို့နယ်) |

# နေပြည်တော်ကောင်စီအတွင်း ကိုဗစ် - ၁၉ အလွန် ငါးမွေးမြူရေးလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ငါးသားပေါက်များ ဖြန့်ဖြူးပံ့ပိုးမည်



နေပြည်တော် ဇူလိုင် ၄

ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်သည် ဇူလိုင် ၃ ရက်က ရေဆင်းငါးလုပ်ငန်းစခန်းသို့ လာရောက်ပြီး ကိုဗစ်-၁၉ အလွန် ငါးမွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ပြန်လည်ဦးမော့လာစေရေး (Covid-19 Economic Relief Plan -CERP) အရ ငါးသားပေါက်များ ထောက်ပံ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် တိုင်းဦးစီးဌာနမှူးနှင့် ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ရေဆင်းငါးလုပ်ငန်းစခန်းတာဝန်ခံနှင့် ဝန်ထမ်းများအား လုပ်ငန်းလမ်းညွှန်မှာကြားခဲ့ပြီး ရေဆင်းငါးလုပ်ငန်းစခန်း၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တာမွေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၌ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုဘေးမှ ကင်းဝေးပြီး ကျန်းမာပျော်ရွှင်စွာပညာသင်ကြားနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များက လိုက်လံကြည့်ရှုစစ်ဆေးကာ ကျောင်းတာဝန်ခံများအား လိုအပ်သည်များ မှာကြားသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များက ၂၀၂၀-၂၀၂၁ ပညာသင်နှစ် ကျောင်းများ ဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများအကြား ကိုဗစ် - ၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုဘေးမှ ကင်းဝေးစေရန်အတွက် အခြေခံပညာကျောင်းများတွင်ကျောင်းသား ကျောင်းသူများအား အပူချိန်တိုင်းကိရိယာဖြင့် အပူချိန်တိုင်းတာပေးနိုင်ရန်နှင့် နှာခေါင်းစည်းများ၊ မျက်နှာအကာများဖြင့် ပညာသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ လက်ဆေးကန်များ၊ လက်ဆေးဆပ်ပြာရည်နှင့် လက်သန့်ဆေးရည်များ လုံလောက်စွာထားရှိပေးထားမှု၊ စာသင်ခန်းများနှင့် ကျောင်းစကြံနေရာများအား သန့်ရှင်းသပ်ရပ်စွာ ပြင်ဆင်ထားခြင်း၊ ခြေနင်းအမှိုက်ပုံးများ လုံလောက်စွာထားရှိပေးခြင်း၊ စာသင်ခန်းများ လေဝင်လေထွက်ကောင်းမွန်ပြီး အလင်းရောင် လုံလုံလောက်လောက် ရရှိနိုင်စေရန် စီစဉ်ထားရှိမှု၊ စာသင်ကြားရာတွင်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် အညီ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ထားရှိမှု၊ ကျောင်းအတွင်းရှိ လူအသွားအလာများသည့် ကျောင်းစကြံနေရာများနှင့် လူအများ မြင်သာသည့်နေရာများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန်အချက် များနှင့် အသိပညာပေး ပိုစတာများ၊ ဗီနိုင်းများ ချိတ်ဆွဲထားခြင်း ရှိ မရှိ စသည်တို့ကို အဓိကထားစစ်ဆေးခဲ့ကြောင်း သိရသည်။



နိုင်လင်းအောင်(ပြန်/ဆက်)



# ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၃၂၀၀ အား ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ် လှူဒါန်း

မန္တလေး ဇူလိုင် ၄

World Vision Myanmar မှ ကိုဗစ် – ၁၉ တုံ့ပြန်ဆောင်ရွက်ရေး အစီအစဉ်ဖြင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၃၂၀၀ အား ဆန်နှင့်ဆီများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ၅၂ လမ်းနှင့် ၅၃ လမ်းကြား၊ ၁၂၀ လမ်းနှင့် ၁၂၁ လမ်းကြား သင်ပန်းကုန်းရပ်ကွက်ရှိ ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဌာနတွင် ကျင်းပပြုလုပ်သည်။

## လက်ခံရယူ

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် သင်ပန်းကုန်းရပ်ကွက်ရှိ World Vision Myanmar ၏ စီမံချက်တွင် ပါဝင်သော ကလေးငယ်များ၏ မိသားစုဝင် အိမ်ထောင်စုများအတွက် World Vision Myanmar မှ စီမံချက်မန်နေဂျာ ဦးစိုင်းဇော်မွန်းနှင့် တာဝန်ရှိသူများက အိမ်ထောင်စုတစ်စုလျှင် ဆန် ၁၂ ပြည်နှင့်ဆီတစ်ပိဿာနှုန်းဖြင့် ထောက်ပံ့ပေးအပ်ရာ စီမံချက်တွင်ပါဝင်သော ကလေးငယ်များနှင့် ၎င်းတို့၏ မိဘများက လက်ခံရယူသည်။

## လှည့်လည်ထောက်ပံ့ပေး

World Vision Myanmar မှ ကိုဗစ် – ၁၉ တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်ဖြင့် ပြည်ကြီးတံခွန်မြို့နယ်အတွင်း ကလေးငယ် ၃၂၀၀ ၏ မိသားစုဝင် အိမ်ထောင်စုများကို အိမ်ထောင်စုတစ်စုလျှင် ဆန် ၁၂ ပြည်၊ ဆီတစ်ပိဿာနှုန်းဖြင့် သက်ဆိုင်ရာရပ်ကွက်များအလိုက် လှည့်လည်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ လူစုလူဝေးမဖြစ်စေရန် တစ်ကြိမ်လျှင် ကလေးငယ် ၁၀ ဦးမှ ၁၅ ဦးနှုန်းဖြင့်သာ သက်ဆိုင်ရာ ရပ်ကွက်များအလိုက် နေ့ရက်များခွဲ၍ လှည့်လည်ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ဆက်လက်ပြီး စီမံချက်တွင် မပါဝင်သော်လည်း မြို့နယ်အတွင်းရှိ စားဝတ်နေရေးအခက်အခဲရှိသော ကလေးငယ် ၅၀၀ ၏ အိမ်ထောင်စု ၅၀၀ ကိုလည်း ဆန်နှင့်ဆီများ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း World Vision Myanmar မှ စီမံချက်မန်နေဂျာ ဦးစိုင်းဇော်မွန်း က ပြောကြားသည်။

သန်းဇော်မင်း(ပြန်/ဆက်)

# မိတ္ထီလာမြို့နယ်၌ သွားလာမှုကန့်သတ်ထားရှိသည့် စင်တာများဖွင့်လှစ်သော စာသင်ကျောင်းများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်

မိတ္ထီလာ ဇူလိုင် ၄

မိတ္ထီလာမြို့နယ်မီးသတ်ဦးစီးဌာနမှ သွားလာမှုကန့်သတ်ထားရှိသည့် စင်တာများဖွင့်လှစ်သော စာသင်ကျောင်းများတွင် ဇူလိုင် ၃ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ကိုဗစ်-၁၉ ရောဂါ ကင်းဝေးစေရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းတို့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိသည့် အပြင် ပြည်ပနိုင်ငံများမှ မိမိတို့ နေရပ်သို့ ပြန်လာသူများကိုလည်း ရပ်ကွက်ကျေးရွာများရှိ စာသင်ကျောင်းများတွင် အသွားအလာ ကန့်သတ်စင်တာများဖွင့်လှစ်၍ ၂၁ ရက် အသွားအလာကန့်သတ်ပြီး ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ သွားလာမှုကန့်သတ်ထားရှိသည့် စင်တာများဖွင့်လှစ်သော စာသင်ကျောင်းများမှာ ကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်၍ စာသင်ကျောင်းများတွင် မီးသတ်ဦးစီးဌာနမှ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မြို့နယ်အတွင်းရှိ သွားလာမှုကန့်သတ်ထားရှိသည့် စင်တာများ ဖွင့်လှစ်သော စာသင်ကျောင်းများအနက် အ.လ.က(ခွဲ)(စက်ကြီး)၊ အ.မ.က(၂၁)(ဝန်ဇင်း)တို့ကို မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်း ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။ မီးသတ်ဦးစီးဌာနမှ သွားလာမှုကန့်သတ်ထားရှိသည့် စင်တာများဖွင့်လှစ်သော စာသင်ကျောင်းများကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများဆောင်ရွက်ရာ ယနေ့အထိ တက္ကသိုလ်တစ်ခုနှင့် စာသင်ကျောင်း ၃၀ တို့ကို ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းထံမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)




## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဇူလိုင် ၄

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# ဇူလိုင် ၄ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ ခုနစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၁၃ ဦး ရှိသွားပြီ

နေပြည်တော်  ဇူလိုင်  ၄

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ခုနစ်ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၁၃ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ထပ်တိုးလူနာ ခုနစ်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်မှ တစ်ဦး၊ သဃ်န်းကျွန်းမြို့နယ်မှ နှစ်ဦး၊ အင်းစိန်မြို့နယ်မှ တစ်ဦး၊ တိုက်ကြီးမြို့နယ်မှ နှစ်ဦးနှင့် တောင်ဥက္ကလာပမြို့နယ်မှ တစ်ဦး ဖြစ်ကြောင်း၊ ၎င်းတို့သည် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်ပြီး အိန္ဒိယနိုင်ငံမှ တစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သုံးဦး၊ လာအိုနိုင်ငံမှ တစ်ဦး၊ ထိုင်းနိုင်ငံမှ တစ်ဦးနှင့် စင်ကာပူနိုင်ငံမှ တစ်ဦး စုစုပေါင်း ခုနစ်ဦးဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၃၁၃ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ ဦးရေ ၂၄၀၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၂၆ ဦးနှင့် ဇူလိုင် ၃ ရက် နေ့လယ် ၁၂ နာရီမှ ဇူလိုင် ၄ ရက် နေ့လယ် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၃၃ ဦး ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။ **သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၈၁၉၇၇ | ၃၁၃ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၄၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၀၇၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၂၆ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၄၁ | ၅ |
| ၂ | ရခိုင် | ၁၂ | |
| ၃ | ချင်း | ၁၀ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၁၃ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန　　၄-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

### ၄-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၉၁၃၈၀ | ၁၂၃၅၉၆၅ | ၁၃၂၁၁၂ |
| ၂။ | ဘရာဇီး | ၁၅၄၅၄၅၈ | ၉၇၈၆၁၇ | ၆၃၂၉၅ |
| ၃။ | ရုရှား | ၆၇၄၅၁၅ | ၄၄၆၈၇၉ | ၁၀၀၂၇ |
| ၄။ | အိန္ဒိယ | ၆၅၁၃၁၅ | ၃၉၅၅၇၈ | ၁၈၆၉၅ |
| ၅။ | စပိန် | ၂၉၇၆၂၅ | စိစစ်ဆဲ | ၂၈၃၈၅ |
| ၆။ | ပီရူး | ၂၉၅၅၉၉ | ၁၈၅၈၅၂ | ၁၀၂၂၆ |
| ၇။ | ချီလီ | ၂၈၈၀၈၉ | ၂၅၃၃၄၃ | ၆၀၅၁ |
| ၈။ | ဗြိတိန် | ၂၈၄၂၇၆ | စိစစ်ဆဲ | ၄၄၁၃၁ |
| ၉။ | မက္ကဆီကို | ၂၄၅၂၅၁ | ၁၄၇၂၀၅ | ၂၉၈၄၃ |
| ၁၀။ | အီတလီ | ၂၄၁၁၈၄ | ၁၉၁၄၆၇ | ၃၄၈၃၃ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၄-၇-၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၆၂၁၄၂ | ၂၈၂၁၉ | ၃၀၈၉ |
| စင်ကာပူ | ၄၄၆၆၄ | ၃၉၇၆၉ | ၂၆ |
| ဖိလစ်ပိုင် | ၄၁၈၃၀ | ၁၁၄၅၃ | ၁၂၉၀ |
| မလေးရှား | ၈၆၅၈ | ၈၄၆၁ | ၁၂၁ |
| ထိုင်း | ၃၁၈၅ | ၃၀၆၆ | ၅၈ |
| ဗီယက်နမ် | ၃၅၅ | ၃၄၀ | ၀ |
| မြန်မာ | ၃၁၃ | ၂၄၀ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၁ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# ကိုဗစ်-၁၉ ကာလအတွင်း ရန်ကုန်မြို့ရှိ လမ်းပေါ်နေ ကလေးများအား ဒုတိယအကြိမ် ထောက်ပံ့

ရန်ကုန်  ဇူလိုင်  ၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ကာလအတွင်း လမ်းပေါ်နေကလေးနှင့် မိသားစုများ ကြုံတွေ့နေရသော အခက်အခဲများကို ကူညီဖြေရှင်းရန်၊ လိုအပ်သည့် အကာအကွယ်နှင့် ဝန်ဆောင်မှုများ ပေးနိုင်ရန်ရည်ရွယ်၍ လုပ်ငန်းစီမံချက် တစ်ရပ်ရေးဆွဲကာ အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းစီမံချက်အရ စခန်းအခြေပြု တုံ့ပြန်ဆောင်ရွက်ခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် ရပ်ရွာအခြေပြု တုံ့ပြန်ဆောင်ရွက်ခြင်း နည်းလမ်းအရ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မိတ်ဖက်အဖွဲ့အစည်းများ ဖြစ်သည့် UNICEF (မြန်မာ)၊ TDHL၊ World Vision နှင့် Kinnected (မြန်မာ)တို့နှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ အသိပညာပေးခြင်းဆိုင်ရာ ဆွေးနွေးပွဲ အစီအစဉ်များ၊ အခြေခံစားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ အကာအကွယ်ပစ္စည်းများ ဝယ်ယူနိုင်ရန် ကလေးများ၏နေအိမ်ကို ခြေရာခံခြင်းနှင့် ရပ်ရွာအခြေအနေ အကဲခတ်လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇွန် ၆ ရက်မှ ၁၂ ရက်အထိ ၈၃ ဦးနှင့် ဇွန် ၂၃ ရက်တွင် ၁၇ ဦး စုစုပေါင်း လမ်းပေါ်နေကလေးမိသားစု ၁၀၀ အတွက် အခြေခံစားသောက်ကုန်ပစ္စည်းများကို ပထမအကြိမ်အဖြစ် ထောက်ပံ့ခဲ့သည်။

စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု ဒုတိယအကြိမ်အဖြစ် လမ်းပေါ်နေကလေး အိမ်ထောင်စု ၁၂၆ စု တည်ရှိရာ ဒေါပုံမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ လှိုင်သာယာမြို့နယ်၊ ဒဂုံဆိပ်ကမ်းနှင့် ဒလ မြို့နယ်များသို့ ကွင်းဆင်းသွားရောက်၍ ထောက်ပံ့လျက်ရှိရာ ယနေ့တွင် လှိုင်သာယာ ၅၂ စု၊ မြောက်ဥက္ကလာပ ခုနစ်စု၊ ဒေါပုံ ၂၈ စုနှင့် ဒဂုံဆိပ်ကမ်း ၃၉ စုတို့ထံ သွားရောက်ထောက်ပံ့လျက်ရှိပြီး ကျန်ရှိနေသည့် ဒဂုံဆိပ်ကမ်း ၃၉ စုအား ဇူလိုင် ၇ ရက်တွင် ထောက်ပံ့သွားမည်ဖြစ်သည်။

ယခုစီမံချက်မှ သတင်းအချက်အလက် ကောက်ခံရရှိသော အိမ်ထောင်စု စုစုပေါင်း ၂၂၆ စုရှိပြီး ၎င်းတို့အတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် စီမံချက်ကိုလည်း ကိုဗစ်-၁၉ အလွန်တွင် ရေးဆွဲချမှတ်သွားမည်ဖြစ်သည်။ လက်ရှိ ဆောင်ရွက်နေသော ကိုဗစ်-၁၉ ကာလအတွင်း လမ်းပေါ်နေ ကလေးများ ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်သည် ကိုဗစ်-၁၉/ အရေးပေါ်ကာလအတွင်း လမ်းပေါ်နေ ကလေးများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက်တို့ကို ဖြည့်ဆည်းပေးနိုင်သောကြောင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ ၎င်းတို့အပေါ် အလွဲသုံးစားပြုခြင်းအား ကာကွယ်တားဆီးနိုင်ခြင်းအပြင် အစိုးရအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများကြား ပူးပေါင်းဆောင်ရွက်ခြင်း ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ ကိုဗစ်ကာလ ကုစားရေး အစီအစဉ်ဖြင့် RS စပါးမျိုးများ ထောက်ပံ့ပေးအပ်

ရေတာရှည်  ဇူလိုင်  ၄

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ ၂၀၂၀ ပြည့်နှစ် မိုးရာသီအမီ မျိုးစေ့ထုတ်စိုက်ပျိုးမည့် တောင်သူများအား မျိုးသန့် မျိုးပွားမျိုးစေ့ဖြစ်သော RS စပါးမျိုးများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကြံသနွယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က အမှာစကားပြောကြားသည်။

ထို့နောက် တောင်ငူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေးက ကိုဗစ်ကာလအတွင်း စီးပွားရေးကုစားမှုအစီအစဉ်(CERP)ဖြင့် မျိုးစေ့ထုတ်မည့် တောင်သူဦးကြီးများကို RS စပါးမျိုးထုတ်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်မျိုးစေ့တာဝန်ခံ ဦးစီးအရာရှိ ဒေါ်နန်းမြစန်းရီက RS-CS စပါးမျိုးများ ထုတ်လုပ်ရခြင်းနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးနေလင်းဇော်က ယခုနှစ် မိုးစပါးရာသီတွင် ဧက ၃၀၀ အတွက် မျိုးစပါးများ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် တောင်သူများအား မျိုးစပါးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းလွင်(ဆွာ)**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်း

**နေပြည်တော်  ဇူလိုင် ၄**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇွန် ၂၉ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ မြို့နယ် ၂၉ မြို့နယ်ရှိ နေရာ ၅၅ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၄၈ ဂါလန်နှင့် ပိုးသတ်ဆေးမှုန့် ၇ ကီလိုဂရမ်သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဇွန် ၂၉ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ် မြို့နယ်စည်ပင်သာယာဈေးအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၂၉ ရက်က ရခိုင်ပြည်နယ် မောင်တောမြို့ရှိ အမှတ်(၁)နယ်စပ်အဝင်/အထွက်စခန်းတို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၂၉ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ Quarantine Center အဖြစ် အသုံးပြုခဲ့သော စာသင်ကျောင်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။



ဇွန် ၂၉ ရက်က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း စာသင်ကျောင်းများအား ကိုဗစ်-၁၉ ကာကွယ်ဆေးဖျန်းစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိ

**လားရှိုး  ဇူလိုင် ၄**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မူဆယ်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် နေ့စဉ်ဝင်ရောက်လျက်ရှိရာ အဆိုပါနေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် ရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှ စတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။ **(ယာပုံ)**

ထိုသို့လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် နယ်စပ်ဂိတ်များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထားခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ဇူလိုင်၄ ရက်တွင် နေရပ်ပြန် ပြည်သူအမျိုးသား ၇၃ ဦး၊ အမျိုးသမီး ၇၁ ဦး စုစုပေါင်း ၁၄၄ ဦးတို့အား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။



အဆိုပါ နေရပ်ပြန်ပြည်သူ ၁၄၄ ဦးတို့မှာ ကချင်ပြည်နယ်မှ ခုနစ်ဦး၊ ချင်းပြည်နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၇ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၂ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၂ ဦး၊ မန္တလေးတိုင်းဒေသကြီး မှ ၁၂ ဦး၊ မွန်ပြည်နယ်မှ နှစ်ဦး ၊ ရခိုင်ပြည်နယ်မှ ၂၄ ဦး ၊ ရန်ကုန်တိုင်းဒေသကြီးမှ ၃၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ခြောက်ဦးတို့ ဖြစ်ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် နှစ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ ဇူလိုင် ၄ ရက်အထိ အမျိုးသား၇၃၈၆ ဦး၊ အမျိုးသမီး ၄၆၄၇ ဦး စုစုပေါင်း ၁၂၀၃၃ ဦးတို့အား လွှဲပြောင်းပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

**နန်းသန္တာဦး (ပြန်/ဆက်)**

## COVID-19 Call Center အချိန် ပြောင်းလဲဖွင့်လှစ်

**နေပြည်တော်  ဇူလိုင် ၄**

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသန ဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID-19 Call Center ခေါ်ဆိုမှုအချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# (၉၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် မဇင်းရေလှောင်တမံအတွင်း ငါးမျိုးများစိုက်ထည့်

**ပဲခူး ဇူလိုင် ၄**

(၉၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး သမဝါယမ မိသားစုမှ စုပေါင်းငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ မဇင်းရေလှောင်တမံ၌ ကျင်းပသည်။ (ယာပုံ)

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးအောင်ဇော်နိုင်၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးစိုင်းကျော်မင်း၊ ဌာနဆိုင်ရာမှ ဦးစီးမှူးများ၊ တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အမှုဆောင်များနှင့် သမဝါယမ မိသားစုဝင်များက ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၄၅၀၀၀ စုပေါင်း ငါးမျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဟိန်းထက်(မြန်/ဆက်)

# မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ကုန်သွယ်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းစည်းဝေး

**မြိတ် ဇူလိုင် ၄**

မြိတ်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုလုပ်ငန်းများ ကဏ္ဍအလိုက် ပြည်ပပို့ကုန် ပိုမိုထုတ်လုပ်တိုးတက် တင်ပို့နိုင်ရေး၊ ကုန်သွယ်မှုလုပ်ငန်းအခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးကို ယမန်နေ့က မြိတ်ခရိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကုန်သွယ်မှုမြှင့်တင်ရေးအစည်းအဝေးတွင် မြိတ်ကုန်သွယ်ရေးစခန်းမှ ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးက မြိတ်ကုန်သွယ်ရေးစခန်းက ဆောင်ရွက်နေသည့် ကုန်သွယ်မှုလုပ်ငန်းများ၊ ကုန်သွယ်မှုဆောင်ရွက်နိုင်သည့် ပမာဏ၊ ပို့ကုန်/သွင်းကုန် လုပ်ငန်းလျာထားချက်နှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး ကုန်သွယ်လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှု အခက်အခဲများကို ဆွေးနွေးပေးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်ခရိုင်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးထွန်းထွန်းက မြိတ်ခရိုင်ကုန်သည်လုပ်ငန်းရှင်များ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နေမှုနှင့် ကုန်သည်အသင်းနှင့် ညီနောင် အသင်းအဖွဲ့များ စုပေါင်းဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးအတွက် ဌာနဆိုင်ရာများ၊ ကုန်သွယ်လုပ်ငန်းရှင်များနှင့် ကုမ္ပဏီလုပ်ငန်းရှင်များက ကဏ္ဍအလိုက် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

မြိတ်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ ပို့ကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၁၁၃ သန်းနှင့် သွင်းကုန်လျာထားချက် အမေရိကန်ဒေါ်လာ ၈၆ သန်း ရှိခဲ့ပြီး ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၉၉ သန်း လျာထားချက်အပေါ် ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ်ဇွန်လအထိ အမှန်ဆောင်ရွက်နိုင်မှုမှာ ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၆၉ သန်းနှင့် သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာသန်း ၇၆ ဒသမ ၁၆၀ ဆောင်ရွက်နိုင်ခဲ့ပြီး စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၂၃ ဒသမ ၈၂၉ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း မြိတ်ကုန်သွယ်ရေးစခန်းမှ သိရသည်။

မြိတ်မြို့သည် ပင်လယ်ကမ်းရိုးတန်းမြို့တစ်မြို့ဖြစ်ပြီး ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စွာဖြင့် ကားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းတို့ဖြင့် သွားလာရလွယ်ကူသောမြို့တစ်မြို့ဖြစ်ရာ ကုန်သည်လုပ်ငန်းရှင်များမှ ပို့ကုန်အနေဖြင့် ရေထွက်ပစ္စည်း၊ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့ခြင်းလုပ်ငန်းနှင့် သွင်းကုန်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းများကို အဓိကထားတင်သွင်းကြကြောင်း သိရသည်။

ခိုင်ထူး(မြန်/ဆက်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၅၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၆၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၄၉၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၈၀ | ကျပ် | ၅၈၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၉ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၂ . ၂၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၀၆ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၇၄ . ၇ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၀ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၃ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၄၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၉ . ၅၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၂၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၁၀၀၀ | ၁၁၂၀ | ၁၁၈၁၀၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၃၁၇၀ | ၁၂၀၃၇၄၅၀ |
| MCB | ၈၃၀၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၅၀၀ | ၁၇၄၄ | ၃၉၂၄၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၉၁ | ၂၅၄၈၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၆၁ | ၁၆၄၇၀၀ |


မြန်မာ့အလင်း


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |


mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO











# မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း(NFASP) ဖော်ဆောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း (NFASP) ဖော်ဆောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးလှကျော်က စီမံကိန်းတစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းတစ်ခုလုံး အောင်မြင်စေရေးအတွက် ထိန်းချုပ်စီမံခန့်ခွဲနိုင်ရေးနှင့် စဉ်ဆက်မပြတ် စိစစ်သုံးသပ်ဆောင်ရွက်ရေး အလွန်အရေးကြီးကြောင်း၊ စီမံကိန်း၏ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံကိန်းဦးဆောင်ကော်မတီ၊ လုပ်ငန်းအကောင်အထည်ဖော်ရေး ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းနိုင်ရေး ကြိုတင်စီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းစီမံချက်ရေးဆွဲထားမှုအလိုက် ဘတ်ဂျက်လိုအပ်မှုကို လျာထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းဦးတည်ချက်နှင့် လက်တွေ့ဆောင်ရွက်မှု ကိုက်ညီမှု ရှိစေရေး အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု တိုးမြှင့်စေခြင်းနှင့် သီးနှံအမယ်စုံ စိုက်ပျိုးခြင်းလုပ်ငန်း၊ တန်ဖိုးမြှင့်တင်မှု ကွင်းဆက်ဖွံ့ဖြိုးတိုးတက်လာခြင်းလုပ်ငန်း၊ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်း၊ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းနှင့် ဆည်ရေသောက်စနစ်အတွင်းရှိ ရေမြောင်းများပြန်လည်တူးဖော်ရေး ရေငန်တားတာများ ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်ရေးလုပ်ငန်း၊ စီမံကိန်းကြီးကြပ်ကွပ်ကဲခြင်း ပူးပေါင်းလုပ်ဆောင်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ် သုံးသပ်ခြင်းလုပ်ငန်းစဉ်များ၊ ဒေသဆိုင်ရာသုတေသနစင်တာများနှင့် သုတေသနခြံများ အဆင့်မြှင့်တင်ခြင်းစီမံကိန်းဆိုင်ရာများ၊ လယ်ယာစိုက်ပျိုးရေးသမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဆိုင်ရာများကို သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း (NFASP) ကို မြန်မာနိုင်ငံ အလယ်ပိုင်း၊ မြန်မာနိုင်ငံ အောက်ပိုင်း၊ ကုန်းမြင့်နှင့် တောင်တန်းဒေသများ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် စစ်တောင်းမြစ်ဝှမ်းဒေသများနှင့် ကမ်းရိုးတန်းဒေသများ (တိုင်းဒေသကြီး/ပြည်နယ်(၁၄)ခုနှင့် နေပြည်တော်ကောင်စီနယ်မြေ) တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းဧရိယာအတွင်း စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရန်၊ သီးနှံအမယ်စုံ ပိုမိုစိုက်ပျိုးလာနိုင်စေရန်၊ ရွေးချယ်ထားသော တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက်မှ စိုက်ပျိုးရေးထုတ်ကုန်များ၏ အရည်အသွေး ပိုမိုကောင်းမွန်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်မှုများ တိုးမြှင့်လာနိုင်စေရန်နှင့် အရေးပေါ် တုံ့ပြန်မှု အစီအစဉ်များ ဆောင်ရွက်ပေးနိုင်ရေးတို့ကို ရည်ရွယ်၍ အဆိုပါစီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်သည်။

NFASP စီမံကိန်းကို ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးငွေရယူကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အထိ စီမံကိန်းကာလ ငါးနှစ်ခွဲအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်း(NFASP)အရ စိုက်ပျိုးရေးကဏ္ဍထုတ်လုပ်မှု တိုးမြှင့်လာနိုင်ခြင်း၊ တန်ဖိုး ကွင်းဆက်တစ်လျှောက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၏ အရည်အသွေး ပိုမိုကောင်းမွန်လာပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်မှု တိုးမြှင့်လာနိုင်ခြင်း၊ အစားအစာဘေးကင်းလုံခြုံမှုနှင့် အာဟာရပြည့်ဝရေးအတွက် ပံ့ပိုးပေးနိုင်ခြင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ရေတိုရေရှည် ကုစားပေးနိုင်မည့် အစီအမံများကို ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဇူလိုင် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ဒုတိယဆု ရရှိသည့် စာရေးဆရာဇာနည်၏ "မေမေ့ရင်ခွင် ကလေးကဗျာများ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကလေးငယ်များအတွက် ဗဟုသုတခွန်အားရရှိစေပြီး စိတ်ကြည်နူး ပျော်ရွှင်စေနိုင်သည့် ကဗျာများအပြင် ကလေးများ၏အသိဉာဏ်နှင့် ကိုက်ညီစေရုံမျှမက ရွတ်ဖတ်သီဆိုနိုင်အောင် ရေးဖွဲ့သီကုံးထားရာ နှစ်လိုဖွယ်ကောင်းသော ကဗျာများပါဝင်သည့် ကလေးကဗျာစာအုပ် ဖြစ်ပါသည်။




အဆိုပါစာအုပ်ကို ရောင်းဈေးငွေကျပ်၂၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)၊ အမှတ်(တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေဘိုမြို့၌ စပါးပျိုးသက်နု ကောက်ကွက်ကျဲ စိုက်နည်းစနစ် (SRI) သင်တန်းဖွင့်

**ရွှေဘို ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့တွင် စပါးပျိုးသက်နု ကောက်ကွက်ကျဲ စိုက်နည်းစနစ် (SRI) သင်တန်းဖွင့်ပွဲကို ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။ **(အောက်ယာပုံ)**

ရေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းက အမှာစကားပြောကြားပြီး ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ဆွေက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တွဲဖက်ပါမောက္ခ(ငြိမ်း) ဆရာကြီး ဦးသိန်းဆုက သင်တန်းပို့ချမည့် အကြောင်းအရာများကို ဆွေးနွေးပြီး စပါးအစွမ်းဖွင့် စိုက်ပျိုးရေး နည်းပညာများကို သင်တန်းပို့ချခဲ့ရာ သင်တန်းသားတောင်သူ ၅၀ တက်ရောက်ကြောင်း သိရသည်။

SRI နည်းစနစ်ဖြင့် စိုက်ပျိုးခြင်းအားဖြင့် တောင်သူများ မျိုးဖိုးကုန်ကျစရိတ် သက်သာခြင်း၊ စိုက်ခင်းရေအခြောက်ခံစနစ် သုံးခြင်းကြောင့် ရေအသုံးပြုမှု လျော့နည်းစေခြင်း၊ ပိုးမွှားရောဂါကျရောက်မှု သက်သာစေခြင်း၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး ကုန်ကျစရိတ် သက်သာစေခြင်း၊ ပင်ပွားထွက်ရှိမှု များပြားခြင်း၊ အနံ့အခက်ရှည်စေခြင်း၊ မျိုးစေ့အရေအတွက် တိုးစေခြင်း၊ မိရိုးဖလာ စိုက်ပျိုးနည်းထက် ၁၀ ရက်ခန့်စော၍ ရိတ်သိမ်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောသည်။

အဆိုပါသင်တန်းကို ဒုတိယနေ့အဖြစ် ယနေ့နံနက်တွင် မင်းကုန်းကျေးရွာအုပ်စု တောင်သူ ဦးစိုးတင့်၏လယ်မြေတွင် စပါးပျိုးသက်နု ကောက်ကွက်ကျဲ စိုက်နည်းစနစ်ဖြင့် သင်တန်းသား တောင်သူများ ကိုယ်တိုင် စိုက်ပျိုးခြင်းကို လက်တွေ့ပြသခဲ့ပြီး မွန်းလွဲပိုင်းတွင် သီးနှံဖျက်ပိုးနှင့် ရောဂါများ၊ ကြိုတင်ကာကွယ်ရေးနှင့် ဓာတုဆေးများ လျှော့ချသုံးစွဲရေး နည်းပညာပေး သင်တန်းကို ဆက်လက်ပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**



## ရှမ်းပြည်နယ် သစ်ပင်စိုက်ပျိုးရေးနေ့အထိမ်းအမှတ် ပေါ်ကြိုဘုရားကြီး၊ သိမ်တောင်သာသနာ့နယ်မြေနှင့် နောင်တော်ကြီးကန်တို့၌ စုပေါင်းသစ်ပင်စိုက်ပျိုး

**သီပေါ ဇူလိုင် ၄**

ရှမ်းပြည်နယ် သစ်ပင်စိုက်ပျိုးရေးနေ့ အထိမ်းအမှတ်အဖြစ် သီပေါမြို့နယ် ပေါ်ကြိုကျေးရွာမှ ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ပရိဝုဏ်အတွင်း ထောင့်လေးထောင့်ရှိနေရာများတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

သစ်ပင်စိုက်ပျိုးပွဲသို့ သီပေါမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တမိလိန္ဒ အရှင်သူမြတ်နှင့် ဆရာတော် သံဃာတော်များ၊ ပေါ်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွှန့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဆန်းမင်းထွဋ်၊ မြို့နယ်သာသနာရေးမှူး ဦးစိုင်းထွန်းအေး၊ တောအုပ်ကြီး ဦးစံလွင်နှင့် ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းဆောင်ရည် ပထမဆုရ စာရေးဆရာဇာဏီဟိန်းနှင့် တာဝန်ရှိသူများ၊ ဒေသခံများ တက်ရောက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် ကိုဗစ်-၁၉ ဆိုင်ရာ လိုက်နာရန်အချက်များနှင့်အညီ မြို့နယ်သံဃနာယကဆရာတော်က ပိတောက်နက်သစ်ပင် ပျိုးပင်ကို ဦးစွာစိုက်ပျိုးပေးသည်။

ဆက်လက်၍ ပေါ်ကြိုဘုရားကြီး သာသနာ့နယ်မြေအတွင်း မြေသားကျွံမှု ထိန်းသိမ်းရေးအတွက် ရတနာတန်းဝင်ကျွန်း၊ မဲဇလီ၊ ရေပိတုန်း၊ ရေသင်းဝင်၊ ယမနေ စသည့်ပျိုးပင်ပေါင်း ၁၀၀ကျော်နှင့် သိမ်တောင်သာသနာ့ကုန်းမြေ၌ အပင်ပေါင်း ၂၀၀ ကျော်၊ နဂါးတောင်သာသနာ့နယ်မြေ၌ အပင်ပေါင်း ၃၀၀ ကျော်၊ နောင်တော်ကြီးရေကန်တို့၌ သစ်ပင်မျိုးစုံအပင် ၅၀၀ ကျော်တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## နွားထိုးကြီးမြို့နယ် ခက်လန်းရေလှောင်တမံ ရေသောက်စနစ်တွင် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း

**နွားထိုးကြီး ဇူလိုင် ၄**

နွားထိုးကြီးမြို့နယ် ခက်လန်းရေလှောင်တမံ ရေသောက်စနစ်မှ ခက်လန်း မြောင်းမကြီး သွယ်မြောင်း WC 5 / 6 / 7 ရေမြောင်းများတွင် ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းကို ခက်လန်းရေလှောင်တမံ ရှင်းလင်းဆောင်တွင် ယမန်နေ့က ပြုလုပ်ခဲ့ရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုးဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ မြို့နယ်အဆင့်တာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန်အတွက် ရေအသုံးချသူများအဖွဲ့ကို ဖွဲ့စည်းရခြင်းဖြစ်ကြောင်း၊ ပိုမိုကောင်းမွန်သော ရေခွဲဝေအသုံးချမှု အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်က ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းခြင်းဖြင့် ယခင်ကထက် ပိုမိုစည်းလုံးညီညွတ်စွာဖြင့် ရေကို အကျိုးရှိစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း ပြောကြားကြသည်။

ဆက်လက်ပြီး ခက်လန်းရေလှောင်တမံ ရေသောက်စနစ် သွယ်မြောင်းမှ WC 5/6 /7 တို့၏ အဖွဲ့ခေါင်းဆောင်နှင့် ဒုတိယအဖွဲ့ခေါင်းဆောင်တို့အား အများဆန္ဒဖြင့်ရွေးချယ်တင်မြှောက်ခဲ့ပြီးနောက် WUG အဖွဲ့ဝင်များက မရှင်းလင်းသည်များ၊ အခြားတင်ပြသည်များကို မြင်းခြံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတလန့်ကြားက ရှင်းလင်းပြောကြားသည်။

**ဒွေးမြင့်မောင်**

# ချင်းပြည်နယ်တောင်ပိုင်းရှိ မြို့နယ်သုံးခုမှ တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေနှင့် ကိုဗစ်-၁၉ အထူးထောက်ပံ့ချေးငွေများ ထုတ်ချေးပေး

**ဟားခါး ဇူလိုင် ၄**

ချင်းပြည်နယ်တောင်ပိုင်းရှိ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်နှင့် ကန်ပက်လက်မြို့နယ်များမှ တောင်သူများအတွက် ၂၀၂၀ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများနှင့် ကိုဗစ်-၁၉ အထူးထောက်ပံ့ချေးငွေ (Special Relief Loan)များ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၃ ရက်က ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တက်ရောက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံး မရှိသေးသော ချင်းပြည်နယ်တောင်ပိုင်းမြို့နယ်များဖြစ်သည့် မင်းတပ်၊ မတူပီနှင့် ကန်ပက်လက်မြို့နယ်များမှ တောင်သူလယ်သမားများအား စိုက်ပျိုးချိန်အမီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ကိုဗစ်-၁၉ အထူးထောက်ပံ့ချေးငွေအကြောင်းနှင့် စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားများထံသို့ အချိန်မီရောက်ရှိစေခြင်းဖြင့် တောင်သူလယ်သမားများ၏ စီးပွားရေးကို မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ခံ လက်ထောက် အထွေထွေမန်နေဂျာ ဦးစိုးကိုကိုဝင်းက ချေးငွေနှင့် ပတ်သက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်သုံးခုရှိ တောင်သူ ၉၉၂ ဦး၏ စိုက်ပျိုးမြေ ၁၆၁၃ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၂၃၁၂ ဒသမ ၅ သိန်းနှင့် ကိုဗစ်-၁၉ အထူး ထောက်ပံ့ချေးငွေ ကျပ် ၄၈၄ သိန်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။



ချေးငွေထုတ်ချေးပေးသည့်ကိစ္စနှင့်ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် အမှာစကားပြောကြားစဉ်။

စိုက်ပျိုးစရိတ် ချေးငွေများကို သက်သာသော အတိုးနှုန်းဖြစ်သည့် ၂၀၂၁ ခုနှစ် မတ် ၁၅ ရက်အထိ ကျပ်တစ်ရာလျှင် ၅ ရာခိုင်နှုန်းအတိုးဖြင့်လည်းကောင်း၊ ကိုဗစ်-၁၉ အထူး ထောက်ပံ့ချေးငွေကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁၅ ရက်အထိလည်းကောင်း ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ချင်းပြည်နယ်တောင်ပိုင်းတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မရှိသဖြင့် တောင်သူလယ်သမားများအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက တာဝန်ယူ၍ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း လက်ထောက်အထွေထွေမန်နေဂျာ၏ ပြောကြားချက်အရ သိရသည်။

ခရိုင်(ပြန်/ဆက်)

## မယ်စဲ့မြို့နယ် ကျိုက်ထီးရိုးတောရကျောင်းအဝင်လမ်း လုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မယ်စဲ့ ဇူလိုင် ၄**

ကယားပြည်နယ် မယ်စဲ့မြို့နယ် မယ်ဆည်နမ်ကျေးရွာအုပ်စု နမ့်ဟူးကျေးရွာအနီးရှိ ကျိုက်ထီးရိုးပုံတူ စေတီတော်နှင့် ကျိုက်ထီးရိုးတောရကျောင်းသို့ ဘုရားဖူးပြည်သူများ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကျိုက်ထီးရိုးတောရကျောင်း အဝင်လမ်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက ပြည်နယ်အစိုးရ အထွေထွေပိုလျှံရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် အဖွဲ့က ဇူလိုင် ၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကျိုက်ထီးရိုးတောရကျောင်း အဝင်လမ်းတွင် မြေသားလမ်းချဲ့ခြင်းလုပ်ငန်းနှင့် အကျယ် ၁၂ ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ Box Culvert လေးစင်း၊ ကွန်ကရစ်တံတား နှစ်စင်း၊ ကွန်ကရစ်ရေကျော်တံတား တစ်စင်းနှင့် အရှည် ပေ ၄၀ လူကူးသစ်သားတံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ မယ်ဆည်နမ်လမ်းခွဲနှင့် ကျိုက်ထီးရိုးအဝင်လမ်းတို့တွင် လမ်းညွှန်ဆိုင်းဘုတ်နှစ်ခု စိုက်ထူသည့်လုပ်ငန်း၊ စေတီရင်ပြင်တော် ပြိုကျမှုမရှိစေရန် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် နမ့်ဟူး-ဟိုဂျစ် ဓာတ်အားလိုင်းမှ အရှည် ၆၉၈၆ ပေရှိ ၃၃ ကေဗွီ ဓာတ်အားလိုင်းနှင့် အရှည် ပေ ၁၆၀၀ ရှိ ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း၊ ၅၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ်က ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယခင်က ကျိုက်ထီးရိုးတောရကျောင်း အဝင်လမ်းသည် အကျယ် ၁၀ ပေသာရှိသော မြေသားလမ်းဖြစ်ပြီး ယခုအခါ ပေ ၃၀ အကျယ် မြေသားလမ်းချဲ့ကာ လိုအပ်သည့် ဂျင်းမြေထည့်၍ အကျယ် ၁၂ ပေတွင် ကွန်ကရစ်ခင်းနေခြင်းဖြစ်သည်။ လမ်းလုပ်ငန်းအပြင် လျှပ်စစ်မီးပါ သွယ်တန်းပေးနေသည့်အတွက် လုပ်ငန်းများပြီးစီးပါက ဘုရားဖူးပြည်သူများအနေဖြင့် ရာသီမရွေး လွယ်ကူစွာ လာရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# မိုးညှင်းမြို့နယ်အတွင်းမှ ယာဉ်လိုင်းများအားလုံး ဇူလိုင် ၅ ရက် နောက်ဆုံးထား၍ အဝေးပြေးယာဉ်ရပ်နားစခန်းသစ်သို့ ပြောင်းရွှေ့ရမည်

**မိုးညှင်း ဇူလိုင် ၄**

ကချင်ပြည်နယ် မိုးညှင်းမြို့ ဒီဂရီကောလိပ်အရှေ့ဘက် မြို့ရှောင်လမ်းဘေးရှိ မြေအကျယ် ၁၀ ဒသမ ၅ ဧကပေါ်တွင် အသစ်ဆောက်လုပ်ခဲ့ပြီးစီးခဲ့သည့် အဝေးပြေးယာဉ်ရပ်နားစခန်းသို့ မြို့နယ်အတွင်း၌ ဖွင့်လှစ်ပြေးဆွဲလျက်ရှိသည့် ယာဉ်လိုင်းများအားလုံး ယခု ဇူလိုင် ၅ ရက် နောက်ဆုံးထား ပြောင်းရွှေ့ဖွင့်လှစ်ရန် အဆိုပါအဝေးပြေးယာဉ်ရပ်နားစခန်း အုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၂ ရက်က ပြုလုပ်သည့် အစည်းအဝေး၌ ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေနိုင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး၊ ခေတ္တ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကမော်တော်ယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးအဖွဲ့မှ အဖွဲ့ဝင်များ တက်ရောက်၍ မြို့နယ်အတွင်းဖွင့်လှစ်ထားသည့် ယာဉ်လိုင်းများကို ယာဉ်ရပ်နားစခန်းသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ရာတွင် ကြုံတွေ့နိုင်သည့်အခက်အခဲများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီးနောက် မိုးညှင်းမြို့နယ်ကို ဗဟိုပြု ပြေးဆွဲနေသည့် ခရီးသည်တင်ယာဉ်လိုင်း သုံးလိုင်းအပါအဝင် မြို့နယ်အတွင်း၌ ဖြတ်သန်းပြေးဆွဲနေသည့် ခရီးသည်တင် အဝေးပြေးယာဉ်လိုင်း ၁၆ လိုင်းလုံးကို ဇူလိုင် ၅ ရက် နောက်ဆုံးထား၍ ယာဉ်ရပ်နားစခန်းအသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်သွားရန်နှင့် ကုန်တင်ယာဉ်များအနေဖြင့် ၁၃ တန်နှင့် ၁၃ တန်အောက်ကားကိုများသာ မိုးညှင်းမြို့နယ်အတွင်းသို့ ဝင်ရောက်ဖြတ်သန်းသွားလာခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြသည်။



မိုးညှင်းမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းသစ်ကို မိုးညှင်းမြို့နယ်အခြေစိုက် ရှမ်းနီအမျိုးသားတိုးတက်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်ခဲ့ပြီး ယာဉ်ဝင်းအတွင်း၌ မော်တော်ယာဉ်လိုင်းများအတွက် အလျား ပေ ၄၀၊ အနံ ၁၆ ပေနှင့် အမြင့် ၂၃ ပေရှိ အာရ်စီနှစ်ထပ် ရေမီးအစုံပါ တိုက်ခန်းပေါင်း ၂၈ ခန်း၊ လူနေဈေးဆိုင် တိုက်ခန်းပေါင်း ၂၀၊ ကုန်ပစ္စည်းသိုလှောင်ရုံ ရှစ်လုံး၊ အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံတစ်ခုနှင့် ခရီးသည်နားနေဆောင်များ တည်ဆောက်ထားကြောင်းသိရသည်။

ကျော်ကျော်ထွေး(မိုးညှင်း)

# တောင်ကုတ်မြို့နယ် ကျေးလက်ဦးစီးဌာနက ကျေးလက်ရေပေးရေးလုပ်ငန်းများနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအခြေအနေများ ကွင်းဆင်းစစ်ဆေး

**တောင်ကုတ် ဇူလိုင် ၄**

သံတွဲခရိုင် တောင်ကုတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးညီညီနှင့်အဖွဲ့သည် ယမန်နေ့က တောင်ကုတ်မြို့နယ် မောင်းကျေးရွာအုပ်စု မောင်းကျေးရွာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေ ကျပ်သန်း ၄၄ ဒသမ ၈၀၀ ဖြင့် ဆောင်ရွက်သည့် ပိုက်လိုင်းသွယ်တန်းခြင်း၊ ရေစုကန်တည်ဆောက်ခြင်း၊ Solar Panal array တည်ဆောက်ခြင်း၊ ရေမီတာ ၂၇၉ လုံးတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ဆက်လက်၍ တောင်ကုတ်မြို့နယ် ပဒါကျေးရွာအုပ်စု၊ ရုံးကျေးရွာနှင့် ရုံးဆည်ကျေးရွာတို့တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(မွမ်းမံ) ရန်ပုံငွေ ၉ ဒသမ ၀၀ ကျပ်သန်းစီဖြင့် Royal Gisspa ကုမ္ပဏီမှ ဆောင်ရွက်ပြီးဖြစ်သည့် မြေသားရေကန် တူးဖော်ခြင်း၊ (၁၀၀'x၁၀၀'x၆') လုပ်ငန်းများအား ကွင်းဆင်းစစ်ခဲ့၍ ပေါက်ပြင်ကျေးရွာအုပ်စု ပေါက်ပြင်ကျေးရွာတွင် ကျေးရွာမြစိမ်းရောင် ကော်မတီဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်စီမံကိန်း စာရင်းဇယားများ စစ်ဆေးခြင်း၊ မြစိမ်းရောင်ချေးငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအား ပိုမိုတိုးတက်မှုရှိစေရန် ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားခဲ့ကြောင်းသိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)



## အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တောင်ကြီး ဇူလိုင် ၄**

ဇူလိုင် ၄ ရက်က ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် သမဝါယမမိသားစုက သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၃ ရက်က တောင်ကြီးမြို့နယ် ကွမ်းလုံကျေးရွာအုပ်စု ရေပူကျေးရွာရှိ ရှမ်းပြည်နယ်တောင်ပိုင်း/ အရှေ့ပိုင်း သမဝါယမအသင်းစုချုပ်ပိုင် စိုက်ပျိုးရေးခြံတွင် ကျင်းပခဲ့ပြီး ခါတော်မှီအပင် ၃၀၀ နှင့် ကံ့ကော်ပင် ၅၀၊ စုစုပေါင်း အပင် ၃၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဖားကန့် ဝှေခါမော်၌ ကျင်းကမ်းပါးပြိုကျမှုဖြစ်စဉ်မှ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအား ထောက်ပံ့

**ဖားကန့် ဇူလိုင် ၄**

ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ဦးဆောင်လှူဒါန်းပြီး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း လုံးခင်း- ဖားကန့်တူးဖော်ရေးဌာနနှင့် ဖားကန့်မြို့နယ် ကျောက်မျက်လုပ်ငန်းရှင်များ အသင်း၊ KNDPC ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီတို့မှ ဖားကန့်မြို့နယ် ဝှေခါကျေးရွာမှ ကျင်းကမ်းပါးမြေပြိုဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေများကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ပေးအပ်လှူဒါန်းသည်။

အဆိုပါ ထောက်ပံ့လှူဒါန်းပွဲတွင် ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းက ကချင်ပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ထောက်ပံ့ငွေကျပ်သိန်း ၅၀၀၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ လုံးခင်း-ဖားကန့် တူးဖော်ရေးဌာနနှင့် ဖားကန့်မြို့နယ် ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ထောက်ပံ့ငွေကျပ်သိန်း ၅၀၀ နှင့် KNDPC ကျောက်မျက်ကုမ္ပဏီက ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ စုစုပေါင်းငွေကျပ်သိန်း ၁၁၀၀ လှူဒါန်းမှုကို မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လင်းအောင်က လက်ခံယူသည်။

အလားတူ ယင်းနေ့နံနက် ၁၁ နာရီခွဲခန့်က တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုကိုယ်စား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တေဇကျော်က လှူဒါန်းထောက်ပံ့ငွေကျပ်သိန်း ၅၀၀ နှင့်ဆန်အိတ် ၁၀၀၊ ဆီ ၂၃၂ ပိဿာ၊ ဆားပိဿာ ၈၀ နှင့် ပဲပိဿာ ၃၀၀ တို့ကို မြေပြိုဘေးသင့်သူများအတွက် ပေးအပ်ပြီး ကျင်းမြေပြိုမှုကြောင့် သေဆုံးရသူများ၏ မိသားစုဝင်များနှင့် ဒဏ်ရာရရှိသူများအား မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့က ထောက်ပံ့ရေးများ ဆက်လက်ဆောင် ရွက်ပေးသွားမည် ဖြစ်သည်။

ထို့နောက် မြို့မိမြို့ဖ ဦးဇော်လတ်က မမျှော်လင့်ဘဲဘေးဒုက္ခကြုံတွေ့ကြရသည့် ပြည်သူများအတွက် ဝမ်းနည်းကြောင်းနှင့် စုစုပေါင်းငွေကျပ်သိန်းပေါင်း ၁၆၀၀ လှူဒါန်း လက်ခံရရှိမှုများအတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ဇူလိုင် ၃ ရက်အထိ ဖားကန့်မြို့နယ် ဝှေခါကျေးရွာ၌ ကျင်းမြေပြိုဘေးကြောင့် သေဆုံးသူ ၁၆၂ ဦးနှင့် ဒဏ်ရာရရှိသူ ၄၃ ဦး ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**



မြေပြိုဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်စဉ်။

## ပင်လောင်းမြို့နယ်အတွင်း အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေပေးအပ်



ပင်လောင်းမြို့နယ်ရှိ ပြည်သူများအား ထောက်ပံ့ငွေပေးအပ်စဉ်။

**ပင်လောင်း ဇူလိုင် ၄**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ကူးစက်မှု ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသည့် အခြေခံလူတန်းစား အိမ်ထောင်စုများအတွက် နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် စားသောက်ကုန်ငါးမျိုးကို ဧပြီလဆန်းပိုင်းတွင် ထောက်ပံ့ပေးအပ်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိသည့် အိမ်ထောင်စုများကို ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်သည်။

ပင်လောင်းမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၂၆၀၈ စုအား စားသောက်ကုန်ငါးမျိုးကို ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထောက်ပံ့ရန် ကျန်ရှိသည့် ရပ်ကွက်/ကျေးရွာ များရှိ အိမ်ထောင်စု ၄၅၇၅ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းနိုင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာ ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများက ရပ်ကွက် ကျေးရွာနေပြည်သူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကိုရီးယား-မြန်မာ စပါးမျိုးစပ်နှစ်မျိုး၏ ဆန်အရည်အသွေးနှင့် စားသုံးမှုအရည်အသွေးကို အကဲဖြတ်ရွေးချယ်

**နေပြည်တော် ဇူလိုင် ၄**

စိုက်ပျိုးရေး သုတေသနဦးစီးဌာန (ရုံးချုပ်) စပါးသီးနှံသုတေသနဌာနစု၌ ကိုရီးယား- မြန်မာစပါးမျိုး ကူးစပ်လိုင်း နှစ်လိုင်း၏ ဆန်အရည်အသွေးနှင့် စားသုံးမှု အရည်အသွေးတို့အပေါ် တောင်သူများ ပါဝင်ရွေးချယ်သည့် အကဲဖြတ်အမှတ်ပေးပွဲကို ကိုရီးယားအပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (KOPIA - RDA Project)၏ အကူအညီဖြင့် ဇူလိုင် ၂ ရက်က ပြုလုပ်ခဲ့သည်။

ရွေးချယ်ပွဲတွင် စိုက်ပျိုးရေး သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန့်လွင်ဦး၊ ညွှန်ကြားရေးမှူးများနှင့် သုတေသီများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ နေပြည်တော် တိုင်းဦးစီးမှူး ဦးဝင်းဦးနှင့် စိုက်ပျိုးရေး ပညာရှင်များ၊ ဖိတ်ကြားထားသော တောင်သူများ တက်ရောက်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးရေး သုတေသန ဦးစီးဌာနအနေဖြင့် တောင်သူများအတွက် စားသုံးမှုအရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းပိုမိုရရှိသည့် စပါးမျိုးသစ်များ စဉ်ဆက်မပြတ် မွေးမြူဆောင်ရွက်လျက်ရှိကြောင်း၊ ရရှိလာသော မျိုးသစ်များကို ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျယ်ကျယ်ပြန့်ပြန့် ထုတ်ဝေသွားမည် ဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့်လည်း မိရိုးဖလာစပါးမျိုးများအစား အထွက်နှုန်းပိုမိုရရှိသည့် မျိုးသစ်များကို သုံးစွဲစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသီများ၊ စိုက်ပျိုးရေးပညာရှင်များနှင့် တောင်သူများက စပါးမျိုးသစ် နှစ်မျိုးဖြစ်သည့် Yn 3404-3-2-U1 59 နှင့် Yn 3405-2-3-U1 174 မျိုးတို့၏ ဆန်အရည်အသွေးနှင့် စားသုံးမှုအရည်အသွေးတို့ကို အကဲဖြတ်အမှတ်ပေးခဲ့ရာ တောင်သူများအနေဖြင့် Yn 3405-2-3-U1 174 စပါးမျိုးကို ပို၍ ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

Yn 3404-3-2-U1 59 စပါးမျိုးသစ်သည် ကိုရီးယားစပါးမျိုး Hanareum နှင့် ပေါ်ဆန်းဘေးကြားတို့ကို မျိုးကူးစပ်၍ ရရှိလာခြင်းဖြစ်ပြီး ဆည်ရေသောက်ဒေသနှင့် မိုးရေသောက်ဒေသတို့တွင် နွေစပါး၊ မိုးစပါးအဖြစ် စိုက်ပျိုးနိုင်ခြင်း၊ အထွက်နှုန်းကောင်းမွန်ကာ စားသုံးမှုအရည်အသွေး ကောင်းမွန်ခြင်းစသည့် လက္ခဏာများရှိကြောင်း၊ Yn 3405-2-3-U1 174 စပါးမျိုးသစ်သည် ကိုရီးယား စပါးမျိုး Hanareum နှင့် မော်ဘီ-၃ တို့ကို မျိုးကူးစပ်၍ ရရှိလာခြင်းဖြစ်ပြီး ဆည်ရေသောက်ဒေသနှင့် မိုးရေသောက်ဒေသတို့တွင် နွေစပါး၊ မိုးစပါးအဖြစ် စိုက်ပျိုးနိုင်ခြင်း၊ အထွက်ကောင်းခြင်း၊ စားသုံးမှု ကောင်းမွန်သည့်အပြင် ဆန်လုံး ရှည်သွယ်ခြင်းစသည့် အရည်အချင်းလက္ခဏာများရှိကြောင်း သိရသည်။

**မေမိုးသဲ**



စပါးမျိုးသစ်ဖြင့် ချက်ထားသောထမင်းကို စမ်းသပ်စားသုံးနေသော တောင်သူများကို တွေ့ရစဉ်။

## ကသာမြို့ ဧရာဝတီမြစ်ကမ်းတစ်လျှောက်ရှိ ဒေသခံများအား ရေဘေးအန္တရာယ်ဆိုင်ရာများ အသိပေးနှိုးဆော်

**ကသာ ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ကသာမြို့တွင် ဇူလိုင် ၂ ရက် တိုင်းတာချက်အရ ဧရာဝတီမြစ်ရေအခြေအနေသည် ၉၀၆ စင်တီမီတာသို့ ရောက်ရှိနေသဖြင့် ကသာမြို့ပေါ်ရှိ ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် နေထိုင်သော ဒေသခံပြည်သူများအား ရေဘေးအန္တရာယ်ဆိုင်ရာအသိပေးနှိုးဆော်ခြင်းလုပ်ငန်းကို ဇူလိုင် ၂ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနမှ ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မြစ်ကမ်းတစ်လျှောက် နေထိုင်သော ပြည်သူများအား မိုးကာလအတွင်း မိုးလေဝသသတင်းများနှင့် မြစ်ရေအခြေအနေထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ် သတိပြုနိုင်ရန်နှင့် ရေဘေးအန္တရာယ်ဆိုင်ရာ ရှောင်ရန်၊ ဆောင်ရန်အချက်များ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းအပြင် ရေဘေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ရေဘေးပညာပေးပိုစတာကပ်ခြင်း စသည့်ရေဘေးပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ကသာမြို့နယ်တွင် ဧရာဝတီမြစ်ရေ၏ စိုးရိမ်ရေမှတ်သည် ၁၀၄၀ စင်တီမီတာဖြစ်ပြီး ဇူလိုင် ၃ ရက်မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေအခြေအနေသည် ၉၁၄ စင်တီမီတာရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုင်းဖြတ်၌ ဒေသခံပြည်သူများထံ အခြေခံစားကုန်များလှူဒါန်း

**မိုင်းဖြတ် ဇူလိုင် ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းနှင့် မိသားစုဝင်များ၊ မိုင်းဖြတ်မြို့ ပြည်ခိုင်ဖြိုးပါတီမှ လှူဒါန်းသည့် ကိုဗစ်-၁၉ ထောက်ပံ့ရေးရိက္ခာများကို ယမန်နေ့က ဒေသခံပြည်သူများထံ လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဇော်ထွန်းနှင့် ဇနီးမိသားစု၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးစိုင်းကျောက်၊ ဦးအားကိုနှင့် တာဝန်ရှိသူများကဈေးတန်း(ကွက်သစ်ရပ်)ရှိ အိမ်ထောင်စု ၄၅၀ စု၊ ဟိုနား (အာခါ)ကျေးရွာရှိ အိမ်ထောင်စု ၆၅ စု၊ ဟိုနား(လားဟူ) ကျေးရွာရှိ အိမ်ထောင်စု ၆၀ ၊ စုစုပေါင်းအိမ်ထောင်စု ၅၇၅ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်သုံးပြည်၊ ဆီ ၈၅ ကျပ်သား၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆားတစ်ထုပ်၊ ဟင်းချိုမှုန့်တစ်ထုပ်တို့ကို ဒေသခံပြည်သူများထံ လှူဒါန်းသည်။

ဆက်လက်၍ နားလီး၊ နားမွန်း၊ တောညူ၊ ဝမ်နောင်၊ ဆိုက်ခေါင်၊ တာလ၊ နန်းခမ်းတောင်၊ ငှက်ပျောတော စသည့်ကျေးရွာများမှ အိမ်ထောင်စု ၃၆၀ အား ထောက်ပံ့ပေးအပ်ခဲ့ပြီး အဆိုပါ ထောက်ပံ့ရေးရိက္ခာများကို မြို့နယ်အတွင်းရှိ အိမ်ထောင်စု ၆၁၀၀ ကျော်အား ဆက်လက်ထောက်ပံ့လှူဒါန်းပေးမည် ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

## ဟိုပုံးမြို့နယ်ရှိ အခြေခံလူတန်းစားများအား ထောက်ပံ့ငွေပေးအပ်

**ဟိုပုံး ဇူလိုင် ၄**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား နိုင်ငံတော်က ထောက်ပံ့ပေးအပ်သော အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၁၅၀၀၀ ကို ယမန်နေ့က အိမ်တိုင်ရာရောက် ထောက်ပံ့ပေးခဲ့သည်။

ထိုသို့ ပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က မြို့ပေါ်ခြောက်ရပ်ကွက်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသည့် အိမ်ထောင်စုတို့အား ထောက်ပံ့ပေးခဲ့ပြီး မြို့နယ်အတွင်း ရပ်ကွက်/ ကျေးရွာများမှ ပြည်သူများအား မြို့နယ်အဆင့်ဌာနဆိုင်ရာများ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ထောက်ပံ့ပေးအပ်သည်။

ဟိုပုံးမြို့နယ်အတွင်း ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၂ အုပ်စုရှိပြီး ပထမအကြိမ် စားသုံးကုန်ပစ္စည်းများပေးအပ်ထောက်ပံ့ရာတွင် ပါဝင်ခြင်းမရှိသည့် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၃၀၃၆ စုအား အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၄၅၅၄၀၀၀၀ ကိုပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**နေမင်းထွန်း(ဟိုပုံး)**

## ၁၀၅ မိုင် ကြက်ခြေနီတပ်ဖွဲ့သို့ ထောက်ပံ့ပစ္စည်းများပေးအပ်

**မူဆယ် ဇူလိုင် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်အတွင်းရှိ ၁၀၅ မိုင် ကြက်ခြေနီအသင်းခွဲ(ငယ်)သို့ မူဆယ်မြို့ပေါ်မှ အလှူရှင်များဖြစ်ကြသည့် ဦးမောင်လှ၊ ဦးကျော်ဇေယျနှင့် ဦးသက်ဦးမောင်တို့က ဆန် ၂၅ အိတ်၊ ဆီပုံးကြီးရှစ်ပုံး၊ ရုံးသုံးထိုင်ခုံ ၂၅ ခုံနှင့် အလှူငွေကျပ် ၃၅၀၀၀၀ စုစုပေါင်းတန်ဖိုးကျပ် ၁၅ သိန်းခန့်ကို ဇူလိုင် ၁ ရက်ကလှူဒါန်းရာ တပ်ဖွဲ့မှူး ဦးသန့်ဇင်က လက်ခံရယူ၍ ထောက်ပံ့လှူဒါန်းသည့် ပစ္စည်းများကို တပ်ဖွဲ့ဝင်များထံ ညီတူညီမျှ ပြန်လည်ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# ဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြပါစို့

နိုင်ဦး(DOCA)

**ယနေ့ကမ္ဘာကြီးသည် နေ့စဉ် နာရီ၊ မိနစ်၊ စက္ကန့်အတွင်း ပြောင်းလဲဖြစ်ပေါ်တိုးတက်ဖွံ့ဖြိုးလျက်ရှိသလို မြန်မာနိုင်ငံသည်လည်း တဖြည်းဖြည်းတိုးတက်ဖွံ့ဖြိုးလျက်ရှိနေပါသည်။ ယခင်က မိမိအိမ်သို့ ညှော်သည်ရောက်ရှိလာပါက အပြေးအလွှားသွားရောက်ဝယ်ယူ၍ ညှော်ခံ စရာမလို၊ ဖုန်းလေးတစ်ချက်ဆက်ရုံဖြင့် ညှော်သည်အတွက် ညှော်ခံရန်ပစ္စည်းများ အချိန်တိုအတွင်း ရောက်ရှိနိုင်သလို အဝတ်အထည်၊ အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများကိုလည်း အင်တာနက်၊ ဆိုရှယ်မီဒီယာများပေါ်တွင် စိတ်ကြိုက်ကြည့်ရှုကာ ဖုန်းဆက်၍ အလွယ်တကူ မှာယူသုံးစွဲလာနိုင်သည်။ သို့သော် ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ စီးပွားရေးအခြေအနေ၊ မိသားစုအခြေအနေ၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှု အခြေအနေများအရ ဝယ်ယူသုံးစွဲသော ပစ္စည်းများသည် တူညီနိုင်မည်မဟုတ်ပေ။**

### ဝယ်ယူမှုပုံစံများပြောင်းလဲလာ

စားသုံးသူများ၏ ဝယ်ယူမှုပုံစံများလည်း ပြောင်းလဲလာပြီး ခေတ်မီသော၊ ပို၍ခေတ်မီသော ပစ္စည်းများကို တောင်းဆိုလာကြသည်။ မြန်မာနိုင်ငံကိုကြည့်ပါက ယခင်က အသံသာကြားရသောနေရှင်နယ်ရေဒီယိုတစ်လုံးရှိလျှင် တော်တော်ပြေလည်သော အိမ်ထောင်စုဖြစ်သည်။ ထို့နောက်ရေဒီယို အသေးလေးများကို များစွာထုတ်လုပ်နိုင်၍ လူတိုင်းလက်ထဲတွင် ကိုင်နိုင်လာသည်။ ရေဒီယိုထက်ပိုသော အရုပ်ရော အသံပါ ကြည့်ရှုနိုင်သည့် အဖြူအမည်း ရုပ်မြင်သံကြားများက ရေဒီယိုများနေရာကို အစားထိုးယူလာသည်။ အဖြူ၊ အမည်း ရုပ်မြင်သံကြားစက်များနေရာကို ရောင်စုံရုပ်မြင်သံကြားစက်များက အစားထိုးဝင်ရောက်လာသည်။ ပို၍ ရုပ်ထွက်၊ အသံထွက်ကောင်းသော၊ ဈေးသက်သာသော၊ ဈေးကြီးသော၊ သယ်ဆောင်ရန် လွယ်ကူသော၊ သေးငယ်သော၊ ကြီးမားသော ရုပ်မြင်သံကြားစက်များကို ဝယ်ယူသုံးစွဲလာကြသည်။ ကုန်စည်ထုတ်လုပ်သူများကလည်း စားသုံးသူများ၏ လိုလားချက်များနှင့်အညီ ကုန်စည်၊ ဝန်ဆောင်မှုအမျိုးအစားပေါင်းစုံကို ထုတ်လုပ်ဆောင်ရွက်လာကြသည်။

အလားတူပင် ယခင်က မော်တော်ကားတစ်စီးပိုင်ဆိုင်သူသည် လူချမ်းသာတစ်ဦးဟုပင် ခေါ်ဆိုနိုင်သည်။ ယနေ့တွင်မူ လူလတ်တန်းစားများပင် အလွယ်တကူ ဝယ်ယူစီးနင်း မောင်နှင်လာကြသည်။ လမ်းမကြီးများတွင် ကမ္ဘာ့နိုင်ငံပေါင်းစုံမှ ထုတ်လုပ်သော မော်တော်ယာဉ်ပုံစံမျိုးစုံ၊ အရောင်အစုံအလင်များ ပျားပန်းခပ်မျှ မြင်တွေ့နေရသည်။ သဘောမှာ ယနေ့လူချမ်းသာများ၏ ဇိမ်ခံစားသောက်နေထိုင်မှုစနစ်များသည် မကြာသော ဆယ်စုနှစ်ကာလအတွင်းတွင် လူလတ်တန်းစားတို့၏ နေထိုင်စားသောက်မှုပုံစံများ ဖြစ်လာပြီး လူလတ်တန်းစားများ၏ နေရာကို အခြေခံလူတန်းစားများက ပိုင်ဆိုင်လာကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့အတူ ယခင်ကသွားလာရန် အခက်အခဲ၊ ဆက်သွယ်ရန် ခက်ခဲသောနေရာသို့ ခေတ်မီကောင်းမွန်သော လမ်း၊ တံတားများ အစားထိုးနေရာယူလာခြင်း၊ ကြိုးဖုန်းများနေရာတွင် လက်ကိုင်ဖုန်းများဖြင့် အစားထိုးအသုံးပြုလာနိုင်ခြင်းတို့ကြောင့် ခရီးလမ်း/ဆက်သွယ်မှုကဏ္ဍများ ကျုံ့သွားကာ တစ်ကမ္ဘာလုံးသည် ရွာကြီးပမာ သတင်းအချက်အလက်များ အလွယ်တကူ ဖြန့်ဝေရယူနိုင်လာခဲ့သည်။

### အလွယ်တကူရရှိလာ

ဆက်သွယ်မှုလွယ်ကူလာမှုများကို အသုံးပြု၍ သက်သက်သာသာဖြင့် လူသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများကို အင်တာနက်တွင် ကြည့်ရှု၍ လည်းကောင်း၊ ဖုန်းတစ်ချက်ဆက်ရုံဖြင့် လိုချင်သောပစ္စည်းများကို အလွယ်တကူရရှိလာနိုင်သည်။ ကုန်စည်၊ ဝန်ဆောင်မှုပြုသူ လုပ်ငန်းရှင်များကလည်း သူ့ထက်ငါ အပြိုင်အဆိုင် ဝန်ဆောင်မှုနှင့် မက်လုံးများပေးကာ စားသုံးသူများအား စည်းရုံးဆွဲဆောင် ရောင်းချလျက်ရှိသည်ကို တွေ့ရှိရသည်။

ငွေပေးချေရာတွင်လည်း Online စနစ်ကို အသုံးပြု၍ အီလက်ထရွန်နစ် ငွေပေးချေခြင်း၊ ကတ်စနစ်ကို အသုံးပြုခြင်း၊ ဘဏ်စနစ်များကို အသုံးပြုခြင်းများကြောင့် အချိန်ကုန်သက်သာ လူပင်ပန်းမှုမရှိဘဲ စားသုံးသူများ စိတ်ကျေနပ်မှု အပြည့်အဝနီးနီး ရရှိလာကြ၍ ကျယ်ပြန့်သော ဈေးကွက်ကြီးတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ လူဦးရေလွန်စွာများပြားပြီး ကျယ်ပြန့်သော မြေဧရိယာကို ပိုင်ဆိုင်ထားသည့် ဝယ်လိုအား အဆမတန်များပြားသော နိုင်ငံကြီး နှစ်ခုကြားတွင် တည်ရှိနေမှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးကောင်း၊ အခြေအနေကောင်း၊ အားသာချက်ကြီးတစ်ခုအဖြစ် စီးပွားရေးပညာရှင်များက ဝမ်းသာအားရ သုံးသပ်ကြခြင်းကို မစားရ ဝခမန်း ကြားသိနေရသည်။ သို့သော် ပကတိအခြေအနေများမှာမူ စီးပွားရေးကျင့်ဝတ်များနှင့်အညီ မဆောင်ရွက် မလုပ်ကိုင်နိုင်ကြသော၊ မိမိကိုယ်ကျိုးစီးပွားကိုသာ ဦးတည်သော၊ ဘယ်သူသေသေ ငတေမာလျှင် ပြီးရောဆိုသည့်စိတ်ဖြင့် ဆောင်ရွက်ကြသော စီးပွားရေးလုပ်ငန်းရှင်အချို့ကြောင့် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ လူအများစု စီးပွားရေး လုပ်ငန်းရှင်များ မျက်နှာပျက်ကြရသည်။ ပဲ၊ နှမ်းများတွင် ကျောက်ခဲရောခြင်း၊ တရားမဝင် ဓာတုဆေးများ အလွန်အကျွံ သုံးစွဲထားခြင်း၊ နိုင်ငံတကာစံနှုန်းများ လိုက်နာမှုအားနည်းခြင်းများကြောင့် ဖြစ်သည်ကို သတင်းစာ၊ ဂျာနယ်၊ မီဒီယာပေါင်းစုံတွင် တွေ့မြင်ကြားသိနေရသည်။

> **“ပကတိအခြေအနေများမှာမူ စီးပွားရေးကျင့်ဝတ်များနှင့်အညီ မဆောင်ရွက် မလုပ်ကိုင်နိုင်ကြသော၊ မိမိကိုယ်ကျိုးစီးပွားကိုသာ ဦးတည်သော၊ ဘယ်သူသေသေ ငတေမာလျှင် ပြီးရောဆိုသည့် စိတ်ဖြင့်ဆောင်ရွက်ကြသော စီးပွားရေးလုပ်ငန်းရှင်အချို့ကြောင့် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ လူအများစု စီးပွားရေးလုပ်ငန်းရှင်များ မျက်နှာပျက်ကြရသည်”**

### စမ်းသပ်ဈေးကွက်

မြန်မာနိုင်ငံမှ ပို့ကုန်များကို ပြည်ပနိုင်ငံများက ဝယ်ယူရန် လက်တွန့်လျက်ရှိသော်လည်း အိမ်နီးချင်းနိုင်ငံများမှ တရားမဝင်ထုတ်လုပ်သည့် စံမမီ ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကိုမူ တရားမဝင်တင်သွင်းကြသည်။ မြန်မာနိုင်ငံကို စမ်းသပ်ဈေးကွက်ကြီးအဖြစ် သဘောထားကာ ဆောင်ရွက်ကြသည်။ ထိုစံမမီပစ္စည်းများကို မြန်မာနိုင်ငံရှိ ပြည်သူများ စားသုံးနေကြရသည်။ မလိုလားအပ်သော ဘေးဥပဒ်အန္တရာယ်များနှင့် မကြားဖူးသော ရောဂါဆန်းများ ဖြစ်ပေါ်နေရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်များတင်ပို့ရာတွင် စီးပွားရေးကျင့်ဝတ်များနှင့်အညီ နိုင်ငံတကာစံနှုန်းများနှင့်အညီ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသလို တင်သွင်းသော ပစ္စည်းများနှင့်ပတ်သက်၍ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်း အလားတူ ဆောင်ရွက်လျက်ရှိပါသည်။ လူအများစုက ထုတ်ပြန်ထားသော ကျင့်ဝတ်စံနှုန်းများနှင့်အညီ လိုက်ပါပူးပေါင်း ဆောင်ရွက်လျက်ရှိကြသော်လည်း လူနည်းစုမှာ လိုက်နာဆောင်ရွက်မှုမရှိခြင်းကြောင့် ကုန်သွယ်မှုပမာဏ ကွာခြားချက်များ ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

ထိုအခြေအနေများကို လျော့ပါးသက်သာစေရေးအတွက် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ကို ပြဋ္ဌာန်းကာ သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ပညာပေး ဟောပြော ဆွေးနွေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဈေးကွက်အတွင်း စံမမီ ကုန်ပစ္စည်းများကို သိမ်းဆည်း၊ ဖျက်ဆီးခြင်း၊ လုပ်ငန်းရှင်များအား အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပါဝင်သော စားသုံးသူကာကွယ်ရေးကော်မရှင်ဖွဲ့စည်း၍ လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရဝန်ကြီးများ ဦးဆောင်၍ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် အဆိုပါအဖွဲ့အောက်တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီနှင့်တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီများကို ဖွဲ့စည်း၍လည်းကောင်း၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို အလွယ်တကူ တိုင်ကြားနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စားသုံးသူသတင်းအချက်အလက်နှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ ( Consumer Information and Complaint Center – CICC) များကို ဖွင့်လှစ်၍ လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စားသုံးသူပြည်သူများသည် ကုန်စည်၊ ဝန်ဆောင်မှုများကို ဆင်ခြင်ကာ ဝယ်ယူသုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာသည်။ နစ်နာမှုများ၊ ဆုံးရှုံးမှုများကို တိုင်ကြားတတ်လာသဖြင့် အောင်မြင်မှုအချို့ရရှိပြီဟု ဆိုနိုင်သည်။ ပြည်သူများ တိုင်ကြားမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးမှုအချို့တွင် မော်တော်ယာဉ်များ၊ တယ်လီဖုန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံး ၊ အိမ်သုံးကုန်များနှင့် စပ်လျဉ်း၍ ကတိကဝတ်များနှင့်အညီ ဆောင်ရွက်ပေးခြင်း မရှိမှုများ စသည်ဖြင့် များစွာပါရှိသည်ကို တွေ့ရှိရသည်။ ခက်ခဲသည်မှာ စားသုံးသူရော၊ ကုန်စည်၊ ဝန်ဆောင်မှုများကို ထုတ်လုပ်သူ၊ တင်သွင်းသူ၊ ဖြန့်ဖြူးရောင်းချသူများသည် မိမိနိုင်ငံသားများဖြစ်၍ နှစ်ဦးနှစ်ဖက်လုံးအတွက် မိမိနိုင်ငံသားများသာ နစ်နာဆုံးရှုံးမှု ကြုံတွေ့နိုင်မည် ဖြစ်ပါသည်။

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းဟူသည် စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့၏ အားပြိုင်မှုများကို ဟန်ချက်ညီအောင် ထိန်းညှိကုစားပေးခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် စားသုံးသူများအတွက် စားသုံးသူများရသင့်သည့် စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသလို လုပ်ငန်းရှင်များကိုလည်း ထုတ်ကုန်လုံခြုံ စိတ်ချရမှုရှိသော ကုန်စည်များ၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ရှိသော ဝန်ဆောင်မှုများ ထုတ်လုပ်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ လိုက်ပါနိုင်စေရေးအတွက် လုပ်ဆောင်ခြင်းအားဖြင့် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိပါ ကုန်စည်၊ ဝန်ဆောင်မှုလုပ်ငန်းများ ချဲ့ထွင်နိုင်စေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ ထိုသို့ ဆောင်ရွက်ပေးသည့်အခါ မလိုလားအပ်သော ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက ဘက်လိုက်မှုကင်းရှင်းစွာဖြင့် စားသုံးသူများလည်း စိတ်ကျေနပ်၊ လုပ်ငန်းရှင်များလည်းပြုပြင်ကာ လုပ်ငန်းဆက်လက် လည်ပတ်နိုင်စေရေးအတွက် ထိန်းညှိကုစားဖြေရှင်းပေးခြင်းဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို ရေးရှုဆောင်ရွက်လျက်ရှိသဖြင့် ထိုက်သင့်သော အောင်မြင်မှုများကို ရရှိနေခြင်းဖြစ်သည်။

စားသုံးသူရေးရာဦးစီးဌာနသည် ထုတ်ပြန်ကျင့်သုံးလျက်ရှိသော စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ပြဋ္ဌာန်းချက်များအရ တစ်ဖက်က စားသုံးသူများ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသလို တစ်ဖက်မှ လုပ်ငန်းရှင်များကိုလည်း ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိရေး နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်း၍ ထုတ်လုပ်သူများလည်း ဈေးကွက်ယှဉ်ပြိုင်နိုင်ကာ စီးပွားရေး တိုးတက်လာမည် ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် စားသုံးသူများသည် ဘေးဥပဒ်အန္တရာယ်ရှိသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်၊ ဝန်ဆောင်မှုများကို ရယူသုံးစွဲမှု မပြုရေး၊ ထိုသို့မသုံးစွဲ၊ မရယူရေးအတွက် မိမိမိသားစု၊ ဆွေမျိုးသားချင်း မိတ်ဆွေများထံ သတင်းအချက်အလက်များ မျှဝေရေး စားသုံးသူ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များရှိ စားသုံးသူရေးရာဦးစီးဌာနများ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ CICC များသို့ စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့် ဖြစ်စေ တိုင်ကြားကြရန် လွန်စွာ အရေးကြီးပါသည်။

### ပြည်သူများပူးပေါင်းပါဝင်

စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အောင်မြင်မှုရရှိစေရေးအတွက် ဌာနများမှ ဆောင်ရွက်ကြရုံဖြင့် မအောင်မြင်နိုင် နှေးကွေးနေမည်ဖြစ်သည်၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ မြန်မာတစ်နိုင်ငံလုံးရှိ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အိမ်သုံး၊ လူသုံးပစ္စည်းများ စားသုံးကြ၍ ကျန်းမာစွာဖြင့် အသက်ရှည်ရပ်တည် နေထိုင်လာနိုင်ကြမည် ဖြစ်သည်။ မိမိဆောင်ရွက်သည့် လုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်လာနိုင်မည်။ မိမိ မိသားစုဝင်ငွေ တိုးလာမည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုလာမည်ဖြစ်သည်။ အလားတူ လုပ်ငန်းရှင်များသည်လည်း နိုင်ငံတကာစံနှုန်းများဖြင့် အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်သဖြင့် ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိ ထိုးဖောက်လာနိုင်မည်ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာမည်။ နိုင်ငံတကာသို့ ဝင်ဆံ့ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကူညီရာရောက်မည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ ဈေးများ၊ ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့များတွင်လည်း စားသုံးသူကာကွယ်ရေး အသင်းအဖွဲ့များ ဖွဲ့စည်းထားသလို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထားသော စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များ များစွာပေါ်ပေါက်တိုးတက်ဖွံ့စည်းနေခြင်းသည် များစွာအားရဖွယ်ကောင်းလှပါသည်။ စားသုံးသူရေးရာဦးစီးဌာနမှလည်း ထိုအသင်းအဖွဲ့များနှင့် ငွေကြေးကိစ္စမှလွဲ၍ ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်၍ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ ပွဲပြီးမီးသေ မဖြစ်စေရေးအတွက် တစ်နိုင်ငံလုံး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်ရေး ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။

သို့ပါ၍ တိုးတက်လာသော ခေတ်နှင့်အညီ ပေါ်ပေါက်လာသော လူသုံး၊ အိမ်သုံးပစ္စည်းများနှင့် ပတ်သက်၍ စားသုံးသူပြည်သူများက အသိတရားလက်ကိုင်ထား၍ သတိထား ဝယ်ယူသုံးစွဲကြပါရန်၊ ဘေးဥပဒ်အန္တရာယ်ရှိသော ပစ္စည်းများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှု မရှိသော ပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်း မပြုကြပါရန်၊ မိမိကြုံတွေ့ရသော နစ်နာမှုများကို မိမိ မိသားစုသာမက မိတ်ဆွေ၊ အပေါင်းအသင်း၊ ဆွေမျိုးသားချင်းများကို သတင်းအချက်အလက်များ မျှဝေဖြန့်ဝေပေးကြပါရန်၊ စားသုံးသူအခွင့်အရေး အပြည့်အဝ မရရှိခြင်း၊ ထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များရှိ စားသုံးသူရေးရာဦးစီးဌာနများ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ CICC များတွင် အလွယ်တကူ တိုင်ကြားကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# ကြော်ငြာရှင်များသို့ . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန် အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက်ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့မဟုတ်) Viber ဖြင့် ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့မဟုတ်)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့မဟုတ်)Viber ဖုန်းနံပါတ်- ၀၉-၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အလင်းသတင်းစာတိုက်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4A/8226 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် RLG/1956 Toyota Fortuner TGN 51L S/W(4x4)L ယာဉ်လက်ဝယ်ရှိသူ ဦးသုဒဿန ၉/မရတ(နိုင်)၀၀၀၈၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/7653 DAIHATSU HIJET S200F PICKUP(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းနွယ် ၉/မနတ(နိုင်)၀၇၉၈၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဘီးလင်းမြို့နယ်၊ ဒေါက်ရပ်ကျေးရွာအုပ်စု၊ ရွှေအင်ဒုံကျေးရွာနေ (ဘ)ဦးမြင့်စိုး၊ (အမိ)ဒေါ်မြင့်မြင့်အေးတို့၏သား မောင်ပြည့်ဖြိုးအောင် ၁၀/ဘလန(နိုင်)၁၁၅၃၈၈ သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူခြင်းတို့ကြောင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးမြင့်စိုး-ဒေါ်မြင့်မြင့်အေး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ အမှတ် (၁၁)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (ကွင်းပြင်)ရှိ အောက်ဖော်ပြပါမြေရိယာများအား ဦးမျိုးမင်းဇော် ၁၃/လရန(နိုင်)၀၈၂၈၇၀ မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၃-၅-၂၀၁၈ ရက်တွင် ကျင်းပပြုလုပ်သည့် ပုံမှန်အစည်းအဝေးအမှတ်စဉ်(၁-၅/၂၀၁၈)၊ဆုံးဖြတ်ချက်အပိုဒ်၅(ဆ) အရ လယ်ယာမြေမှတစ်ပါး လယ်ယာမြေအားအခြားနည်းဖြင့်အသုံးပြုရန်ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်၍ အပန်းဖြေစခန်းဆောက်လုပ်ရန်အတွက် စက်မှုစီးပွားမြေငှားဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| စဉ် | ရပ်ကွက် | ကွင်း/အကွက်အမှတ်နှင့်အမည် | ဦးပိုင်အမှတ် | ဧရိယာ | ခွင့်ပြုမိန့် |
|---|---|---|---|---|---|
| ၁ | ၁၁ | ကွင်းပြင် | ၁ | ၂.၅၀ | အစရ(ရှမ်း)၏လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ပြုမိန့် အမှတ်(၄၈/၂၀၁၈) |
| ၂ | ၁၁ | ကွင်းပြင် | ၂ | ၁.၄၀ | အစရ(ရှမ်း)၏လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ပြုမိန့် အမှတ်(၄၆/၂၀၁၈) |
| ၃ | ၁၁ | ကွင်းပြင် | ၃ | ၃.၃၀ | အစရ(ရှမ်း)၏လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ပြုမိန့် အမှတ်(၄၇/၂၀၁၈) |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့နယ်၊ ကောင်းကြဲ(အီ)ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (ကွင်းပြင်၊ဦးပိုင်ဝိုင်း-၁ခိုက်ချန်ရွာကွင်း)ရှိ ဖော်ပြပါဧရိယာများအား အောက်ဖော်ပြပါပုဂ္ဂိုလ်တို့မှ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၆-၂-၂၀၁၆ရက်တွင် ကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄-၂/၂၀၁၆)၊ ဆုံးဖြတ်ချက်အပိုဒ် ၅(၃) နှင့် ၂၉-၃-၂၀၁၆ရက်တွင် ကျင်းပပြုလုပ်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၄-၃/၂၀၁၆)၊ ဆုံးဖြတ်ချက်အပိုဒ် ၅(၁-ခ)တို့အရ လယ်ယာမြေမှတစ်ပါး လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုရန်ခွင့်ပြုမိန့်ရရှိထားပြီးဖြစ်၍ သီးနှံသိုလှောင်သည့် ဂိုဒေါင်အဆောက်အအုံဆောက်လုပ်အသုံးပြုရန်အတွက် စက်မှုစီးပွားမြေငှားဂရန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | ကွင်း/အကွက်အမှတ်နှင့်အမည် | ဦးပိုင်အမှတ် | ဧရိယာ | ခွင့်ပြုမိန့် |
|---|---|---|---|---|---|
| ၁ | ဦးမျိုးမင်းဇော်(ခ)ဘိုဘို ၁၃/လရန(နိုင်)၀၈၂၈၇၀ | ကွင်းပြင်၊ ဦးပိုင်ဝိုင်း-၁ ခိုက်ချန်ရွာကွင်း | ၂၃ | ၁.၀၀ | အစရ(ရှမ်း)၏လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ပြုမိန့် အမှတ်(၅၃/၂၀၁၆) |
| ၂ | ဦးမျိုးမင်းဇော်(ခ)ဘိုဘို ၁၃/လရန(နိုင်) ၀၈၂၈၇၀ | ကွင်းပြင်၊ ဦးပိုင်ဝိုင်း-၁ ခိုက်ချန်ရွာကွင်း | ၂၃/က | ၀.၅၀ | အစရ(ရှမ်း)၏လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ပြုမိန့် အမှတ်(၅၂/၂၀၁၆) |
| ၃ | ဒေါ်နန်းယိင်းနွံ ၁၃/လရန(နိုင်)၀၀၁၄၅၁ | ကွင်းပြင်၊ ဦးပိုင်ဝိုင်း-၁ ခိုက်ချန်ရွာကွင်း | ၂၂/က | ၁.၀၀ | အစရ(ရှမ်း)၏လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ပြုမိန့် အမှတ်(၇၅/၂၀၁၆) |
| ၄ | ဒေါ်နန်းယိင်းနွံ ၁၃/လရန(နိုင်)၀၀၁၄၅၁ | ကွင်းပြင်၊ ဦးပိုင်ဝိုင်း-၁ ခိုက်ချန်ရွာကွင်း | ၂၂/ခ | ၀.၇၀ | အစရ(ရှမ်း)၏လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ပြုမိန့် အမှတ်(၇၃/၂၀၁၆) |
| ၅ | ဒေါ်နန်းယိင်းနွံ ၁၃/လရန(နိုင်)၀၀၁၄၅၁ | ကွင်းပြင်၊ ဦးပိုင်ဝိုင်း-၁ ခိုက်ချန်ရွာကွင်း | ၃၄ | ၁.၀၆ | အစရ(ရှမ်း)၏လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ပြုမိန့် အမှတ်(၇၇/၂၀၁၆) |
| ၆ | ဒေါ်နန်းယိင်းနွံ ၁၃/လရန(နိုင်)၀၀၁၄၅၁ | ကွင်းပြင်၊ ဦးပိုင်ဝိုင်း-၁ ခိုက်ချန်ရွာကွင်း | ၃၅/က | ၁.၀၀ | အစရ(ရှမ်း)၏လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ပြုမိန့် အမှတ်(၇၄/၂၀၁၆) |
| ၇ | ဒေါ်နန်းယိင်းနွံ ၁၃/လရန(နိုင်)၀၀၁၄၅၁ | ကွင်းပြင်၊ ဦးပိုင်ဝိုင်း-၁ ခိုက်ချန်ရွာကွင်း | ၃၅/ခ | ၁.၁၁ | အစရ(ရှမ်း)၏လယ်ယာမြေ အခြားနည်းသုံးစွဲခွင့်ပြုမိန့် အမှတ်(၇၈/၂၀၁၆) |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## အမျိုးသားသွေးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အမျိုးသားသွေးဌာန၌ သွေးနှင့်သွေးပစ္စည်းများ ဓာတ်ခွဲစစ်ဆေးရန်လိုအပ်သည့် သွေးလှူဘဏ်သုံးဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံသားပြည်တွင်းလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၇-၂၀၂၀(တနင်္လာနေ့)
**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၅-၈-၂၀၂၀ (ဗုဒ္ဓဟူးနေ့) (၁၆:၀၀)နာရီ

တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမျိုးသားသွေးဌာန၊ ရန်ကုန်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ဖုန်း-၀၁-၃၇၀၀၅၆**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရေနံဓာတ်ငွေ့ရည်များရောင်းချရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်)မှ ဖြူတိန်းရေနံဓာတ်ငွေ့ရည်များကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံဓာတ်ငွေ့ရည်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် က၊ ခ၊ ဂ၊ စ လက်ဝယ်ရှိသူများ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | စက်ရုံ | ပမာဏ (မက်ထရစ်တန်) | တင်ဒါဖွင့်ရက် | | တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် | |
|---|---|---|---|---|---|---|
| | | | နေ့ | နာရီ | နေ့ | နာရီ |
| ၁။ | ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) | ၃၀၀ | ၅-၈-၂၀၂၀ | ၁၄:၀၀ | ၅-၈-၂၀၂၀ | ၁၂:၀၀ |
| ၂။ | ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) | ၃၀၀ | ၂၆-၈-၂၀၂၀ | ၁၄:၀၀ | ၂၆-၈-၂၀၂၀ | ၁၂:၀၀ |
| ၃။ | ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) | ၃၀၀ | ၁၆-၉-၂၀၂၀ | ၁၄:၀၀ | ၁၆-၉-၂၀၂၀ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်နှင့်ပုံစံများအား တစ်လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန် အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဖြတ်မြို့၊ ဝမ်မိုင်ရပ်ကွက်နေ ၁၃/မဖန(နိုင်) ၀၀၈၈၀၃ ကိုင်ဆောင်သူ ဒေါ်နန်းကျန်၏လွှဲအပ်ညွှန်ကြားချက်အရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့၊ ဟောင်လိတ်အုပ်စု၊ ဝိန်းကျောက်ရပ်ကွက်၊ အကွက်အမှတ်-ဝက(၁၈၅)၊ အလျား(၈၀)ပေxအနံ(၆၀)ပေရှိ မြေကွက်အား ၁၆-၅-၂၀၀၈ ခုနှစ်တွင်လည်းကောင်း၊အကွက်အမှတ်-ဝက(၂၈၀)၊ အလျား(၆၀)ပေ x အနံ(၄၀)ပေရှိ မြေကွက်အား ၂- ၁၁-၂၀၁၀ခုနှစ်တွင်လည်းကောင်း ဝယ်ယူပိုင်ဆိုင်လက်ရောက်ရယူထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက် (၂) ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်မှာ ဒေါ်နန်းကျန် တစ်ဦးတည်းပိုင်ဆိုင်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ စီမံခန့်ခွဲပိုင်ခွင့်နှင့်လွှဲပြောင်းပေးအပ်ရောင်းချထားခြင်းမျိုးမရှိဘဲ ၎င်းတစ်ဦးတည်းကသာစီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချခွင့်၊လွှဲပြောင်းခွင့်ရှိသူဖြစ်ရာ အခြားသူများ၏ပြုလုပ်ဆောင်ရွက်မှုများသည် ဒေါ်နန်းကျန်နှင့် လုံးဝသက်ဆိုင်မှုမရှိပါကြောင်း၊ တစ်စုံတစ်ဦးမှ ရောင်းချခြင်း၊ပေါင်နှံခြင်း၊လွှဲပြောင်းခြင်းပြုလုပ်ထားပါက တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းကျန်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုခိုင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၀)**
**အမှတ်-၈/၆၅(ခ)၊မင်္ဂလာလမ်း၊**
**ဝမ်ကောင်းရပ်ကွက်၊တာချီလိတ်မြို့**

## ဦးမျိုးတင့်(ဘ)ဦးပါ ၈/မဘန(နိုင်)၀၀၅၆၄၄ နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးလှအောင် ၁၂/ဥကမ(နိုင်)၀၅၁၆၆၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးမျိုးတင့်တို့သည် ခင်မင်ရင်းနှီးသော မိတ်ဆွေများဖြစ်ကြသည့်အတွက် မိတ်ဆွေအချင်းချင်း တယ်လီဖုန်းပြောကြားခဲ့မှုများကို လူကြီးမင်းဦးမျိုးတင့်မှ ကျွန်ုပ်၏မိတ်ဆွေကြီးကို အသိမပေးဘဲ အသံဖိုင်ရယူထားခဲ့ပြီး အဆိုပါရယူထားသောအသံဖိုင်ကို ဦးမျိုးတင့်မှ လိုအပ်သလိုတည်းဖြတ်၍ ကျွန်ုပ်၏မိတ်ဆွေကိုအသိမပေးဘဲ လူမှုကွန်ရက်စာမျက်နှာဖြစ်သော (Facebook)တွင် LPG LOVER NET အမည်ဖြင့် ဖွင့်လှစ်ထားသော Account (အကောင့်)ဖြင့် ဦးမျိုးတင့်၏ တစ်ဦးတည်းသောသဘောဖြင့် အသံဖိုင်တင်ခဲ့ခြင်းကြောင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူသည် ဂုဏ်သိက္ခာကျဆင်းခြင်း၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲခြင်းများစွာဖြစ်ပေါ်ခဲ့ရပြီး လူမှုရေး၊ စီးပွားရေးအလုပ်အကိုင်များစွာထိခိုက်ခဲ့ရ၍ လွန်စွာမှနစ်နာဆုံးရှုံးခဲ့ရပါသည်။ သို့ဖြစ်ပါ၍ ဦးမျိုးတင့်အနေဖြင့် ယခုလိုပြုမူဆောင်ရွက်မှုသည် ဦးမျိုးတင့်၏ တစ်ဦးတည်းသောသဘောဖြင့် ပြုမူဆောင်ရွက်ဖန်တီးခဲ့ခြင်းသာဖြစ်ပါသောကြောင့် ဦးမျိုးတင့်အနေဖြင့် ထိုသို့လုပ်ဆောင်ခဲ့မှုများအပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအား ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဝန်ချတောင်းပန်ရန်နှင့် သတ်မှတ်ရက်အတွင်း ဦးမျိုးတင့်မှဝန်ချတောင်းပန်ခြင်းမရှိခဲ့ပါက ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မျိုးသန့် B.A(Eco),H.G.P,D.B.L** | **ဦးအာကာလင်း(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **လိုင်စင်အမှတ်-၁၀၈၇၉** | **လိုင်စင်အမှတ်-၂၅၁၃၄/၂၀၀၆** |

**အမှတ်(၈၅၈)၊ အင်းဝလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၆၀၃၉၉၀၃၅**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၁၄)၊ ဦးပိုင်အမှတ် (၃၀၉/၂)၊ မြေရိယာ ၀ဒသမ၅၆ဒေကရှိ ဒေါ်နန်ဟီးနန် အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက်မြေကွက်ဖြစ်ပြီး ၂၁-၂-၂၀၀၅ရက်တွင် ဒေါ်နန်ဟီးနန်ထံမှ ဒေါ်ဂျာနန်က နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်ဂျာနန် ၁/မကန(နိုင်)၀၅၂၈၁၂ အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် ၉-၁-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၂၅/၂၀၂၀)ကို ၁၃-၁-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၁၁/၂၀၂၀) အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/8249 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/8445 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရေနံချောင်းမြို့နယ်၊ ဆိပ်သာထွန်းတောက်မြို့ကွက်သစ်၊ မြေပေးမိန့်အဟောင်းများပယ်ဖျက်၍ မြေပေးမိန့်အသစ်ပြန်လည်ထုတ်ပေးနိုင်ပါရန် ဆိပ်သာထွန်းတောက်မြို့ မြေချထားမှုဆိုင်ရာ စာရင်းဇယားကောက်ယူစိစစ်ထိန်းသိမ်းရေးအဖွဲ့မှ တင်ပြလာသဖြင့် အောက်ဖော်ပြပါပုဂ္ဂိုလ်များသို့ မြေပေးမိန့်အသစ် ပြန်လည်ထုတ်ပေးမည်ဖြစ်ပါ၍ ဤသတင်းစာပါသည့်ရက်မှ ၁၅ ရက်အတွင်း မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးကော်မတီအဖွဲ့သို့လည်းကောင်း အထောက်အထားများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | မူလ အမည်ပေါက်သူ | လာရောက် ဆက်သွယ်သူ | စည်ပင် မြေကွက် အမှတ် | မြေစာရင်း အကွက် အမှတ် | မြေစာရင်း မြေကွက် အမှတ် |
|---|---|---|---|---|---|
| ၁ | ဦးခင်စန်းမောင် | ဦးခင်စန်းမောင် | ၁၂၆၈ | ၂၁/၂ | ၂၂၅ |
| ၂ | ဦးအေးကို | ဦးအေးကို၊ဦးအေးပိုင် | ၂၉၇ | ၂၁ | ၈၀ |
| ၃ | ဦးလှအေး | ဦးလှအေး | ၂၂၂ | ၂၀ | ၁၁၅ |
| ၄ | ဒေါ်ကြည်ထွေး | ဒေါ်ကြည်ထွေး | ၁၄၀၈ | ၂၁ | ၂၆၂ |
| ၅ | ဦးတင့်လွင် | ဦးတင့်လွင် | ၂၃၆ | ၂၀ | ၉၉ |
| ၆ | ဦးမောင်မောင်လွင် | ဦးမောင်မောင်လွင် | ၄၆ | ၁၉ | ၂၆၉ |
| ၇ | ဦးကြည်ဝင်း | ဒေါ်တင်တင်သိန်း | ၁၆၄ | ၂၀ | ၁၃၀ |
| ၈ | ဦးခင်မောင်စန်း | ဒေါ်ခင်မာကြည် | ၁၄၃၇ | ၂၁ | ၂၈၀ |
| ၉ | ဦးကျော်ဝင်း | ဦးလှအောင် | ၃၇၈(က) | ၂၀ | ၆၃ |
| ၁၀ | ဦးအောင်ဇင်လင်း | ဦးကြည်မိုး | -/၁၄၂၆ | ၂၂ | ၁၁ |
| ၁၁ | ဦးခင်မောင်ရွှေ | ဦးကျော်အေး | ၃၇၂ | ၂၀ | ၄၆ |
| ၁၂ | ဦးချမ်းသာ | ဦးနိုင်ဝင်း | ၂၅၇ | ၂၁ | ၁၀၁ |
| ၁၃ | ဦးကျော်ဟန် | ဦးသန်းလွင် | ၃၇၇(က) | ၂၁ | ၆၅ |
| ၁၄ | ဦးခင်မောင်မြင့် | ဒေါ်ဖြူကြည်သန့် | ၁၄၃၂ | ၂၁ | ၂၈၅ |
| ၁၅ | ဦးထွန်းအောင်ဖြူ | ဦးသန်းညွန့် | ၄၈(က) | ၁၉ | ၂၇၄ |
| ၁၆ | ဦးမော် | ဦးမြင့်ဆွေ၊ ဒေါ်ကြင်ကြင်မော် | ၁၁၆၄ | ၂၁ | ၂၀၀ |
| ၁၇ | ဦးလှထွန်းအောင် | ဦးသန်းလွင် | -/၃၇၆ | ၂၁ | ၆၆ |
| ၁၈ | ဦးသန်းဖေ | ဦးအောင်မြင့်ကြည် | -/၁၄၂၈ | ၂၂ | ၁၇ |
| ၁၉ | ဒေါ်ညွန့်ညွန့်သန်း | ဒေါ်မြင့်မြင့်လှိုင် | -/၂၂၁၄၃၃ | ၂၂ | ၂၆ |
| ၂၀ | ဒေါ်မြင့်မြင့်ရီ | ဦးမျိုးလင်း | ၁၁၇ | ၂၁ | ၁၅၅ |
| ၂၁ | ဦးတင်ငွေ | ဦးကီးလိန်း | ၃၉၇ | ၂၁ | ၄၃ |
| ၂၂ | ဦးစံသိန်း | ဦးသောင်းတင် | ၅၁၄ | ၂၁ | ၉ |
| ၂၃ | ဦးကျော်စွာ | ဦးမြအောင် | ၁၄၃၃ | ၂၁ | ၂၈၄ |
| ၂၄ | ဒေါ်သန်းအောင် | ဒေါ်မင်းမင်းထွန်း | ၂၈ | ၂၀ | ၁၅၀ |
| ၂၅ | ဦးစိန်ရိုး | ဒေါ်ခင်မျိုးလှိုင် | ၂၆ | ၂၀ | ၁၄၆ |
| ၂၆ | ဒေါ်စန်းစန်းမြင့် | ဒေါ်စန်းဝေဖြိုး | ၂၃၉ | ၂၀ | ၉၅ |
| ၂၇ | ဒေါ်လှိုင်လှိုင် | ဦးတင့်လွင် | ၂၃၇ | ၂၀ | ၉၈ |
| ၂၈ | ဦးဖိုးရွှေ | ဦးသန်းငွေအောင် | -၁၄၂၇ | ၂၂ | ၁၂ |
| ၂၉ | ဦးရဲကြည် | ဦးသန်းငွေအောင် | ၁၄၃၅ | ၂၂ | ၂၀ |
| ၃၀ | ဒေါ်တင်အေး | ဦးသန်းဝင်း | ၂၃၃ | ၂၀ | ၁၀၂ |
| ၃၁ | ဒေါ်ခင်သန်းမြင့် | ဒေါ်ခင်သန်းမြင့် | ၄၇(က) | ၁၉ | ၂၇၃ |
| ၃၂ | ဦးဖေချွန် | ဦးဖေချွန် | ၉၃ | ၂၀ | ၁၇၉ |
| ၃၃ | ဦးသန်းထွန်း | ဦးသန်းထွန်း | ၁၇၄ | ၂၀ | ၁၂၀ |
| ၃၄ | ဒေါ်ခင်ငွေမြင့် | ဒေါ်ခင်ငွေမြင့် | ၃၇၃ | ၂၀ | ၄၅ |
| ၃၅ | ဒေါ်သင်းသင်းရီ | ဒေါ်သင်းသင်းရီ | ၁၁၅၈ | ၂၁ | ၂၀၆ |
| ၃၆ | ဦးတင်ဖေ၊ဒေါ်တင်နွဲ့ | ဦးတင်ဖေ၊ဒေါ်တင်နွဲ့ | ၁၂၉၆ | ၂၁ | ၂၄၃ |
| ၃၇ | ဦးထွန်းစော | ဒေါ်သန်းလှ | ၅၂၃ | ၁၇ | ၂၁၀ |
| ၃၈ | ဒေါ်ကြည်အေး | ဦးသန်းထွန်းအောင် | ၄၅(က) | ၁၉ | ၂၇၁ |
| ၃၉ | ဒေါ်အုန်းဝင်း | ဦးသန်းထွန်းအောင် | ၄၆(က) | ၁၉ | ၂၇၂ |
| ၄၀ | ဒုတိယဗိုလ်မှူးကြီး ကျော်ဝင်း | ဒေါ်လှမြင့်ငွေ | ၁၃၃ | ၂၁ | ၁၄၀ |
| ၄၁ | ဒေါ်ညွန့်ရီ | ဒေါ်လှမြင့်ငွေ | ၁၃၆ | ၂၁ | ၁၃၇ |
| ၄၂ | ဦးတင်ရှိန် | ဦးဝင်းဦး | - ၃၈၀ | ၁၇ | ၁၆၄ |
| ၄၃ | ဦးကျော်စိုး | ဒေါ်ခင်သန်းနွဲ့မူ | - ၃၇၇ | ၁၇ | ၁၅၉ |
| ၄၄ | ဦးစိန်ဝင်း | ဦးစန်းမြင့် | ၂၈၈ | ၂၀ | ၈၉ |
| ၄၅ | ဦးဇော်ဝင်း | ဦးစန်းမြင့် | ၂၈၉ | ၂၀ | ၈၈ |
| ၄၆ | ဦးငွေသိန်း | ဦးမောင်မောင်ကြီး | ၅၃၂ | ၁၇ | ၂၂၀ |
| ၄၇ | ဦးကြည်လင်း | ဦးညွန့်တင် | ၁၁၃၃ | ၂၁ | ၁၈၇ |
| ၄၈ | ဦးထင်သာစိုး | ဒေါ်ရီထွေး | - ၁၁၆၈ | ၂၂ | ၂ |
| ၄၉ | ဒေါ်စိုးစိုးအေး | ဦးဝင်းမြင့် | ၁၄၃၆ | ၂၁ | ၂၈၁ |
| ၅၀ | ဒေါ်လှဲ့လှဲ့ငွေ | ဦးဝင်းမြင့် | ၁၄၃၈ | ၂၁ | ၂၇၉ |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မကွေးမြို့**

# မြဝတီတံတားအမှတ်(၂)မှ မြန်မာရွှေ့ပြောင်းလုပ်သား ၈၁၃ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇူလိုင် ၄

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၈၁၃ ဦး မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသောလိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်၊မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ယနေ့ ဇူလိုင် ၄ ရက်အထိ စုစုပေါင်း ၄၀၃၆၀ ဦး ပြန်လည် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၄၅၇ ဦး၊ အမျိုးသမီး ၃၅၆ ဦး စုစုပေါင်း ၈၁၃ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)



မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှ ပြန်လည် ဝင်ရောက်လာကြသူများကို တွေ့ရစဉ်။

## ကိုဗစ်-၁၉ ကာလအတွင်း ရုပ်ရှင်၊ ရုပ်သံ ရိုက်ကူးရေးလုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ရိုက်ကူးနိုင်ရေး သရုပ်ပြရိုက်ကူးပြသမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ရောဂါနှိမ်နင်းရေး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သန္တာလွင်နှင့် တာဝန်ရှိသူများ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရုပ်ရှင်မြှင့်တင်ရေးစင်တာ စတူဒီယို (၁)၌ ရိုက်ကူးရေး ဆောင်ရွက်မည့်ပုံစံများအား ကြည့်ရှုစစ်ဆေးစဉ်။

ရန်ကုန် ဇူလိုင် ၄

ကိုဗစ်-၁၉ ကာလအတွင်း ရုပ်ရှင်၊ ရုပ်သံ ရိုက်ကူးရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီရိုက်ကူးနိုင်ရေး သရုပ်ပြရိုက်ကူးပြသမှုကို ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရောဂါနှိမ်နင်းရေး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန္တာလွင်နှင့် တာဝန်ရှိသူများသည် နံနက် ၁၀ နာရီမှစ၍ မရမ်းကုန်းမြို့နယ် ရေကူးအသံလွှင့်ရုံအတွင်းရှိ Forever Group ၏ မိတ်ကပ်ခန်း၊ စတူဒီယိုအခန်းများ၊ တည်းဖြတ်ဌာန၊ ဝန်ထမ်းစားရိပ်သာ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရွှေပင်လုံအိမ်ရာ အပိုင်း(၄)ရှိ Forever Group ၏ ရိုက်ကူးရေးဌာန၊ စတူဒီယိုအခန်းများ၊ အတွင်းအပြင်ရိုက်ကူးမည့် နေရာများ၊ ဗဟန်းမြို့နယ် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာရှိ စတူဒီယို(၁)၌ သရုပ်ပြရိုက်ကူးမှုများ၊

*စာမျက်နှာ ၉ ကော်လံ ၁ ❇*

## အကြမ်းဖက်မှုဆန့်ကျင် တိုက်ဖျက်ရေးဥပဒေကို ဖိလစ်ပိုင်သမ္မတ လက်မှတ်ရေးထိုး

*စာမျက်နှာ - ၁၃*

## ကိုဗစ် - ၁၉ မင်းမူနေတဲ့ကာလမှာ ရုပ်ရှင်ရိုက်ကူးရေးတွေ ဘယ်လိုပြန်စကြမလဲ

*စာမျက်နှာ - ၁၄*

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၄-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

*စာမျက်နှာ - ၁၅*

## မာတင်နယ်လီအား ကာလရှည်စာချုပ်သစ် အာဆင်နယ် ချုပ်ဆို



အာဆင်နယ်အသင်းမှ တိုက်စစ်ကစားသမားတစ်ဦး ဖြစ်သူ ဂါဘရီရယ် မာတင်နယ်လီသည် အာဆင်နယ် အသင်းနှင့်အတူ ကာလရှည်စာချုပ်သစ်တစ်ရပ် ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မာတင်နယ်လီသည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဘရာဇီး ကလပ် Ituano အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ယခုနှစ်ဘောလုံး ရာသီတွင် အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲ အရပ်ရပ် ၂၆ ပွဲ ပါဝင်ကစားထားပြီး ၁၀ ဂိုးသွင်း ယူပေးထားနိုင်ကြောင်း သိရသည်။ ၎င်းသည် အာဆင်နယ်အသင်းနှင့်အတူ တစ်နှစ်သက်တမ်း တိုးခွင့်အပါအဝင် လေးနှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အသက် ၁၉ နှစ် အရွယ်သာရှိသေးသည့် မာတင်နယ်လီ၏ အာဆင်နယ်အသင်းနှင့် ကာလ ရှည်စာချုပ်သစ်ချုပ်ဆိုမှုကို အသင်းဖော် ဘာကာ ယို ဆာကာ အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုပြီးနောက် ၄၈ နာရီအကြာတွင် ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။ နည်းပြအာတီတာက မာတင်နယ်လီအား စာချုပ်သစ် ချုပ်ဆိုလိုက်နိုင်ပြီး နောက် "ကျွန်တော် အလွန်ပျော်ပါတယ်။ မာတင် နယ်လီအနေဖြင့် အာဆင်နယ်အသင်းနဲ့ ကာလရှည် စာချုပ်သစ်ချုပ်ဆိုနိုင်ခဲ့လို့ သူက အရည်အသွေး ရှိတဲ့ လူငယ်ကစားသမားတစ်ယောက်ပါ။ ပြီးတော့ အသင်းနဲ့အတူ သူ့ရဲ့စွမ်းဆောင်ရည်တွေ၊ လုပ်အားနှုန်းတွေ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေ တိုးတက်လာခဲ့တယ်" ဟု ပြောသည်။

မာတင်နယ်လီသည် ပြီးခဲ့သည့်လပိုင်း၌ လေ့ကျင့်ရေးအစီအစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ သောကြောင့် ခွဲစိတ်ကုသမှုခံယူ ပြီးနောက် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီ၏ ကျန်ရှိနေသေးသည့် ပွဲစဉ်များကို

*စာမျက်နှာ ၁၁ ကော်လံ ၁ ●*